# ကြေးမုံ

# The Mirror Daily

၁၉၅၇ ဧပြီ ၁၆ တွင် စတင်တည်ထောင်သည်။

Established in 1957

၁၃၈၅ ခုနှစ်၊ နယုန်လဆန်း ၁၂ ရက်၊ အင်္ဂါနေ့။ Tuesday, 30 May 2023 ၁၁၁၁၁


**ကြီးမားသောအကျိုးကိုရနိုင်**

အကြောင်းတစ်ခုခုကြောင့် ငယ်စဉ်က ကုသိုလ်ကောင်းမှုပြုရန် မေ့လျော့နေခဲ့သော်လည်း နောင်ကြီးပြင်းလာသောအခါ သူတော်ကောင်းပညာရှိတို့၏ အဆုံးအမကိုရ၍ မမေ့မလျော့ဘဲ ကောင်းမှုကုသိုလ်ပြုခြင်းဖြင့် ကြီးမားသော မဂ်ဖိုလ်အကျိုးကို ရနိုင်၏။ ထိုသို့ ပြုနိုင်ခြင်းကို မြတ်စွာဘုရားသည် ချီးမွမ်းတော်မူ၏။

လောကဝင်(ဓမ္မပဒ-၁၇၂)

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅)ရပ်

၁။ ပြည်သူတို့၏ လူမှုစီးပွားဘဝလုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိစေရန် အလေးထားလုပ်ဆောင်မည်။

၂။ တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးအတွက် ပြည်သူလူထုဗဟိုပြု ဖွံ့ဖြိုးရေးလုပ်ငန်းများကို လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်စေရန် ဆောင်ရွက်သွားမည်။

၃။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေး လုပ်ငန်းစဉ်များကို ဆက်လက်ဆောင်ရွက်သွားမည်။

၄။ တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၅။ အရေးပေါ်ကာလဆိုင်ရာပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈)နှင့်အညီ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီအား ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အား လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများ အောင်မြင်အောင် ဆောင်ရွက်ခြင်းဖြင့် ဒေသနှင့် တိုင်းပြည်၏ စီးပွားရေးသည်လည်း ဖွံ့ဖြိုးတိုးတက်လာမည်

## ပအိုဝ်းဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် ဒေသအတွင်းနေထိုင်ကြသူများ ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ခင်းကျင်းပြသထားသည့် ဒေသထွက်ကုန်ပစ္စည်းများကို ကြည့်ရှုလေ့လာစဉ်။

**နေပြည်တော် မေ ၂၉**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ယနေ့မွန်းလွဲပိုင်းတွင် ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသအတွင်းရှိ အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေး(MSME) လုပ်ငန်းရှင်များအား ဟိုပုံးမြို့ရှိ ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသခန်းမ၌ တွေ့ဆုံ၍ ဒေသဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာများနှင့် စီးပွားရေးလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာများကို ဆွေးနွေးပြောကြားသည်။

**တက်ရောက်**

အဆိုပါ တွေ့ဆုံပွဲသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်အတူ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဝင် ဦးခွန်စံလွင်၊ ပြည်ထောင်စုဝန်ကြီးများ၊ ရှမ်းပြည်နယ်ဝန်ကြီးချုပ်၊ ညှိနှိုင်းကွပ်ကဲရေးမှူး(ကြည်း၊ ရေ၊ လေ) ဗိုလ်ချုပ်ကြီး မောင်မောင်အေးနှင့် ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများ၊ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ်တိုင်းမှူးနှင့် တာဝန်ရှိသူများ၊ ပြည်နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ စီမံအုပ်ချုပ်ရေးအဖွဲ့မှ တာဝန်ရှိသူများ၊ မြို့မိမြို့ဖများ၊ အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေး(MSME) လုပ်ငန်းရှင်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

**စာမျက်နှာ ၃ ကော်လံ ၁ သို့ ❖**


**ယနေ့ ဖတ်စရာ**

**ဗိုလ်တထောင် ကျိုက်ဒေးအပ်ဆံတော်ဦးစေတီတော် စိန်ရတုအထိမ်းအမှတ် ပိဋကတ်သုံးပုံအား ဆင်ရတနာဖြင့် လှည့်လည်ပူဇော်မည်** စာမျက်နှာ » ၂

**မိုခါမုန်တိုင်းဒဏ်သင့်ပြည်သူများအတွက် ရန်ပုံငွေပဒေသာဖျော်ဖြေပွဲကြီး စည်ကားသိုက်မြိုက်စွာ ကျင်းပနိုင်ရန် ဌာနဆိုင်ရာများနှင့် ညှိနှိုင်းဆွေးနွေး** စာမျက်နှာ » ၁၁

ကြေးမုံ

# နိုင်ငံတော်နှင့်ပြည်သူအကျိုးပြု အစားထိုးစွမ်းအင်အသုံးပြု

မြန်မာ(နေပြည်တော်) – တရုတ်(လင်ချန်း) စီးပွားရေးကုန်စည်ပြပွဲကြီးကို မေလ ၂၅ ရက်နေ့မှ ၂၈ ရက်နေ့အထိ နေပြည်တော် မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန(၂)တွင် လေးရက်ကြာကျင်းပခဲ့ရာ စီးပွားရေးလုပ်ငန်းရှင်များ၊ ဌာနဆိုင်ရာဝန်ထမ်းများနှင့် ပြည်သူများ စိတ်ပါဝင်စားစွာ လေ့လာကြည့်ရှုခဲ့ကြသည်။ ကုန်စည်ပြပွဲတွင် နှစ်နိုင်ငံထုတ်ကုန်ပစ္စည်းအမျိုးမျိုးကို ပြသခဲ့ကြသည့်အနက် လျှပ်စစ်ယာဉ်နှင့်ပတ်သက်၍ အထူးစိတ်ဝင်စားကြသည်ကိုတွေ့ရသည်။

တရုတ်နိုင်ငံမှ ကုန်သည်လုပ်ငန်းရှင်များ၏ ပြခန်းများတွင် Electric Vehicle (EV) မော်တော်ယာဉ်၊ မော်တော်ဆိုင်ကယ်၊ သုံးဘီးဆိုင်ကယ်၊ လျှပ်စစ်စက်ဘီးနှင့် ဆီသုံးဆိုင်ကယ်တို့ကို ပြပွဲသို့လာရောက်ကြသော စီးပွားရေးလုပ်ငန်းရှင်များနှင့် ပြည်သူများအနေဖြင့် ပိုမိုစိတ်ဝင်စားကြသည်။ မြန်မာနိုင်ငံတွင် နိုင်ငံတော်အကြီးအကဲ၏လမ်းညွှန်မှုဖြင့် ယမန်နှစ်ကတည်းက လျှပ်စစ်မော်တော်ယာဉ်များ တင်သွင်းအသုံးပြုနိုင်ရေးကို အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ရာ ယခုအခါ နိုင်ငံအတွင်းသို့ လျှပ်စစ်မော်တော်ယာဉ်များ အဆက်မပြတ် တင်သွင်းလျက်ရှိပြီး အဆိုပါယာဉ်များ အားဖြည့်သွင်းရန် အားသွင်းစက်များ၊ စတေရှင်များ တင်သွင်းစီမံပေးထားပြီဖြစ်သည်။

မြန်မာနိုင်ငံတွင် လျှပ်စစ်မော်တော်ယာဉ်စီမံကိန်းကို စတင်အကောင်အထည်ဖော်နိုင်ပြီဖြစ်သော်လည်း လတ်တလောတင်သွင်းထားသည့်ယာဉ်များအနေဖြင့် တန်ဖိုးမြင့်မားခြင်းနှင့် လျှပ်စစ်ယာဉ်နှင့်ပတ်သက်၍ လက်ခံမှုလိုအပ်ချက်များကြောင့် ကျယ်ကျယ်ပြန့်ပြန့် တွင်တွင်ကျယ်ကျယ် မဖြစ်ပေါ်လာသေးပေ။ မြန်မာနိုင်ငံ၏ မော်တော်ယာဉ်ဈေးကွက်အနေဖြင့် အများပြည်သူ ဝယ်ယူအသုံးပြုနိုင်ရန် တန်ဖိုးသင့်တင့်သော လျှပ်စစ်ယာဉ်များဖြင့် စတင်ခြင်းဖြင့် ရည်မှန်းချက်သို့ လျင်လျင်မြန်မြန် ရောက်ရှိနိုင်မည်ဟု မျှော်လင့်ပါသည်။ နေပြည်တော်၌ ပြသခဲ့သည့် ကုန်စည်ပြပွဲတွင် တန်ဖိုးနည်းလျှပ်စစ်မော်တော်ယာဉ်များနှင့်ပတ်သက်၍ စတင်မိတ်ဆက်ပေးလိုက်သည်ကိုတွေ့ရသည်။

တရုတ်နိုင်ငံမှ လာရောက်ပြသ အရောင်းမိတ်ဆက်သည့် လျှပ်စစ်မော်တော်ယာဉ်သည် အကြမ်းဖျင်းဈေး သိန်းတစ်ရာကျော်ခန့်ဝန်းကျင်ရှိပြီး အမြန်နှုန်း ၅၅ ကီလိုမီတာ၊ ၎င်းယာဉ်ကို အားသွင်းလျှင် မိမိနေအိမ်ရှိ အိမ်သုံးပါဝါ ၂၂၀ ဖြင့် အားသွင်းနိုင်ကာ အားသွင်းကြာမြင့်ချိန် သုံးနာရီမှ ခြောက်နာရီခန့် ကြာမြင့်သည်ဟုသိရသည်။ ထို့အပြင် အခြားလျှပ်စစ်မော်တော်ယာဉ်တို့မှာလည်း အကြမ်းဖျင်းကျပ်သိန်း ၈၀၊ ၆၅ သိန်းခန့်ရှိပြီး ယာဉ်အရောင်အမျိုးမျိုးရှိသည်။ လျှပ်စစ်သုံးဘီးဆိုင်ကယ်မှာ အကြမ်းဖျင်း ကျပ် ၃၂ သိန်းခန့်ရှိပြီး တန်ချိန် တစ်တန်ခွဲတင်နိုင်ကာ ဟိုက်ဒရောလစ်စနစ်ပါဝင်သည်။ လျှပ်စစ်ဆိုင်ကယ်များမှာ အားသွင်းချိန် နှစ်နာရီခန့်ဖြင့် မိုင် ၃၀ ခန့် မောင်းနှင်နိုင်သည်ဟုသိရသည်။ ကုမ္ပဏီအနေဖြင့် မကြာမီ မြန်မာပြည်ဈေးကွက်၌ ရောင်းချသွားမည်ဖြစ်ရာ လက်ရှိတွင် အစမ်းမောင်းနှင်ခွင့်ပြုသဖြင့် လေ့လာသူပြည်သူများ စိတ်ဝင်စားကြသည်။

မြန်မာနိုင်ငံတွင် လောင်စာဆီစွမ်းအင်အစားထိုး လျှပ်စစ်မော်တော်ယာဉ်များ အသုံးပြုခြင်းဖြင့် ပြည်ပမှ လောင်စာဆီဝယ်ယူတင်သွင်းနေရသည့် နိုင်ငံခြားသုံးငွေ လျော့နည်းသက်သာစေခြင်း၊ လောင်စာဆီသုံးယာဉ်များအသုံးပြုခြင်းကြောင့် ကာဗွန်ဒိုင်အောက်ဆိုက်ဓာတ်ငွေ့ ပေါ်ထွက်လာသဖြင့် လူ၊ သတ္တဝါနှင့်သစ်ပင်များ ပျက်စီးထိခိုက်မှုမှ ကင်းလွတ်စေခြင်း၊ လျှပ်စစ်ယာဉ်များသည် အင်ဂျင်ယာဉ်များကဲ့သို့ ဆူညံသံမဖြစ်ပေါ်စေခြင်းနှင့် မောင်းနှင်ရန်လိုအပ်သည့်စွမ်းအင်ရရှိစေရေး စုဖွဲ့တည်ဆောက်ထားသည့် အစိတ်အပိုင်းအုပ်စုပါဝင်မှုနည်းပါးပြီး လွယ်ကူရှင်းလင်းပေ့ါပါးသည့်အတွက် အင်ဂျင်ယာဉ်များကဲ့သို့ ရှုပ်ထွေးများပြားလေးလံသည့် အစိတ်အပိုင်းများလျော့နည်းခြင်း၊ ပျက်စီးချွတ်ယွင်းမှုနည်းပါးပြီး ပြုပြင်ထိန်းသိမ်းရန်လွယ်ကူသဖြင့် ကုန်ကျစရိတ်လျော့နည်းသက်သာစေခြင်း စသည့် အကျိုးကျေးဇူးများရှိသည်။

ထို့အပြင် လျှပ်စစ်ယာဉ်သည် ပေ့ါပါးသဖြင့် အရှိန်ဖြင့်မောင်းနှင်လျှင် တိမ်းမှောက်နိုင်သည်ဟု အထင်အမြင်လွဲမှားနေကြသည်။ ကမ္ဘာမြေဗဟိုချက်ဆွဲငင်အားနှင့် ယာဉ်ပေ့ါပါးမှုကြောင့် အရှိန်ဖြင့်မောင်းနှင်ရာတွင် တိမ်းမှောက်မှုမရှိပေ။ အင်ဂျင်ယာဉ်သည် ဘရိတ်နင်းပြီး ရပ်တန့်ရာတွင် ဘရိတ်ရှူးနှင့်ဘီးများ ပွတ်တိုက်စားခြင်း ဖြစ်ပေါ်စေသည်။ လျှပ်စစ်ယာဉ်သည် စက်ရှိန်သတ်ရပ်သဖြင့် ကားဘီးများ ပွတ်စားမှုလျော့နည်းပြီး သက်တမ်းကြာရှည်ခံသောကြောင့် ကုန်ကျစရိတ်လျော့နည်းခြင်းနှင့် ဈေးကြီးသည့် နိုင်ငံခြားဖြစ် စက်သုံးဆီအပြင် အင်ဂျင်ဝိုင်အစရှိသည့် ချောဆီများ မလိုအပ်တော့သဖြင့် ကုန်ကျစရိတ်များစွာသက်သာစေသည်။ လျှပ်စစ်ယာဉ်ကို အဓိကစွမ်းအားဖြည့်ပေးသည့် ဘက်ထရီမှာ ဈေးနှုန်းမြင့်သော်လည်း နည်းပညာမြင့်တက်လာသည်နှင့်အမျှ ဈေးလျော့လာပြီး အရည်အသွေးတက်လာမည်ဖြစ်သည်။

သို့ဖြစ်ရာ နိုင်ငံတော်က ချမှတ်ပေးသည့် လျှပ်စစ်သုံးယာဉ်မူဝါဒအတိုင်း သက်ဆိုင်ရာတို့က စေတနာထား၍ ပေါင်းစပ်အကောင်အထည်ဖော်ခြင်းဖြင့် နိုင်ငံတော်နှင့်ပြည်သူများအတွက် အကျိုးများသောလောင်စာဆီအစားထိုး လျှပ်စစ်မော်တော်ယာဉ်စီမံကိန်းကြီး ရုပ်လုံးပေါ်လာမည်ဖြစ်ပါကြောင်း။ ။



ရန်ကုန်မြို့နေ ဦးစိုးသိန်း – ဒေါ်ခင်ချိုအုန်း မိသားစုက ရခိုင်ပြည်နယ် မိုခါမုန်တိုင်းဒဏ်သင့် ဘုန်းကြီးကျောင်းများနှင့် သီလရှင်ကျောင်းများအတွက် လိုအပ်သော သင်္ကန်း၊ ထီး၊ ဖိနပ်၊ သပိတ်၊ ဆွမ်းခွက်၊ သီလရှင်ဝတ်စုံ အစုံ ၁၃၀၀ ကျော်ကို လှူဒါန်းရန် မေ ၂၉ ရက်တွင် နေအိမ်အတွင်း ထုပ်ပိုးပြင်ဆင်နေကြစဉ်။ သတင်းစဉ်

## ဗိုလ်တထောင် ကျိုက်ဒေးအပ်ဆံတော်ဦးစေတီတော် စိန်ရတုအထိမ်းအမှတ် ပိဋကတ်သုံးပုံအား ဆင်ရတနာဖြင့် လှည့်လည်ပူဇော်မည်

ရန်ကုန် မေ ၂၉

ဗိုလ်တထောင် ကျိုက်ဒေးအပ်ဆံတော်ဦးစေတီတော်အား ဒုတိယကမ္ဘာစစ်အပြီး ပြန်လည်တည်ထားကိုးကွယ်ခဲ့သည်မှာ (၇၅)နှစ်ပြည့် စိန်ရတုအထိမ်းအမှတ် ဓမ္မပူဇာအဖြစ် အင်္ဂလိပ်ဘာသာပြန် ပိဋကတ်သုံးပုံအား ဆင်ရတနာဖြင့် စေတီတော်ကားပတ်လမ်းအတိုင်း လက်ယာရစ်လှည့်လည်ပူဇော်၍ ဆရာတော်ကြီးများထံ ဆက်ကပ်လှူဒါန်းပွဲကို ဇွန် ၁ ရက် နံနက် ၈ နာရီတွင် နန်းဦးဘုရားကြီးတန်ဆောင်း၌ ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါပူဇော်ပွဲတွင် မေ ၂၈ ရက်မှ ဇွန် ၁ ရက်ထိ အသံမစဲမဟာပဋ္ဌာန်းတော်ကြီး ရွတ်ဖတ်ပူဇော်ခြင်း၊ ဇွန် ၁ ရက်တွင် အင်္ဂလိပ်ဘာသာပြန် ပိဋကတ်သုံးပုံအား ဆင်ရတနာဖြင့် ပင့်ဆောင်၍ စေတီတော်ကြီးရှေ့ပတ်လမ်းမှ လက်ယာရစ်လှည့်လည်ပူဇော်ခြင်း၊ ဗုဒ္ဓပူဇာ၊ သံဃပူဇာအဖြစ် ဇွန် ၂ ရက်တွင် ဆရာတော်၊ သံဃာတော် ၇၅ ပါးဖြင့် ဗုဒ္ဓါဘိသေက အနေကဇာတင်ပူဇော်ခြင်း၊ ပန်း၊ ရေချမ်း၊ ဆီမီး၊ အမွှေးနံ့သာ၊ ဆွမ်း၊ သစ်သီးများ ကပ်လှူပူဇော်ခြင်း၊ ဆွမ်းဆန်စိမ်းလောင်းလှူခြင်းတို့ ပြုလုပ်သွားမည်ဖြစ်ကြောင်း သိရသည်။

လင်းရာမ

## မိုင်းရယ်မြို့၌ စုပေါင်း သစ်ပင်စိုက်ပျိုးပွဲ ကျင်းပ

မိုင်းရယ် မေ ၂၉

ရှမ်းပြည်နယ်(မြောက်ပိုင်း) မိုင်းရယ်မြို့နယ်၌ မိုးရာသီအကြို သစ်ပင်စိုက်ပျိုးပွဲကို ယမန်နေ့က မိုင်းရယ်– ကျေးသီးလမ်းဘေးနေရာ၌ ကျင်းပသည်။

သစ်ပင်စိုက်ပျိုးပွဲတော်၌ နယ်မြေခံတပ်နယ်မှ တပ်ရင်းမှူး ဒုတိယဗိုလ်မှူးကြီး တင်မောင်ဝင်း၊ တာဝန်ရှိသူများ၊ ရပ်မိရပ်ဖနှင့် ပြည်သူများက မဲဇလီ ၂၀၀၊ ခါတော်မီ ၁၅၀၊ ရေသင်းဝင် ၅၀၊ ယမနေ ၂၀၀ နှင့် ကျွန်း ၅၀၊ ပန်းဝါ ၅၀ စုစုပေါင်း သစ်ပင် ၇၀၀ ကို စုပေါင်းစိုက်ပျိုးခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

## ရန်ကုန်စတော့အိတ်ချိန်းဈေးကွက်

၂၉-၅-၂၀၂၄

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၈,၁၀၀ | ၈,၁၀၀ | ၄၅၀ | ၃,၆၄၅,၀၀၀ |
| MTSH | ၂,၉၅၀ | ၂,၉၅၀ | ၅၀၉ | ၁,၅၀၁,၅၅၀ |
| MCB | ၇,၄၀၀ | ၇,၄၀၀ | ၂၅ | ၁၈၅,၀၀၀ |
| FPB | ၁,၄၀၀ | ၁,၄၅၀ | ၃၅၅ | ၅၁၃,၅၅၀ |
| TMH | ၂,၄၀၀ | ၂,၄၀၀ | ၀ | ၀ |
| EFR | ၂,၅၀၀ | ၂,၅၀၀ | ၁၄၁ | ၃၅၄,၄၀၀ |
| AMATA | ၅,၀၀၀ | ၅,၀၀၀ | ၂၀ | ၁၀၀,၀၀၀ |

ရန်ကုန်စတော့အိတ်ချိန်းမှ ရယူသည်။

ကြေးမုံ

စာတည်းမှူးချုပ် – ဦးစိုးစိုးနိုင်
စာတည်းမှူး – ဦးဝင်းနိုင်
စာတည်းများ – ဦးစန်းအောင်၊ ဦးအေဝမ်းစိုး၊ ဒေါ်ခင်ခင်သက်၊ ဒေါ်ယုဝါဝါ၊ ဒေါ်သီသီမင်း၊ ဦးဟိန်းထက်လင်း၊ ဦးသက်ထွေး
ဘာသာပြန် – ဦးနိုင်လင်းကြည်၊
စာတည်းများ ဦးအောင်ကျော်ကျော်၊ ဦးစိုးသူရ
အကြီးတန်း သတင်းထောက်များ – ဦးစိုးအောင်၊ ဒေါ်စန်းယဉ်ဥ၊ ဒေါ်နေဇာဇာထွန်း၊ ဒေါ်ခင်မို့မို့အောင်၊ ဒေါ်ခင်မျိုးနိုင်၊ ဒေါ်မာမာစိုး
အငယ်တန်း သတင်းထောက်များ – ဦးအောင်ကျော်ဦး၊ ဦးအောင်ကျော်ဝင်း၊ ဦးသန်းတင်အောင်
သုတေသန – ဒေါ်ဇင်မာဝင့်
စာပြင် – ဒေါ်နှင်းယုလှိုင်နှင့်အဖွဲ့
စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း – ဦးခိုင်ဝင်းနှင့်အဖွဲ့
အီးမေးလ်နှင့် အွန်လိုင်း – ဦးစည်သူလွင်နှင့်အဖွဲ့

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊ ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့် ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။
themirror.npt@gmail.com
www.facebook.com/themirrordaily
နေပြည်တော် – စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၁
ရန်ကုန်ရုံးခွဲ – အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန်နေဂျာ – ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁

❖ ရှေ့ဖုံးမှ

**MSME လုပ်ငန်းများ ဆောင်ရွက်လျက်ရှိမှုနှင့် လိုအပ်ချက်များအား တစ်ဦးချင်းတင်ပြဆွေးနွေး**

ဦးစွာ ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးခွန်ရဲထွေးက နယ်မြေဒေသဆိုင်ရာ အခြေအနေများ၊ နိုင်ငံ့စီးပွားမြှင့်တင်ရေး ရန်ပုံငွေဖြင့် စိုက်ပျိုး၊ မွေးမြူရေးလုပ်ငန်းများ ဆောင်ရွက်ထားရှိမှုနှင့် ဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်လျက်ရှိမှု၊ ရင်းနှီးမြှုပ်နှံမှုချေးငွေများ ထုတ်ချေးပေးထားမှု၊ MSME လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်လျက်ရှိမှု၊ အာလူးအအေးခန်း စက်ရုံတည်ဆောက်ထားရှိမှု၊ ဆက်လက်တိုးချဲ့ တည်ဆောက်နိုင်ရေး ဆောင်ရွက်လျက်ရှိမှု၊ သဘာဝမြေသြဇာ ထုတ်လုပ်ရေးစက်ရုံ တည်ဆောက်လျက်ရှိမှု၊ ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသမှ ထွက်ရှိသည့် စိုက်ပျိုးရေးထွက်ကုန်ပစ္စည်းများကို ပြည်တွင်းပြည်ပသို့ တင်ပို့ရောင်းချနေမှု၊ တန်ဖိုးမြှင့်ထုတ်ကုန်များ ထုတ်လုပ်နိုင်ရေး စီမံဆောင်ရွက်လျက်ရှိမှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ထို့နောက် ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဦးအောင်ဇော်အေးက ရှမ်းပြည်နယ်အတွင်း အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေး(MSME)လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်လျက်ရှိမှု၊ ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသအတွင်း MSME လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေမှ ရင်းနှီးမတည်ငွေများ ထုတ်ချေးပေးထားမှု၊ ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသအတွင်း စိုက်ပျိုး၊ မွေးမြူရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိမှုနှင့် အကျိုးအမြတ်ရရှိမှုတို့နှင့် ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

ယင်းနောက် တက်ရောက်လာကြသည့် MSME လုပ်ငန်းရှင်များက ဆွေးနွေးတင်ပြကြရာတွင် ဟိုပုံးမြို့နယ် ဆန်စက်လုပ်ငန်းရှင်များအသင်းဥက္ကဋ္ဌ ဦးရန်နိုင်ဦး၊ နောင်ခမ်းကော်ဖီအစုအဖွဲ့ လုပ်ငန်းရှင် ဒေါ်နန်းခမ်းနိုး၊ ရွှေအောင်မြေပင်မှည့်သီးနှံအစုအဖွဲ့ လုပ်ငန်းရှင် ဦးအောင်ငွေးဦး၊ မြစိမ်းရောင်လက်ဖက်ခြောက်နှင့် လက်ဖက်ဝိုင်လုပ်ငန်းတာဝန်ခံ ဦးအောင်သူ၊ နောင်တရား အာလူးစိုက်ပျိုးရေးနှင့် အထွေထွေစီးပွားရေးလုပ်ငန်း သမဝါယမအသင်းဥက္ကဋ္ဌ ဦးခွန်ဆန်းဦးနှင့် လုပ်ငန်းရှင်များက ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသအတွင်း ကော်ဖီစိုက်ဧကတိုးမြှင့်နိုင်ရေးနှင့် ကော်ဖီလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် နိုင်ငံတော်မှ ချေးငွေဆောင်ရွက်ပေးစေလိုမှု၊ အာလူးအအေးခန်းစက်ရုံ ထပ်မံတည်ဆောက်ရန် လိုအပ်လျက်ရှိမှု၊ သဘာဝဓာတ်မြေသြဇာများ ထုတ်လုပ်လျက်ရှိမှုနှင့် စက်ရုံ တိုးချဲ့ဆောင်ရွက်လိုမှု၊ ဘိလပ်မြေထုတ်လုပ်မှု လုပ်ငန်းများ တိုးတက်စေရေးအတွက် စက်ရုံတိုးချဲ့မှုများ ဆောင်ရွက်ရန် ရင်းနှီးမြှုပ်နှံမှုချေးငွေများ ထုတ်ချေးပေးစေလိုမှု၊ ကုန်ထုတ်လုပ်ငန်းများအတွက် လိုအပ်လျက်ရှိသည့် လျှပ်စစ်မီး လိုအပ်ချက်များကို ဖြည့်ဆည်းပေးစေလိုမှုနှင့် ဒေသဖွံ့ဖြိုးရေးအတွက် လိုအပ်ချက်များကို အသီးသီးတင်ပြဆွေးနွေးကြရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က လိုအပ်သည်များ ပြန်လည်မေးမြန်း ဆွေးနွေးပြောကြားသည်။




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသအတွင်းရှိ အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေး(MSME) လုပ်ငန်းရှင်များအား တွေ့ဆုံ၍ ဒေသဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာများနှင့် စီးပွားရေးလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာများကို ဆွေးနွေးပြောကြားစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ခင်းကျင်းပြသထားသည့် ဒေသထွက်ကုန်ပစ္စည်းများကို ကြည့်ရှုလေ့လာစဉ်။

**ပြည်ထောင်စုဝန်ကြီးများက သက်ဆိုင်ရာကဏ္ဍအလိုက် ပြန်လည်ရှင်းလင်းဆွေးနွေး**

ဆက်လက်ပြီး လုပ်ငန်းရှင်များ၏ တစ်ဦးချင်း ရှင်းလင်းတင်ပြမှုများနှင့် ပတ်သက်၍ ပြည်ထောင်စုဝန်ကြီးများက ဝန်ကြီးဌာနအလိုက် လုပ်ငန်း အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိမှု၊ နိုင်ငံတော်အနေဖြင့် ချေးငွေများကို ခေါင်းစဉ်အမျိုးမျိုးဖြင့် ထုတ်ချေးပေးထားပြီး ၎င်းချေးငွေများ ပြန်လည်ရရှိမှသာလျှင် ရင်းနှီးမတည်ငွေများ ပြန်လည်ထုတ်ပေးနိုင်မည်ဖြစ်သဖြင့် မှန်မှန်ကန်ကန်ဖြင့် ဆောင်ရွက်ရန်လိုအပ်မှု၊ လုပ်ငန်းများအတွက် ချေးငွေများရရှိလိုမှုနှင့် ပတ်သက်၍ လုပ်ငန်းရှင်များအနေဖြင့် ဥပဒေလုပ်ထုံးလုပ်နည်းများနှင့်အညီ တင်ပြလျှောက်ထားနိုင်ပြီး မှန်မှန်ကန်ကန်ဆောင်ရွက်ရန်လိုအပ်မှု၊ လုပ်ငန်းတိုးချဲ့ဆောင်ရွက်နိုင်ရေးတို့ အတွက် လုပ်ငန်းအလိုက် အတိုးနှုန်းသက်သာသည့် ချေးငွေများရရှိနိုင်ရေး ဆောင်ရွက်ပေးလျက်ရှိမှု၊ ချေးငွေများ ရယူပြီးပါက လုပ်ငန်းများ အောင်မြင်အောင် ဆောင်ရွက်ပြီး သတ်မှတ်ကာလအတွင်း ပြန်လည်ပေးဆပ်သွားရန် လိုအပ်မှု၊ ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ကျေးလက်နေ ပြည်သူများ၏ လူမှုစီးပွားဘဝ မြင့်မားစေရေး၊ ဝင်ငွေတိုးပွားစေရေးတို့အတွက် သမဝါယမအသင်းအဖွဲ့များစုဖွဲ့၍ လိုအပ်သည့် စက်ကိရိယာများ၊ အရင်းအနှီးများ မတည်ဆောင်ရွက်ပေးလျက်ရှိမှု၊ မျိုးကောင်းမျိုးသန့်များရရှိရေး၊ သွင်းအားစုများရရှိရေးအတွက်လည်း ဆောင်ရွက်ပေးလျက်ရှိသဖြင့် သက်ဆိုင်ရာဝန်ကြီးဌာနများလက်အောက်ရှိ နယ်မြေခံဦးစီးဌာနများမှတစ်ဆင့် ဆက်သွယ်ဆောင်ရွက်နိုင်မှု၊ ဟိုပုံးမြို့နယ်၌ သစ်တောဖုံးလွှမ်းမှု ရာခိုင်နှုန်း ယခင်ကထက် တိုးတက်လာသည်ကို တွေ့ရှိရပြီး ကာကွယ်တောများ ဆက်လက်တိုးချဲ့နိုင်ရေး ဆောင်ရွက်လျက်ရှိမှု၊ ဒေသတွင်းရှိ မဲနယ်တောင်တန်းသည် ဒေသရေရရှိရေးနှင့် အဖိုးတန်သယံဇာတများ ထိန်းသိမ်းရေးတို့အတွက် အဖိုးတန်သည့် တောင်တန်းဧရိယာဖြစ်သဖြင့် သဘာဝပတ်ဝန်းကျင် ကောင်းများကို ရေရှည်တည်တံ့စေရေး ဝိုင်းဝန်းထိန်းသိမ်းသွားရန် လိုအပ်မှု၊ MSME လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဝန်ကြီးဌာနအလိုက်၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက် အားပေးဆောင်ရွက်လျက်ရှိမှု၊ စက်မှုလုပ်ငန်းများအတွက် လိုအပ်သည့် စက်မှုမှတ်ပုံတင်ခြင်းများကို သတ်မှတ်ချက်များနှင့်အညီ ဆောင်ရွက်ပေးလျက်ရှိမှုနှင့် အခြားလိုအပ်သည်များကို ဆွေးနွေးပြောကြားသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်က တင်ပြချက်များအပေါ် ပြည်နယ်အစိုးရအဖွဲ့ အနေဖြင့် စီးပွားရေး လုပ်ငန်းရှင်များ၏ တစ်ဦးချင်း လိုအပ်ချက်များ တင်ပြမှုအပေါ် အလေးထားမှတ်သား၍ သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် အမြန်ဆုံးဆက်သွယ်ဆောင်ရွက်ပေးသွားမည်ဖြစ်သည့် အခြေအနေများနှင့် ပတ်သက်၍ ဆွေးနွေးပြောကြားသည်။

**ကျေးလက်နေ ပြည်သူများ၏ စီးပွားရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများကို အားပေးဆောင်ရွက်**

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က ဒေသဖွံ့ဖြိုးတိုးတက်ရေးနှင့် စီးပွားရေးလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာများနှင့် ပတ်သက်၍ ဆွေးနွေးပြောကြားရာတွင် ယနေ့ခေတ်သည် ပါတီစုံဒီမိုကရေစီ စီးပွားရေးစနစ်ဖြစ်ကြောင်း၊ မိမိတို့ဒေသ စီးပွားရေးတိုးတက်ရန်အတွက် မိမိတို့ ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ နိုင်ငံ၏ စီးပွားရေးတိုးတက်ရေးအတွက် ဆောင်ရွက်ရာတွင် နိုင်ငံ၏ အဓိကစီးပွားရေးလုပ်ငန်းဖြစ်သည့် စိုက်ပျိုး၊ မွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်မှုလုပ်ငန်းများကို အားပေးဆောင်ရွက်ရမည် ဖြစ်ကြောင်း၊ မိမိတို့နိုင်ငံ လူဦးရေ၏ ၇၂ ရာခိုင်နှုန်းခန့်သည် ကျေးလက်တွင် နေထိုင်ကြသူများဖြစ်သည့်အတွက် စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းကို အခြေခံသည့် ကုန်ထုတ်လုပ်မှုကို အားပေးဆောင်ရွက်ရန် စဉ်းစားရမည်ဖြစ်ပြီး ကျေးလက်နေပြည်သူများ၏ စီးပွားရေးကို အခြေခံသည့် ကုန်ထုတ်လုပ်မှု လုပ်ငန်းများကို အားပေးဆောင်ရွက်နေခြင်းဖြစ်ကြောင်း၊ လူအများအတွက် လိုအပ်သည့် ကုန်ပစ္စည်းများကို ထုတ်လုပ်နိုင်မှသာလျှင် ဝင်ငွေများ ပိုမိုရရှိနိုင်မည်ဖြစ်ကြောင်း၊ စိုက်ပျိုးရေးလုပ်ငန်းများ အောင်မြင်ဖြစ်ထွန်းရန်အတွက် ပန်းတိုင်ရည်မှန်းချက်များ ချမှတ်ထားကြောင်း၊ မွေးမြူရေးလုပ်ငန်းတွင်လည်း အလားတူပင်ဖြစ်ကြောင်း၊ ကုန်ထုတ်လုပ်မှုများ တိုးတက်ခြင်းဖြင့် ရောင်းလိုအားနှင့် ဝယ်လိုအားများ မြင့်တက်လာမည်ဖြစ်ကြောင်း၊ မိမိတို့နိုင်ငံ၏ စီးပွားရေးမတိုးတက်ရခြင်း၏ အကြောင်းရင်းမှာလည်း ကုန်ထုတ်လုပ်မှုများ နည်းပါးနေခြင်းကြောင့်ပင်ဖြစ်ကြောင်း။

ကုန်ထုတ်လုပ်မှု များကို ဆောင်ရွက်ရာတွင် မြေပေါ်၊ မြေအောက်နှင့် ရေအောက် ကုန်ကြမ်းများမှ ထုတ်လုပ်ခြင်းဖြစ်ကြောင်း၊ မြေပေါ်ကုန်ကြမ်းများဖြစ်သည့် စိုက်ပျိုး၊ မွေးမြူရေးလုပ်ငန်းသည် သေချာသည့် ကုန်ထုတ်လုပ်ငန်းများပင်ဖြစ်ကြောင်း၊ ပအိုဝ်းဒေသတွင် စပါးစိုက်ပျိုးရာ၌ တစ်ဧကချင်းအထွက်နှုန်းမှာ ၆၇ တင်းခန့်သာဖြစ်သည်ကို တွေ့ရှိရကြောင်း၊ တစ်ဧကချင်းအထွက်နှုန်းကို ပန်းတိုင်ရည်မှန်းချက်အတိုင်း ထွက်ရှိအောင် ပိုမိုစိုက်ပျိုးနိုင်မည်ဆိုပါက ဒေသအတွက် များစွာအကျိုးရှိနိုင်မည်ဖြစ်ကြောင်း၊ အလားတူ အခြားသီးနှံများကိုလည်း ပန်းတိုင်ရည်မှန်းချက် ပြည့်မီအောင် စိုက်ပျိုး ထုတ်လုပ်နိုင်ရန် လိုကြောင်း။

**စာမျက်နှာ ၄ သို့ »»»**

»»» စာမျက်နှာ ၃ မှ

ထို့ကြောင့် ပအိုဝ်းဒေသ၌ တစ်ကေချင်း အထွက်နှုန်းများ တိုးတက်ရေး ဆောင်ရွက်ရာတွင် အထွက်နှုန်း ကောင်းမွန်သည့် မျိုးများ အသုံးပြုခြင်း၊ မြေကို ကောင်းမွန်အောင် ပြုပြင်ခြင်းနှင့် မြေဩဇာများ သုံးစွဲခြင်း၊ အောင်ရေများ ပြည့်ဝစွာရရှိအောင် ဆောင်ရွက်ခြင်းနှင့် နည်းစနစ်တကျ စိုက်ပျိုးခြင်းများကို ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ စိုက်ပျိုးမြေများကိုလည်း ထိရောက်စွာအသုံးချရန် လိုကြောင်း၊ ယာစိုက်ပျိုးမှုများကို အားထားလွန်းပါက ရေများခန်းခြောက်လာနိုင်သဖြင့် စိုက်ပျိုးရေးလုပ်ငန်းကို ထိခိုက်လာနိုင်ကြောင်း၊ ကော်ဖီနှင့် လက်ဖက်များ စိုက်ပျိုးထုတ်လုပ်ရာတွင်လည်း အထွက်နှုန်းများ နည်းပါးနေသေးသည်ကို တွေ့ရှိရကြောင်း၊ စိုက်ပျိုးနည်းစနစ်များ မှန်ကန်အောင် စိုက်ပျိုးနိုင်မည်ဆိုပါက အထွက်နှုန်းများ ယခုထက် တိုးတက်လာမည်ဖြစ်ကြောင်း။

ပအိုဝ်းဒေသအတွင်း၌ တိရစ္ဆာန်အစားအစာများ ထုတ်လုပ်နိုင်သည့် စိုက်ပျိုးရေးထွက်ကုန်များ ထွက်ရှိပြီးဖြစ်ကြောင်း၊ ထို့ကြောင့် ဒေသတွင်း မွေးမြူရေးအစားအစာများ ထုတ်လုပ်နိုင်ရေး ဆောင်ရွက်ပြီး မွေးမြူရေး လုပ်ငန်းများကို တိုးတက် ကောင်းမွန်အောင် ဆောင်ရွက်နိုင်ကြောင်း၊ မွေးမြူရေးစားသောက်ကုန်များ ဈေးနှုန်းမြင့်မားရခြင်းမှာ ရောင်းလိုအားနှင့် ဝယ်လိုအား မမျှတခြင်း၊ ထုတ်လုပ်မှု ကုန်ကျစရိတ်များ မြင့်မားခြင်းများကြောင့်ပင်ဖြစ်ကြောင်း၊ ပအိုဝ်းဒေသအတွင်း မွေးမြူရေး လုပ်ငန်းများကို အောင်မြင်အောင် ဆောင်ရွက်၍ ထုတ်ကုန်များကို ပိုမိုဈေးနှုန်းသက်သာစွာ ဖြန့်ဖြူးနိုင်ရေး ဆောင်ရွက်ကြစေလိုကြောင်း၊ လိုအပ်သည့် ကုန်ကြမ်းများနှင့် ပတ်သက်၍ ပအိုဝ်းဒေသအတွင်း အများအပြား ထုတ်လုပ်နိုင်ရေး တာဝန်ရှိသူများ အနေဖြင့် ဆောင်ရွက်ပေးကြစေလိုကြောင်း။


နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ရွှေဘုန်းပွင့်စေတီတော်မြတ်ကြီးအား ပန်း၊ ရေချမ်း ကပ်လှူပူဇော်စဉ်။

စိုက်ပျိုး၊ မွေးမြူရေးလုပ်ငန်းများကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများ အောင်မြင်ရေးအတွက် သွင်းအားစုများလိုအပ်ကြောင်း၊ လိုအပ်သည့် သဘာဝမြေဩဇာများ ရရှိရေးအတွက် မွေးမြူရေးလုပ်ငန်းများမှ ထွက်ရှိသည့် ဇီဝမြေဩဇာများကို အသုံးပြုနိုင်မည်ဖြစ်ကြောင်း၊ စက်သုံးဆီသုံးစွဲ၍ လျှပ်စစ်ဓာတ်အားသုံးစွဲခြင်းထက် ရေအားလျှပ်စစ်ကို ထုတ်ယူသုံးစွဲကြစေလိုကြောင်း၊ ရှမ်းပြည်နယ်အတွင်း လျှပ်စစ်ဓာတ်အားထုတ်လုပ်ရေး စီမံကိန်းများကို ဆောင်ရွက်လျက်ရှိပြီး အကြောင်း အမျိုးမျိုးကြောင့် နှောင့်နှေး ကြန့်ကြာမှုများရှိခဲ့ကြောင်း၊ လျှပ်စစ်ဓာတ်အားရရှိမှသာ ကုန်ထုတ်လုပ်မှုလုပ်ငန်းများကို ပိုမိုဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း၊ အလားတူ သယ်ယူပို့ဆောင်ရေး လုပ်ငန်းများတွင်လည်း လျှပ်စစ်ဓာတ်အား အသုံးပြု၍ ဆောင်ရွက်နိုင်ကြောင်း၊ ထို့ကြောင့် ပအိုဝ်းဒေသတွင်း လျှပ်စစ်ဓာတ်အား ထုတ်လုပ်နိုင်ရေး ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ကြစေလိုကြောင်း။

သွင်းအားစုတွင် ပါဝင်သည့် တဓာပိုးသတ်ဆေးထုတ်လုပ်နိုင်ရေးအတွက်လည်း နိုင်ငံတော်မှ တွန်းအားပေးဆောင်ရွက်လျက်ရှိကြောင်း၊ လုပ်ငန်းဆောင်ရွက်ရန် လိုအပ်သည့် အရင်းအနှီးများကိုလည်း သတ်မှတ်ထားသည့် ဘဏ္ဍာရေးဆိုင်ရာ လုပ်ထုံးလုပ်နည်းများ၊ စည်းကမ်းဥပဒေများနှင့်အညီ နိုင်ငံတော်က ထုတ်ချေးပေးလျက်ရှိကြောင်း၊ တစ်ပိုင်တစ်နိုင် ကုန်ထုတ်လုပ်မှု လုပ်ငန်းများအတွက် ရင်းနှီးမြှုပ်နှံမှုချေးငွေများကို ဦးစားပေး ထုတ်ပေးလျက် ရှိကြောင်း၊ ကုန်ထုတ်လုပ်မှုလုပ်ငန်းများကို ဆောင်ရွက်ရာတွင် ပစ္စည်းချင်းတူပါက ဈေးသက်သာရမည်၊ ဈေးနှုန်းချင်းတူပါက ပစ္စည်းအရည်အသွေး ပိုမိုကောင်းမွန်ရမည်ဖြစ်ကြောင်း။

- ❖ MSME လုပ်ငန်းများကို အားပေးဆောင်ရွက်ခြင်းမှာ ကုန်ထုတ်လုပ်မှုများ တိုးတက်ရေး၊ သွင်းကုန်အစားထိုးနိုင်ရေးနှင့် ပြည်ပသို့ ကုန်ပစ္စည်းများတင်ပို့နိုင်ရေး ရည်ရွယ်ဆောင်ရွက်ခြင်းဖြစ်
- ❖ စိုက်ပျိုးရေးလုပ်ငန်းများကို အောင်မြင်အောင် ဆောင်ရွက်နိုင်ရန်အတွက် စိုက်ပျိုးရေးနှင့်ပတ်သက်၍ သုတေသနလုပ်ငန်းများ ဆောင်ရွက်ပြီး အထွက်ကောင်းအောင် ဆောင်ရွက်ကြစေလို
- ❖ ခရီးသွားလုပ်ငန်းနှင့် ပတ်သက်၍လည်း ပအိုဝ်းဒေသသည် အခြေခံကောင်းများ ပိုင်ဆိုင်ထားပြီးဖြစ်၊ ဒေသသို့ လာရောက်လည်ပတ်သူများ များပြားလာစေရေး ဒေသ၏ သန့်ရှင်းသာယာလှပရေး၊ မျက်စိပသာဒ ဖြစ်စေရေးတို့အတွက် ဒေသခံများက ဝိုင်းဝန်းဆောင်ရွက်

### ပညာရေး အားပေးဆောင်ရွက်

ကုန်ထုတ်လုပ်မှုလုပ်ငန်းများ ဆောင်ရွက်ရန်အတွက် လူသားအရင်းအမြစ်ကောင်းများ လိုအပ်ကြောင်း၊ ပညာသင်နှစ်အလိုက် ပညာသင်ကြားသည့် ကျောင်းသားဦးရေများ နည်းပါးလာသည်ကို တွေ့ရကြောင်း၊ မိမိတို့နိုင်ငံတွင် ပညာရေးနှင့် ပတ်သက်၍ အားနည်းမှုများ ရှိနေသေးကြောင်း၊ အတန်းပညာ အားနည်းခြင်းကြောင့် အတတ်ပညာများ အားနည်းခြင်း ဖြစ်ကြောင်း၊ ထို့ကြောင့် အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ ဆောင်ရွက်ရန်အတွက် အခက်အခဲများရှိကြောင်း၊ ယခုအခါ ခရိုင် ၅၀ ရှိ အထက်တန်းကျောင်း ၅၁ ကျောင်းတွင် စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေးသင်တန်းများကို သင်ကြားနိုင်ရေး ဖွင့်လှစ်လျက်ရှိကြောင်း၊ ထိုမှတစ်ဆင့် ထူးချွန်သည့်ကျောင်းသား ကျောင်းသူများကို သက်ဆိုင်ရာ ပညာရပ်များအလိုက် အဆင့်မြင့်ပညာရပ်များကို ဆက်လက်သင်ကြားနိုင်မည်ဖြစ်ကြောင်း၊ ထိုသို့ဆောင်ရွက်ခြင်းဖြင့် စိုက်ပျိုး၊ မွေးမြူရေးနှင့် ကုန်ထုတ်လုပ်မှု လုပ်ငန်းများအတွက် လူသားအရင်းအမြစ်များ ကြွယ်ဝလာမည်ဖြစ်သဖြင့် ပညာရည်တိုးတက်စေရေး ဒေသအလိုက် ဝိုင်းဝန်းကြိုးပမ်း ဆောင်ရွက်ကြစေလိုကြောင်း၊ ပအိုဝ်းဒေသ တိုးတက်ရေးအတွက် ပညာရေးကို အားပေးကြစေလိုကြောင်း။

MSME လုပ်ငန်းများကို အားပေး ဆောင်ရွက်ခြင်းမှာ ကုန်ထုတ်လုပ်မှုများ တိုးတက်ရေး၊ သွင်းကုန် အစားထိုးနိုင်ရေးနှင့် ပြည်ပသို့ ကုန်ပစ္စည်းများ တင်ပို့နိုင်ရေး ရည်ရွယ်ဆောင်ရွက်ခြင်းဖြစ်ကြောင်း၊ နိုင်ငံတွင်း၌ ထုတ်ကုန်များ ပြည့်မီအောင် ထုတ်လုပ်နိုင်မည်ဆိုပါက ပြည်ပမှ တင်သွင်းနေရမှုများကို လျှော့ချနိုင်မည်ဖြစ်ကြောင်း၊ စိုက်ပျိုးရေးလုပ်ငန်းများအတွက် လိုအပ်သည်များကို နိုင်ငံတော်က ကူညီဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း၊ ပအိုဝ်းဒေသတွင် စိုက်ပျိုးရေးလုပ်ငန်းများကို အောင်မြင်ဖြစ်ထွန်းအောင် ဆောင်ရွက်နိုင်သည့် မြေများပေါ်များစွာရှိကြောင်း၊ စိုက်ပျိုးရေးလုပ်ငန်းများကို အောင်မြင်အောင် ဆောင်ရွက်နိုင်ရန်အတွက် စိုက်ပျိုးရေးနှင့် ပတ်သက်၍ သုတေသနလုပ်ငန်းများ ဆောင်ရွက်ပြီး အထွက်ကောင်းအောင် ဆောင်ရွက်ကြစေလိုကြောင်း။

ခရီးသွားလုပ်ငန်းနှင့် ပတ်သက်၍လည်း ပအိုဝ်းဒေသသည် အခြေခံကောင်းများ ပိုင်ဆိုင်ထားပြီးဖြစ်ကြောင်း၊ ထို့ကြောင့် ဒေသသို့ လာရောက်လည်ပတ်သူများ များပြားလာစေရေး ဒေသ၏ သန့်ရှင်းသာယာလှပရေး၊ မျက်စိပသာဒ ဖြစ်စေရေးတို့အတွက် ဒေသခံများက ဝိုင်းဝန်းဆောင်ရွက်ကြရန်လိုကြောင်း။

မိမိတို့အနေဖြင့် ပအိုဝ်းဒေသတွင် လုပ်ဆောင်လျက်ရှိသည့် MSME လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရေး လိုအပ်သည်များကို ညှိနှိုင်းဖြည့်ဆည်းဆောင်ရွက်ပေးနိုင်ရန် လာရောက်ခြင်း ဖြစ်ကြောင်း၊ စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အဓိကအားဖြင့် အလုပ်လုပ်ရန်ဖြစ်ကြောင်း၊ အလုပ်လုပ်ရန်အတွက် လူသားလျှင် ပဓာနဖြစ်ကြောင်း၊ ထို့ကြောင့် ပအိုဝ်းဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် ဒေသအတွင်း နေထိုင်ကြသူများအနေဖြင့် ဝိုင်းဝန်းကြိုးပမ်း ဆောင်ရွက်ကြစေလိုကြောင်း ပြောကြားသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်သည် တက်ရောက်လာကြသည့် အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေး

စာမျက်နှာ ၅ သို့ »»»


နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဟိုပုံးမြို့ရှိ ဟိုပုံးရေထွက်ကြီးတွင် ရေထွက်ထိန်းသိမ်းထားရှိမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးစဉ်။

»»» **စာမျက်နှာ ၄ မှ**
(MSME) လုပ်ငန်းရှင်များအား ရင်းရင်းနှီးနှီး နှုတ်ဆက်သည်။

**ရှင်းလင်းတင်ပြ**

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော် ဝန်ကြီးချုပ်သည် ခင်းကျင်းပြသထားသည့် ဒေသထွက်ကုန်ပစ္စည်းများ၊ စားသောက်ကုန်၊ လူသုံးကုန်၊ စက်မှုလက်မှုထုတ်ကုန်၊ ရိုးရာလက်မှု ထုတ်ကုန်များ၊ အဝတ်အထည်များ စသည့် ထုတ်ကုန်ပစ္စည်းများ ခင်းကျင်းပြသထားရှိမှုများကို ပြကွက်တစ်ခုချင်းစီအလိုက် စိတ်ဝင်တစားဖြင့် လေ့လာခဲ့ပြီး ဈေးကွက်ရရှိမှုအခြေအနေများကို မေးမြန်းဆွေးနွေးရာ လုပ်ငန်းအလိုက် စီးပွားရေး လုပ်ငန်းရှင်များက လိုက်လံရှင်းလင်းတင်ပြခဲ့သည်။

ယနေ့ မွန်းလွဲပိုင်းတွင်လည်း နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်အဖွဲ့ဝင်များသည် ဟိုပုံးမြို့ရှိ ဟိုပုံးရေထွက်ကြီးသို့ ရောက်ရှိကြပြီး ရေထွက်ထိန်းသိမ်းထားရှိမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးရာ တာဝန်ရှိသူများက ရှင်းလင်းတင်ပြကြသည်။

ရှင်းလင်းတင်ပြမှုများအပေါ် နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က ရေကန်အတွင်းနှင့် ရေကန်ပတ်ဝန်းကျင် သန့်ရှင်းသာယာလှပရေး ဆောင်ရွက်ရန်လိုကြောင်း၊ ရေကန်ပတ်ဝန်းကျင်တွင် အမှိုက်များစွန့်ပစ်မှု မရှိစေရေး ဒေသခံပြည်သူများကို ပညာပေးဆောင်ရွက်ရန်လိုကြောင်း၊ ရေကန်ပေါင်အား အကာအရံများ တပ်ဆင်ရန်နှင့် ရေကန်ဘေးပတ်ဝန်းကျင်ရှိ ချုံနွယ်များကို ရှင်းလင်းထားရန် လိုကြောင်း၊ ရေကန်သို့ လာရောက်ရေအသုံးပြုသူများ အဆင်ပြေစေရေး ရေချိုးရန် နေရာသီးသန့်သတ်မှတ်ပေးရန်နှင့် ရေကန်ပတ်ဝန်းကျင်တွင် ပြည်သူများ လာရောက်အပန်းဖြေ အနားယူနိုင်ရေး ဆောင်ရွက်ပေးရန် လိုကြောင်း မှာကြားကာ ရေကန်အား လှည့်လည်ကြည့်ရှုခဲ့ကြသည်။

အလားတူ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် အဖွဲ့ဝင်များသည် မေ ၂၈ ရက် ညနေပိုင်းက ရှမ်းပြည်နယ် (တောင်ပိုင်း) တောင်ကြီးမြို့ ကျက်သရေဆောင် စူဠာမုနိ လောကချမ်းသာစေတီတော်နှင့် ရွှေဘုန်းပွင့်စေတီတော်မြတ်ကြီးတို့သို့ သွားရောက်ဖူးမြော်ကြည်ညိုပြီး ပန်း၊ ရေချမ်းများ ကပ်လှူပူဇော်သည်။

ယင်းနောက် အလှူငွေများပေးအပ်လှူဒါန်းပြီး စေတီတော်ကြီးများအား လက်ယာရစ် လှည့်လည်ဖူးမြော်ကြည်ညို၍ တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် စေတီတော်ကြီးများအား ရေရှည်တည်တံ့ခိုင်မြဲပြီး ကြည်ညိုသပ္ပါယ်ဖွယ် ဖြစ်စေရေးထိန်းသိမ်းဆောင်ရွက်ရန်အတွက် လိုအပ်သည်များကို မှာကြားခဲ့သည်။ ထို့နောက် နိုင်ငံတော်စီမံ အုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်သည် စေတီတော်ကြီးများရှိ ဧည့်သည်တော်မှတ်တမ်းစာအုပ်တွင် လက်မှတ်ရေးထိုးပူဇော်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တောင်ကြီးမြို့ ကျက်သရေဆောင် စူဠာမုနိ လောကချမ်းသာစေတီတော်ကြီးအတွက် ဘက်စုံအလှူငွေများ ပေးအပ်လှူဒါန်းစဉ်။






နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်အား ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်မြိုင်က ရှင်းလင်းတင်ပြစဉ်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ပင်းပက်-နောင်ကား-တောင်ကြီး-ရွှေညောင် သာစည်-မြင်းခြံ ရထားလမ်းပိုင်း အဆင့်မြှင့်တင်ရေးစီမံကိန်း လုပ်ငန်းဆောင်ရွက်နေမှုအခြေအနေများ သွားရောက်ကြည့်ရှုစစ်ဆေး

**နေပြည်တော် မေ ၂၉**

နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ယနေ့နံနက်ပိုင်းတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဝင် ဦးခွန်စံလွင်၊ ပြည်ထောင်စုဝန်ကြီးများ၊ ရှမ်းပြည်နယ်ဝန်ကြီးချုပ်၊ ညှိနှိုင်းကွပ်ကဲရေးမှူး (ကြည်း၊ ရေ၊ လေ) ဗိုလ်ချုပ်ကြီး မောင်မောင်အေးနှင့် ကာကွယ်ရေး ဦးစီးချုပ်ရုံးမှ တပ်မတော် အရာရှိကြီးများ၊ အရှေ့ပိုင်းတိုင်း စစ်ဌာနချုပ် တိုင်းမှူးနှင့် တာဝန်ရှိသူများ လိုက်ပါ၍ ပင်းပက်-နောင်ကား-တောင်ကြီး-ရွှေညောင်-သာစည်-မြင်းခြံ ရထားလမ်းပိုင်း အဆင့်မြှင့်တင်ရေး စီမံကိန်းလုပ်ငန်း ဆောင်ရွက်နေမှု အခြေအနေများကို သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ဦးစွာ စီမံကိန်းရှင်းလင်းဆောင်တွင် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်မြိုင်က မတ် ၃ ရက်နေ့၌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် လာရောက်စစ်ဆေးစဉ် လမ်းညွှန်မှာကြားချက်များကို အကောင်အထည်ဖော်ဆောင်ရွက်ပြီးစီးမှု၊ အနာဂတ်တွင် လျှပ်စစ်ရထားများ ပြေးဆွဲနိုင်ရေး ကြိုတင်ပြင်ဆင်ဆောင်ရွက်ထားရှိမှု၊ ရထားလမ်းတစ်လျှောက် အပင်များစိုက်ပျိုးရန် ဆောင်ရွက်လျက်ရှိမှု၊ မြေထိန်းနံရံ (Toe Wall)များ၊ ရေကာနံရံများနှင့် ရေထုတ်ပြွန်များ၊ ရေထုတ်မြောင်းများနှင့် တံတားများ ထည့်သွင်းဆောင်ရွက်လျက်ရှိမှု၊ ရထားလမ်းတစ်လျှောက် အပင်များစိုက်ပျိုးရန် ဆောင်ရွက်လျက်ရှိမှု၊ ထီသိမ်ဘူတာယာဒ်ဝင်း လှေကား၊ ပလက်ဖောင်း တည်ဆောက်ခြင်းနှင့် ရထားလမ်းအဝိုင်းပတ် တည်ဆောက်ခြင်းလုပ်ငန်းများ ဆောင်ရွက်နေမှု၊ အေးသာယာနှင့်ပေါမှူ ဘူတာယာဒ်ဝင်း သံလမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှု၊ ပင်းပက်-နောင်ကား-တောင်ကြီး-ရွှေညောင်-သာစည်-မြင်းခြံ ရထားလမ်းပိုင်းများအလိုက် ရထားလမ်းများ အဆင့်မြှင့်တင် ဆောင်ရွက်လျက်ရှိမှုနှင့် လုပ်ငန်းများဆောင်ရွက်ပြီးစီးလျက်ရှိမှုအခြေအနေများကို ရှင်းလင်းတင်ပြသည်။

ရှင်းလင်းတင်ပြမှုများအပေါ် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က ရထားသယ်ယူပို့ဆောင်ရေးစနစ်သည် ဒေသအတွက် များစွာအကျိုးရှိစေမည့် စီမံကိန်းတစ်ခုဖြစ်ကြောင်း၊ ရထားလမ်းများကို လူအများ သွားလာခြင်းအတွက် အသုံးပြုမည်ဖြစ်သကဲ့သို့ ကုန်ပစ္စည်းများ တင်ပို့မှုအတွက်လည်း အသုံးပြုသွားမည်ဖြစ်သောကြောင့် ရထားလမ်းများ၏ ခံနိုင်ရည်အား ကောင်းမွန်အောင် စနစ်တကျ တည်ဆောက်ရန် လိုကြောင်း၊ ရထားလမ်း တစ်လျှောက်ရှိ တံတားများကို တည်ဆောက်ရာတွင် ခံနိုင်ရည်ရှိစေရေးစနစ်တကျဖြင့် ဆောင်ရွက်ရန်လိုကြောင်း၊ သာစည်-ရွှေညောင် လမ်းပိုင်းတွင် ယခင်ကရထားများ ပြေးဆွဲသည့် အမြန်နှုန်းမှာ သတ်မှတ်ထားသည်ထက် နှေးကွေးသည်ဟု သိရှိရကြောင်း၊ ထို့ကြောင့်ရထားများကိုတောင်ပေါ်တွင်မောင်းနှင်သည့် ပုံမှန်အမြန်နှုန်းများအတိုင်း မောင်းနှင်ပြေးဆွဲနိုင်ရေးနှင့် အန္တရာယ်ကင်းရှင်းစေရေး ဘရိတ်စနစ်များကိုပြင်ဆင်ဆောင်ရွက်ရန်လိုကြောင်း၊ ရထားလမ်းများကို အနာဂတ်တွင်ထပ်မံအဆင့်မြှင့်တင်မှုများ ပြုလုပ်နိုင်ရေး ရထားလမ်းနယ်များကို ကြိုတင်သတ်မှတ် ဆောင်ရွက်၍ လမ်းနယ် အမှတ်အသားများကို စနစ်တကျဖြင့်ဆောင်ရွက်ရန်လိုကြောင်း၊ ရထားလမ်းတစ်လျှောက် ဘေးဘယ်ညာရှိ နိုင်ငံပိုင်မြေများတွင် သစ်တောများ စိုက်ပျိုးနိုင်ရန် လိုသဖြင့် သစ်တောဥပဒေများ ရေးဆွဲပြီး စနစ်တကျဖြင့် ဆောင်ရွက်ရန်လိုကြောင်း၊ ရထားလမ်းဘေးပတ်ဝန်းကျင် စိမ်းလန်းစိုပြည်နေမည်ဆိုပါက ရထားစီးခရီးသည်များအတွက် မျက်စိပသာဒ ဖြစ်စေမည်ဖြစ်ကြောင်း၊ မြန်မာ့မီးရထားသည် အရှေ့တောင်အာရှတွင် ပထမဆုံး ဖောက်လုပ်ပြေးဆွဲခဲ့သည့် မီးရထားလမ်းဖြစ်ကြောင်း၊ ထို့ကြောင့် ခေတ်နှင့်လျော်ညီသည့် အဆင့်မြှင့်တင်မှုလုပ်ငန်းများကို ဆောင်ရွက်ရန်လိုကြောင်း၊ ရထားများယခုထက် အမြန်နှုန်းတိုးမြှင့် ပြေးဆွဲနိုင်ရန်လိုကြောင်း၊ လူစီးရထားများကို RBE တွဲများဖြင့် ပြေးဆွဲနိုင်ရေး ဆောင်ရွက်ရန်လိုကြောင်း၊ ရထားလမ်းများကို မြန်နှုန်းမြှင့်၍ ပြေးဆွဲနိုင်ရန်နှင့် အန္တရာယ်ကင်းရှင်းရေး လုပ်ငန်းများကိုလည်း ဆောင်ရွက်ရန်လိုကြောင်း၊ လျှပ်စစ်ရထားပြေးဆွဲ ရေးနှင့် ပတ်သက်၍လည်း ကြိုတင် ပြင်ဆင်မှုများကို ဆောင်ရွက် လျက်ရှိကြောင်း၊ လျှပ်စစ်ရထား စက်ခေါင်းတွဲများကိုလည်း စမ်းသပ်ဆောက်လုပ် စေလျက်ရှိကြောင်း၊ ရထားစက်ခေါင်းများနှင့် ရထားတွဲများကို ပြည်တွင်းမှ ထုတ်လုပ်၍ရရှိသည့်

**စာမျက်နှာ ၇ သို့** ❖





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် ဟိုပုံးတပ်နယ်ရှိ တပ်မတော်ကွန်ပျူတာနှင့် နည်းပညာသိပ္ပံမှ နည်းပြအရာရှိများနှင့် သင်တန်းသားများအား တွေ့ဆုံအမှာစကားပြောကြားစဉ်။

# စွမ်းရည်ရှိသောတပ်မတော်၊ စွမ်းအားရှိသောတပ်မတော်ဖြစ်စေရေး စစ်သည်တစ်ဦးချင်း လေ့ကျင့်သားပြည့်ဝပြီး အရည်အသွေးပြည့်စုံရန်ဆောင်ရွက်

**နေပြည်တော် မေ ၂၉**

နိုင်ငံတော် စီမံအုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌ တပ်မတော် ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ယနေ့ နံနက်ပိုင်းတွင် အရှေ့ပိုင်းတိုင်း စစ်ဌာနချုပ် ဟိုပုံးတပ်နယ်ရှိ တပ်မတော်ကွန်ပျူတာနှင့် နည်းပညာသိပ္ပံမှ နည်းပြအရာရှိများနှင့် သင်တန်းသားများအား အဆိုပါ သင်တန်းကျောင်းခန်းမ၌ တွေ့ဆုံ အမှာစကား ပြောကြားသည်။

အဆိုပါတွေ့ဆုံပွဲသို့ ညှိနှိုင်း ကွပ်ကဲရေးမှူး(ကြည်း၊ ရေ၊ လေ) ဗိုလ်ချုပ်ကြီးမောင်မောင်အေးနှင့် ကာကွယ်ရေး ဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများ၊ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူးနှင့် တာဝန်ရှိသူများ၊ ဟိုပုံးတပ်နယ်ရှိ တပ်မတော်ကွန်ပျူတာနှင့် နည်းပညာသိပ္ပံမှ နည်းပြအရာရှိများနှင့် သင်တန်းသားများ တက်ရောက်ကြသည်။

**လေ့ကျင့်သင်ကြားပေးနေ**

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌ တပ်မတော် ကာကွယ်ရေးဦးစီးချုပ်က အမှာစကား ပြောကြားရာတွင် တပ်မတော်အနေဖြင့် သင်တန်းကျောင်းများအလိုက် သက်ဆိုင်ရာ စစ်သည်တော်များကို မွေးထုတ်ပေးလျက်ရှိကြောင်း၊ ယခုသင်တန်းတွင် တက်ရောက်နေကြသူများကို တပ်မတော် အင်ဂျင်နီယာကဏ္ဍ စွမ်းပကားများ တိုးတက်မြင့်မား လာစေရေး လေ့ကျင့်သင်ကြား ပေးနေခြင်းဖြစ်ကြောင်း၊ သို့ဖြစ်၍ သင်တန်းသားများ အနေဖြင့် သင်ကြားပေးသည့် အင်ဂျင်နီယာ ဘာသာရပ်များကို အမှန်တကယ် ကျွမ်းကျင် တတ်မြောက်အောင် လေ့ကျင့်သင်ယူကြရန် လိုကြောင်း၊ သင်တန်းကျောင်းအား အဆင့်မြှင့်တင်မှုလုပ်ငန်းများကို ဆောင်ရွက်ပေးထားပြီး ဖြစ်ပြီး ပတ်ဝန်းကျင် ကောင်းများကို ဖန်တီးပေးထားသဖြင့် သင်တန်းသားများ၏ စိတ်ဓာတ်များလည်း ပိုမိုတိုးတက်ကောင်းမွန်လာမည်ဟု ယုံကြည်ကြောင်း၊ ပတ်ဝန်းကျင်ကောင်းကို ဖန်တီးပေးခြင်းသည် ရုပ်ပိုင်းဆိုင်ရာ ပြုပြင်ခြင်းဖြစ်သော်လည်း စိတ်ပိုင်းဆိုင်ရာ ကောင်းမွန်ရေးကို များစွာ အထောက်အကူဖြစ်စေနိုင်မည် ဖြစ်ကြောင်း။

သင်တန်းသားများ အနေဖြင့် သင်တန်း ဆင်းပြီးနောက် သက်ဆိုင်ရာ တပ်ရင်း၊ တပ်ဖွဲ့များ အလိုက် ရောက်ရှိတာဝန် ထမ်းဆောင်ချိန်တွင် သင်ကြား ပေးလိုက်သည့် ပညာရပ်များ မှန်မှန်ကန်ကန် အသုံးချပြီး ပေးအပ်သည့်တာဝန်များကို ကျေပွန် အောင် ထမ်းဆောင်ကြရန်လို ကြောင်း၊ ထိုကဲ့သို့ ဆောင်ရွက်ခြင်း သည် တပ်မတော်ကိုကောင်း အောင်နှင့် မိမိကိုယ်ကို တိုးတက် ကောင်းမွန်အောင် ဆောင်ရွက် နေခြင်းပင်ဖြစ်သည်ကို နားလည် သဘောပေါက်ရန် လိုကြောင်း၊ သင်တန်းသားများကို စနစ်တကျ ရွေးချယ်သင်ကြားပေးလျက်ရှိပြီး သင်တန်းဆင်းပြီးသည့် သင်တန်း သားများအားလုံး အရည်အချင်း ပြည့်မီသူများ ဖြစ်လာစေရေး အတွက် နည်းပြများက ကြပ်မတ် လေ့ကျင့် သင်ကြားပေးသွားရန် လိုကြောင်း၊ သင်တန်းသားများ အားလုံး စစ်အတတ်ပညာနှင့် လုပ်ငန်း အတတ်ပညာများတွင် အရည်အချင်း ပြည့်မီသူများ ဖြစ်ရန် လိုကြောင်း။

**တီထွင်ကြံဆလုပ်ဆောင်**

ပညာဟူသည်မှာ သင်တန်း ကျောင်းမှ သင်ကြားပေးလိုက် သည်နှင့် မပြီးဆုံးဘဲ ကိုယ်တိုင် လည်း အမြဲမပြတ်လေ့လာနေရန် လိုကြောင်း၊ ထို့ကြောင့် လုပ်ငန်း ပမာဏများ ကျယ်ပြန့်လာသည် နှင့်အမျှ ပိုမိုလေ့လာအားထုတ် ကြိုးပမ်းရန်လည်း လိုအပ်မည်ဖြစ် ကြောင်း၊ မိမိတာဝန်ယူဆောင်ရွက် သည့် လုပ်ငန်းများတိုးတက်လာ စေရေး မည်သို့ဆောင်ရွက်မည်ဆို သည်ကို တီထွင်ကြံဆလုပ်ဆောင် ကြရန်လိုကြောင်း၊ ကျွမ်းကျင်သူ များဖြစ်မှသာ ပညာရှင်များဖြစ် လာမည်ဖြစ်ကြောင်း၊ အားလပ် သည့်အချိန်များတွင် သက်ဆိုင်ရာ ပညာရပ်နှင့် ပတ်သက်သည့် စာပေ များကို ဖတ်ရှုလေ့လာနေရန်လို ကြောင်း၊ အင်ဂျင်နီယာဘာသာရပ် များကို သင်ယူရာတွင် အင်္ဂလိပ်စာ သည် မဖြစ်မနေတတ်မြောက် ထားရန်လိုသည့်အတွက် လေ့လာ လေ့ကျင့်သွားရန် လိုကြောင်း၊ ပညာရပ်များကို သင်ယူရာတွင် နေ့စဉ်သင်ကြားလေ့လာခြင်းဖြင့် ကျွမ်းကျင်ပိုင်နိုင်စွာ တတ်မြောက် နိုင်မည်ဖြစ်ကြောင်း၊ မိမိတို့ တတ်ကျွမ်းသည့် ပညာရပ်များကို အပြည့်အဝ အသုံးချခြင်းဖြင့် စွမ်းအားရှိသည့် တပ်မတော်ကို တည်ဆောက်နိုင်မည်ဖြစ်ကြောင်း၊ ယနေ့ခေတ်တွင် ခေတ်သစ် စစ်နည်းဗျူဟာများ ပြောင်းလဲ လာ သည်ကို တွေ့ရသည့်အတွက် ခေတ်သစ်စစ်ပွဲများနှင့် ပတ်သက် ၍လည်း မျက်ခြည်မပြတ်လေ့လာ နေရန်လိုကြောင်း။




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် သင်တန်းသားများအတွက် အားကစားပစ္စည်းများပေးအပ်စဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ဟိုပုံးတပ်နယ်ရှိ တပ်မတော်ကွန်ပျူတာနှင့် နည်းပညာသိပ္ပံသင်တန်းကျောင်းအတွင်း မွေးမြူရေးဆောင်ရွက်ထားရှိမှုကို ကြည့်ရှုစစ်ဆေးစဉ်။

**တိုးတက်မှုများကိုရရှိမည်**

တပ်မတော်သားအားလုံးသည် မည်သူ တစ်ဦးတစ်ယောက်၏ တိုက်တွန်းချက်မှုမပါရှိဘဲ မိမိတို့ တစ်ဦး တစ်ယောက်ချင်း၏ ကိုယ်ပိုင် ဆုံးဖြတ်ချက်များဖြင့် နိုင်ငံတော် ကာကွယ်ရေးတာဝန် များကိုထမ်းဆောင်ရန် တပ်မတော် သို့ ဝင်ရောက်အမှုထမ်းခဲ့ကြသူ များဖြစ်ကြောင်း၊ တပ်မတော် အတွင်း၌ မှန်မှန်ကန်ကန်ဖြင့် ထိန်းထိန်းသိမ်းသိမ်း နေထိုင် ဆောင်ရွက်မည်ဆိုပါက ဘဝ အတွက် တိုးတက်မှုများကိုရရှိ မည်ဖြစ်ကြောင်း၊ မိမိတို့၏ ရည်မှန်းချက်များ ပျောက်ဆုံးမှုမရှိ စေရေး မိမိကိုယ်ကို ထိန်းသိမ်း ဆောင်ရွက်ရမည်ဖြစ်ပြီး မိမိတို့ ဘဝကို ထိခိုက်ပျက်စီးစေနိုင်သည့် မူးယစ် သောက်စားမှုများနှင့် အပျော်အပါးများကို ရှောင်ကြဉ် ရန်လိုကြောင်း၊ ထို့ကြောင့် မိမိတို့ အသိစိတ်ဖြင့် ထိန်းသိမ်းဆောင်ရွက် သွားမည်ဆိုပါက ဘဝတိုးတက်မှု အတွက် အထောက်အကူပြုစေ မည်ဖြစ်ကြောင်း၊ ကောင်းမွန် သည့်အကျင့်များကို မွေးမြူ ဆောင်ရွက်သွားရန်လိုပြီး ချမှတ် ထားသည့် စည်းကမ်းများအတိုင်း လိုက်နာ ဆောင်ရွက်သွားမည် ဆိုပါက မိမိတို့တစ်ဦး တစ်ယောက် ချင်းစီ၏ ရည်မှန်းချက်များ အောင်မြင်စေနိုင်မည်ဖြစ်ကြောင်း၊ စစ်သည်တစ်ဦးချင်းမှစ၍ မိမိ ကိုယ်ကို တိုးတက်ကောင်းမွန် အောင် လေ့လာသင်ယူဆောင်ရွက် ကာ လူကောင်းလူတော်များ ပေါ်များ

**စာမျက်နှာ ၇ သို့** ❂

❖ စာမျက်နှာ ၅ မှ

စက်ပစ္စည်းများကို ပေါင်းစပ်၍ ပြည်တွင်း၌ ထုတ်လုပ်နိုင်ရန် လိုကြောင်း၊ မီးရထားလမ်းများ အဆင့်မြှင့်တင်ရေးအတွက် မီးရထားအင်ဂျင်နီယာများ အနေဖြင့် ဝိုင်းဝန်းဆွေးနွေး ကြိုးပမ်းဆောင်ရွက် ကြစေလိုကြောင်း၊ ရထားလမ်းများတွင် ခင်းကျင်းသည့် ကျောက်များသတ်မှတ်ဆိုဒ်များရှိရန်လိုကြောင်း၊ မြန်မာနိုင်ငံရှိ ရထားလမ်းများအားလုံး ကီလိုမီတာ ၁၀၀ အမြန်နှုန်း အထိ မောင်းနှင်နိုင်ရန် မူလရည်မှန်းချက်အဖြစ် ထားရှိဆောင်ရွက်သွားရမည်ဖြစ်ပြီး နောင်တွင် အဆိုပါ အမြန်နှုန်းထက် ပိုမိုပြေးဆွဲနိုင်ရေး ဆောင်ရွက်သွားရန်အတွက် အင်ဂျင်နီယာရှုထောင့်မှ သုံးသပ်ဆောင်ရွက်ကြ စေလိုကြောင်း၊ ရထားအသုံးပြု၍ ပြေးဆွဲခြင်းသည် Public Transportation ဖြစ်သဖြင့် စက်သုံးဆီသုံးစွဲမှုကို သက်သာစေပြီး အများပြည်သူ သွားလာမှု၊ ကုန်ပစ္စည်းများ တင်ပို့မှုအတွက် များစွာအထောက်အကူပြုသဖြင့် နိုင်ငံတော်အတွက် အကျိုးဖြစ်ထွန်းစေမည့် သယ်ယူပို့ဆောင်ရေးစနစ်ပင်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ထီးသိမ်ဘူတာအနီးတွင် ထည့်သွင်း ဖောက်လုပ်နေသည့် ရထားလမ်း အဝိုင်းပတ်နေရာ စီမံကိန်းဧရိယာအတွင်း လှည့်လည်ကြည့်ရှု၍ တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် လိုအပ်သည်များမှာကြားခဲ့ပြီး စီမံကိန်းဝန်ထမ်းများအတွက် ချီးမြှင့်ငွေများ ပေးအပ်ခဲ့သည်။ အဆိုပါ ထီးသိမ်ဘူတာအနီး၌ ထည့်သွင်းဖောက်လုပ်မည့် ရထားလမ်း အဝိုင်းပတ်ကို ရှမ်းပြည်နယ်၏ ထင်ရှားသော ဘဝသံသရာ ရထားလမ်းနှင့် တံတားပုံစံအတိုင်း တည်ဆောက်လျက်ရှိကြောင်းနှင့် ရထားစီး ခရီးသည်များအား ဆွဲဆောင်နိုင်သည့် ရထားလမ်း ပိုင်းနေရာတစ်ခု ဖြစ်လာမည်ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ထီးသိမ်ဘူတာအနီးတွင် ထည့်သွင်းဖောက်လုပ်နေသည့် ရထားလမ်း အဝိုင်းပတ်နေရာ စီမံကိန်းဧရိယာအတွင်း လှည့်လည်ကြည့်ရှုစဉ်။

❂ စာမျက်နှာ ၆ မှ

လာမည်ဆိုပါက တပ်မတော်နှင့် တိုင်းပြည်သည်လည်း တိုးတက်လာမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က နိုင်ငံတော်တွင် တိုင်းရင်းသားပြည်သူတစ်ရပ်လုံး လိုလားလျက်ရှိသည့် ပါတီစုံဒီမိုကရေစီစနစ်ကို လျှောက်လှမ်းနိုင်ရေး တပ်မတော်မှ ဦးဆောင်ခဲ့သည့် အခြေအနေများနှင့် ၂၀၁၁ ခုနှစ်မှစ၍ ပါတီစုံဒီမိုကရေစီစနစ်ကို လျှောက်လှမ်းခဲ့သည့် အခြေအနေများ၊ ဒီမိုကရေစီအစိုးရသက်တမ်း နှစ်ခုတွင် တပ်မတော်အနေဖြင့် ကျရာတာဝန်များကို ကျေပွန်စွာ ထမ်းဆောင်ခဲ့ပြီး လိုအပ်သည်များကိုလည်း အကြံပြုခဲ့သည့် အခြေအနေများ၊ ၂၀၂၀ ပြည့်နှစ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲတွင် မဲမသမာမှုများ ဖြစ်ပေါ်ခဲ့သည့် အခြေအနေများနှင့် မဲမသမာမှုများကို ဖြေရှင်းဆောင်ရွက်ပေးခြင်း မရှိခဲ့သည့် အခြေအနေများ၊ နိုင်ငံတော်တွင် ဖြစ်ပေါ်လာခဲ့သည့် အခြေအနေများအရ နိုင်ငံတော်ကို နိုင်ငံရေး အရအရေးပေါ် အခြေအနေ ကြေညာခဲ့ပြီး တပ်မတော်မှ နိုင်ငံ့တာဝန်များကို ထမ်းဆောင်ခဲ့ရမှု အခြေအနေများ၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အနေဖြင့် နိုင်ငံတော်၏ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးနှင့် ဘက်စုံဖွံ့ဖြိုးတိုးတက်ရေး၊ တည်ငြိမ်အေးချမ်းရေးတို့အတွက် မူဝါဒများ၊ ဦးတည်ချက်များ ချမှတ်၍ ကြိုးပမ်းဆောင်ရွက်နေမှုအခြေအနေများနှင့် ပတ်သက်၍ အကျယ်တဝင့် ရှင်းလင်းပြောကြားသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော် ကာကွယ်ရေးဦးစီးချုပ်က သင်တန်းသားများအတွက် စားသောက်ဖွယ်ရာများနှင့် အားကစားပစ္စည်းများကို ပေးအပ်ရာ ကျောင်းအုပ်ကြီးက လက်ခံရယူသည်။

တွေ့ဆုံပွဲအပြီးတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော် ကာကွယ်ရေးဦးစီးချုပ်နှင့် အဖွဲ့ဝင်များသည် သင်တန်းသားများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်သည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အဖွဲ့ဝင်များသည် တပ်မတော်ကွန်ပျူတာနှင့် နည်းပညာသိပ္ပံ သင်တန်းကျောင်းအတွင်း စိုက်ပျိုးမွေးမြူရေး အကောင်အထည်ဖော်ဆောင်ရွက်ထားရှိမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးကာ တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ မှာကြားသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အဖွဲ့ဝင်များသည် တပ်မတော်ကွန်ပျူတာနှင့် နည်းပညာသိပ္ပံ သင်တန်းသား စားရိပ်သာ၌ သင်တန်းသားများနှင့် အတူနေ့လယ်စာကို အတူတကွ သုံးဆောင်ခဲ့ကြပြီး သင်တန်းသားများအား ရင်းရင်းနှီးနှီးနှုတ်ဆက်ခဲ့ကြသည်။

ယနေ့ နံနက်ပိုင်းတွင်လည်း နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အဖွဲ့ဝင်များသည် ရှမ်းပြည်နယ် (တောင်ပိုင်း) တောင်ကြီးမြို့ရှိ နယ်မြေခံ တပ်မတော်ဆေးရုံသို့ သွားရောက်၍ ဆေးရုံတက်ရောက်ကုသမှုခံယူလျက်ရှိသည့် အရာရှိ၊ စစ်သည်၊ မိသားစုဝင်များ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၏ ကျန်းမာရေး အခြေအနေများကို တစ်ဦးချင်း ရင်းရင်းနှီးနှီးမေးမြန်း အားပေးစကားပြောကြားကာ စားသောက်ဖွယ်ရာပစ္စည်းများ ပေးအပ်ခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တောင်ကြီးမြို့ရှိ နယ်မြေခံတပ်မတော်ဆေးရုံ၌ တက်ရောက်ကုသမှုခံယူနေသူတစ်ဦးအား ရင်းရင်းနှီးနှီး မေးမြန်းအားပေးစကားပြောကြားစဉ်။

# ဒုတိယဝန်ကြီး ဦးရင်မောင်ညွန့် အမှတ်(၂)သံမဏိစက်ရုံ (ပင်းပက်) အား ကြည့်ရှုစစ်ဆေး

**နေပြည်တော် မေ ၂၉**

စက်မှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးရင်မောင်ညွန့်သည် မေ ၂၇ ရက် နံနက်ပိုင်းတွင် ရှမ်းပြည်နယ် တောင်ကြီးမြို့နယ်ရှိ အမှတ်(၂)သံမဏိစက်ရုံ(ပင်းပက်)သို့ ရောက်ရှိပြီး အစည်းအဝေးခန်းမ၌ ဦးဆောင်ညွှန်ကြားရေးမှူးနှင့် တာဝန်ရှိသူများ၏ ရှင်းလင်းတင်ပြမှုအပေါ် ဒုတိယဝန်ကြီးက စီမံကိန်းလုပ်ငန်းများ ဆောင်ရွက်ရာတွင် နိုင်ငံတော်မှ သတ်မှတ်ထုတ်ပြန်ထားသည့် အမိန့်၊ ညွှန်ကြားချက်၊ စည်းမျဉ်းစည်းကမ်းများကို တိတိကျကျ လိုက်နာဆောင်ရွက်ရန်၊ ဝန်မပါစမ်းသပ်လည်ပတ်ခဲ့ပြီးဖြစ်သည့် အလုပ်ရုံခွဲအသီးသီးရှိ စက်ပစ္စည်း ကိရိယာများကို အမြဲမပြတ်စစ်ဆေးပြုပြင်နိုင်ရေး စီမံချက်များရေးဆွဲဆောင်ရွက်ရန်၊ စမ်းသပ်မောင်းနှင်ခြင်း၊ စစ်ဆေးပြုပြင်မှုများကို သတ်မှတ် SOP များနှင့်အညီ ဆောင်ရွက်ရန်၊ ဆောင်ရွက်ဆဲစီမံကိန်းလုပ်ငန်းများကို Time Line Schedule များအတိုင်း အချိန်မီပြီးစီးနိုင်ရေးနှင့် သတ်မှတ်စံချိန်စံညွှန်းများနှင့် ကိုက်ညီမှုရှိရေးဆောင်ရွက်ရန်၊ လျှပ်စစ်ကြောင့်မီးဘေးအန္တရာယ် မဖြစ်ပွားစေရေးနှင့် ဝန်အားအပြည့်သုံးစွဲနိုင်ရေးအတွက် လျှပ်စစ်ဝါယာကြိုးများနှင့် ဆက်စပ်ပစ္စည်းကိရိယာများကို စစ်ဆေးပြုပြင်ရန်၊ လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေးကို အလေးထားဆောင်ရွက်ရန်နှင့် စက်ရုံပတ်ဝန်းကျင်စိမ်းလန်းစိုပြည်ရေးနှင့် သန့်ရှင်းသာယာလှပစေရေး ဆောင်ရွက်ရန် မှာကြားသည်။

မွန်းလွဲပိုင်းတွင် ဒုတိယဝန်ကြီးသည် စက်ရုံစားရိပ်သာ၌ စက်မှုဝန်ကြီးဌာနတွင် စတင်တာဝန်ထမ်းဆောင်မည့် ဝန်ထမ်းများနှင့်တွေ့ဆုံကာ ဝန်ထမ်းများ၏ အခက်အခဲများကို ကူညီဖြေရှင်းပေးကြရန်နှင့် သက်သာချောင်ချိရေး ဆောင်ရွက်ပေးရန် မှာကြားပြီး ဝန်ထမ်းများ၏ တင်ပြချက်များကို ညှိနှိုင်းပေါင်းစပ်ဆောင်ရွက်ပေးသည်။

ထို့နောက် ဒုတိယဝန်ကြီးသည် ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်တွင် ဆောင်ရွက်ပြီးစီးသည့် စွန့်ပစ်အပူသုံး ဘွိုင်လာတွင် အပူခံပစ္စည်းများတပ်ဆင်ခြင်းလုပ်ငန်း၊ အလိုအလျောက် ထိန်းချုပ်မောင်းနှင်ခြင်းစနစ်နှင့် ဆက်စပ်သည့်ကိရိယာများတပ်ဆင်ပြီးစီးမှု၊ ၁၃၂ ကေဗွီ လိုင်း၌ Protection Relay တပ်ဆင်ခြင်းလုပ်ငန်း၊ Iron Ore Sizing Screen တွင် လျှပ်စစ်မီး သွယ်တန်းခြင်းလုပ်ငန်း၊ Slurry Pond မှ Secondary Crusher သို့ ၁၁ ကေဗွီ မြေအောက် လျှပ်စစ်ကြိုးဆက်သွယ်သွယ်တန်းခြင်းလုပ်ငန်း၊ ဖိအားမြှင့်လေအလုပ်ရုံတွင် လေဝင် လေထွက်စနစ် တပ်ဆင်ပြီးစီးမှု၊ စက်ရုံတစ်ခုလုံးသို့ ရေပေးဝေခြင်း အပြီးသတ်လုပ်ငန်း၊ မီးငြိမ်းသတ်ရေးစနစ် အပြီးသတ်ဆောင်ရွက်မှု၊ ခွာတ်ငွေ့ပိုက်လိုင်းများ အပြီးသတ်ဆောင်ရွက်မှုလုပ်ငန်းများ၊ Sizing Plant တွင် Screening Station တည်ဆောက်မှု၊ ကုန်ကြမ်းပြုပြင်ရေးအလုပ်ရုံတွင် Press Filter အား စမ်းသပ်မောင်းနှင်နေမှု၊ စက်ရုံအတွင်း မီးရထားလမ်းဖောက်လုပ်နေမှု၊ Cold Box အား ဆေးသုတ်နေမှု၊ သံရည်ကျိုအလုပ်ရုံ၊ Second Lift Pump House ၊ Air Compressor Station ၊ Waste Heat Recovery Power Station တွင် အမိုးအကာနှင့် Wall Tube များအား လဲလှယ်နေမှု၊ Main Step Down Substation နှင့် Repair Shop တို့ကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးတင်အောင်စန်းနှင့် အဖွဲ့ဝင်များ စစ်တွေမြို့အတွင်း ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများဆောင်ရွက်နေမှု ကြည့်ရှုအားပေး

**စစ်တွေ မေ ၂၉**

နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးတင်အောင်စန်းသည် ဒုတိယဗိုလ်ချုပ်ကြီး ထွန်းထွန်းနောင်၊ ပြည်နယ်ဝန်ကြီးချုပ် ဦးထိန်လင်းတို့နှင့်အတူ ယနေ့နံနက်ပိုင်းတွင် မြန်မာနိုင်ငံ မီးသတ်တပ်ဖွဲ့၏ ကူညီကယ်ဆယ်ရေး လုပ်ငန်းများတွင် အသုံးပြုမည့် သစ်ပင်ဖြတ်စက်များ၊ သံဖြတ်စက်များနှင့် စွမ်းအားမြင့် ဟိုက်ဒရောလစ်ဖြတ်စက်များ လက်တွေ့အသုံးချသရုပ်ပြသမှုကိုကြည့်ရှုပြီး ချိုးယွင်းပျက်စီးတာဝါတိုင်များအား ၎င်းဖြတ်စက်များ အသုံးပြု၍ ဖယ်ရှားရှင်းလင်းခြင်း လုပ်ငန်းများကို အမြန်ဆောင်ရွက်သွားရန် မှာကြားသည်။

ထို့နောက် ဗိုလ်ချုပ်ကြီးတင်အောင်စန်းနှင့်အဖွဲ့သည် စစ်တွေမြို့ မင်းဂံရပ်ကွက်ရှိ ဒေသန္တရ ကျန်းမာရေးဌာနဝင်းအတွင်း စစ်တွေပြည်သူ့ဆေးရုံကြီးမှ အထူးကုဆရာဝန်ကြီးများနှင့် ခုတင်(၅၀)ဆံ့ စစ်တွေတိုင်းရင်းဆေးရုံမှ သမားတော်ကြီးများ မြေပြင်ကွင်းဆင်း၍ ပြည်သူလူထုအား ကျန်းမာရေးစောင့်ရှောက်ပေးနေမှုနှင့် ကျန်းမာရေးအသိပညာပေးနေမှုတို့ကို ကြည့်ရှုအားပေးသည်။

**စားသောက်ဖွယ်ရာများ ပေးအပ်**

ယင်းနောက် ဗိုလ်ချုပ်ကြီးတင်အောင်စန်းနှင့် အဖွဲ့သည် ကျန်းမာရေး စောင့်ရှောက်မှုလာရောက်ခံယူကြသည့် လူနာများ၏ ကျန်းမာရေးအခြေအနေများကို မေးမြန်းပြီး အားပေးစကားပြောကြားကာ စားသောက်ဖွယ်ရာများ ပေးအပ်သည်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးတင်အောင်စန်း စစ်တွေမြို့ရှိ ဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်နေမှုများကို ကြည့်ရှုအားပေးစဉ်။

အဆိုပါ ကျန်းမာရေးစောင့်ရှောက်မှုပေးနေသည့် အဖွဲ့တွင် စစ်တွေ ပြည်သူ့ဆေးရုံကြီးမှ သမားတော်ကြီး၊ မျက်စိ၊ နား၊ နှာခေါင်း၊ လည်ချောင်း၊ သွား၊ အရိုး၊ သားဖွားမီးယပ်၊ ကလေး၊ ခွဲစိတ်နှင့် စိတ်ကျန်းမာရေး အထူးကုဆရာဝန်ကြီးများနှင့်အတူ ကျန်းမာရေးဝန်ကြီးဌာနမှ Medical Team နှင့် မြန်မာနိုင်ငံကြက်ခြေနီအသင်းမှ တပ်ဖွဲ့ဝင်များ ပူးပေါင်းပါဝင်၍ စစ်တွေမြို့ရှိ ဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုပေးလျက်ရှိသည်။

ဆက်လက်၍ ဆိုင်ကလုန်းမုန်တိုင်းမိုခါ တိုက်ခတ်မှုကြောင့် စစ်တွေမြို့ ကမ်းနားလမ်းရှိ ကျောက်စီ မြေထိန်းနံရံများ၊ ကွန်ကရစ်လမ်း၊ ပလက်ဖောင်းများ ပျက်စီးနေမှုနှင့် ပြန်လည်ပြုပြင် ဆောင်ရွက်သွားမည့် အခြေအနေတို့ကို ကြည့်ရှုစစ်ဆေးသည်။

မွန်းလွဲပိုင်းတွင် ဗိုလ်ချုပ်ကြီးတင်အောင်စန်း၊ ဒုတိယဗိုလ်ချုပ်ကြီးထွန်းထွန်းနောင်၊ ပြည်နယ်ဝန်ကြီးချုပ် ဦးထိန်လင်းနှင့် ဒုတိယဗိုလ်ချုပ်ကြီးဖုန်းမြတ် တို့သည် ရခိုင်ပြည်နယ် အစိုးရအဖွဲ့ရုံး၌ ကျင်းပသည့်သဘာဝဘေးပြန်လည်ထူထောင်ရေးဆိုင်ရာ လုပ်ငန်းညှိနှိုင်းအစည်းအဝေးသို့ တက်ရောက်ပြီး လုပ်ငန်းကော်မတီအလိုက် တာဝန်ရှိသူများ၏ ပြန်လည် ထူထောင်ရေးဆိုင်ရာ တင်ပြချက်များပေါ် လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ရခိုင်ပြည်နယ် အတွင်း ဆက်သွယ်ရေး အော်ပရေတာ စုစုပေါင်း လေးခု၏ မိုဘိုင်းစခန်း ၁၂၃၃ စခန်း ရှိသည့်အနက် ဆိုင်ကလုန်းမုန်တိုင်းမိုခါ တိုက်ခတ်မှုကြောင့် မိုဘိုင်းစခန်း ၉၀၄ စခန်း ဆက်သွယ်မှု ပြတ်တောက်ခဲ့ပြီး ကျန်စခန်း ၃၂၉ စခန်းဖြင့်သာ ဝန်ဆောင်မှုပေးခဲ့ရာမှ မြေပေါ် မြေအောက် ဖိုင်ဘာကေဘယ်လ်များ ပြုပြင်ခြင်း၊ အချို့သော မိုက္ကရိုဝေ့ဗ် ဆက်ကြောင်းများကို ဖိုင်ဘာ ဆက်ကြောင်းများဖြင့် ပြောင်းလဲ ချိတ်ဆက်ခြင်းနှင့် မိုဘိုင်းစခန်း ပြုပြင်ခြင်းများ ဆောင်ရွက်လျက်ရှိရာ မေ ၂၉ ရက်အထိ မိုဘိုင်းစခန်းစုစုပေါင်း ၇၉၃ စခန်း ပြန်လည်ပြုပြင်နိုင်ခဲ့သဖြင့် စုစုပေါင်း မိုဘိုင်းစခန်း ၁၁၂၂ စခန်း ရာခိုင်နှုန်းအားဖြင့် ၉၁ ရာခိုင်နှုန်းဖြင့် ဆက်သွယ်ရေးဝန်ဆောင်မှုများ ပြန်လည်ဆောင်ရွက်ပေးနိုင်ပြီဖြစ်သည်။

**သတင်းစဉ်**



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးတင်အောင်စန်းနှင့် တာဝန်ရှိသူများ မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့၏ သံဖြတ်စက်ဖြင့် လက်တွေ့အသုံးချသရုပ်ပြမှုကို ကြည့်ရှုစဉ်။



ရခိုင်ပြည်နယ်၌ မုန်တိုင်းတိုက်ခတ်မှုကြောင့် ဆက်သွယ်ရေးအော်ပရေတာများ ပြတ်တောက်မှုများကို ပြန်လည်ပြုပြင်ဆောင်ရွက်နေစဉ်။




ရခိုင်ပြည်နယ်၌ မုန်တိုင်းတိုက်ခတ်မှုကြောင့် လဲကျနေသည့်ဓာတ်တိုင်များအား ပြန်လည်ပြုပြင်ဆောင်ရွက်နေစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးတင်အောင်စန်းနှင့် တာဝန်ရှိသူများ စစ်တွေမြို့ ကမ်းနားလမ်းရှိ ကျောက်စီမြေထိန်းနံရံများ ပြန်လည်ပြုပြင်ဆောင်ရွက်မည့် အခြေအနေများကို ကြည့်ရှုစစ်ဆေးစဉ်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဦးဝဏ္ဏမောင်လွင် ရုရှားဖက်ဒရေးရှင်းနိုင်ငံ ဒူးမားလွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးဆောင်သည့်ကိုယ်စားလှယ်အဖွဲ့ကို လက်ခံတွေ့ဆုံ




နေပြည်တော် မေ ၂၉

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဦးဝဏ္ဏမောင်လွင်သည် ရုရှားဖက်ဒရေးရှင်းနိုင်ငံ ဒူးမားလွှတ်တော် ဒုတိယဥက္ကဋ္ဌ Mr. Sholban Kara-Ool ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့ကို ယနေ့ မွန်းလွဲ ၂ နာရီတွင် နေပြည်တော်ရှိ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီရုံး၌ လက်ခံတွေ့ဆုံသည်။

**ဆွေးနွေး**

တွေ့ဆုံစဉ် မြန်မာ-ရုရှားနှစ်နိုင်ငံအကြား ချစ်ကြည်ရင်းနှီးသောဆက်ဆံရေးနှင့် အကျိုးတူပူးပေါင်းဆောင်ရွက်မှုများ ပိုမိုတိုးမြှင့်ရေးနှင့် နိုင်ငံတကာမျက်နှာစာတွင် ပိုမိုနီးကပ်စွာ ပူးပေါင်းဆောင်ရွက်သွားရေးကိစ္စရပ်များနှင့်စပ်လျဉ်း၍ ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ်ဆွေးနွေးခဲ့ကြသည်။

သတင်းစဉ်



# ပြည်ထောင်စုဝန်ကြီး ဦးကိုကိုလှိုင် ရုရှားဖက်ဒရေးရှင်းနိုင်ငံ ဒူးမားလွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့ကို လက်ခံတွေ့ဆုံ

နေပြည်တော် မေ ၂၉

အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကိုကိုလှိုင်သည် ရုရှားဖက်ဒရေးရှင်းနိုင်ငံ ဒူးမားလွှတ်တော် ဒုတိယဥက္ကဋ္ဌ Mr. Sholban Kara-Ool ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့ကို ယနေ့ မွန်းလွဲ ၃ နာရီ ၁၅ မိနစ်တွင် နေပြည်တော်ရှိအပြည်ပြည်ဆိုင်ရာပူးပေါင်းဆောင်ရွက်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၏ ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် မြန်မာနိုင်ငံနှင့် ရုရှားနိုင်ငံတို့အကြား ရှိရင်းစွဲ ချစ်ကြည်ရင်းနှီးမှု တိုးတက်ခိုင်မာစေရေး၊ ကုန်သွယ်ရေး၊ စီးပွားရေး၊ လူမှုရေးနှင့် ခရီးသွားလုပ်ငန်းကဏ္ဍအပါအဝင် နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်မှုများ ပိုမိုတိုးချဲ့သွားရေးနှင့် ဒေသတွင်းနှင့် နိုင်ငံတကာအဖွဲ့အစည်းများမှတစ်ဆင့် ပူးပေါင်းဆောင်ရွက်မှုများကို ပိုမိုတိုးမြှင့်သွားရေးကိစ္စရပ်များနှင့်စပ်လျဉ်း၍ ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ်ဆွေးနွေးခဲ့ကြသည်။

သတင်းစဉ်

## ဆိုင်ကလုန်းမုန်တိုင်း မိုခါကြောင့် ဘေးသင့်ပြည်သူများအတွက် ပြည်တွင်း/ပြည်ပ စေတနာရှင်ပြည်သူများက အလှူငွေများ လှူဒါန်းနိုင်ရေး အသိပေးကြေညာခြင်း

၁။ မြန်မာနိုင်ငံတွင် ၁၄-၅-၂၀၂၃ ရက်နေ့တွင် ဖြစ်ပွားခဲ့သည့် အလွန့်အလွန်အားကောင်းသော ဆိုင်ကလုန်းမုန်တိုင်း မိုခါကြောင့် ဘေးသင့်ပြည်သူများအတွက် ပါဝင်လှူဒါန်းလိုသော စေတနာရှင်ပြည်သူများအနေဖြင့် မြန်မာကျပ်ငွေစာရင်းအမှတ် OA -011834 နှင့် နိုင်ငံခြားငွေစာရင်းအမှတ် 1DA- 0300086 သို့ ထည့်ဝင်လှူဒါန်းနိုင်ကြောင်း ကြေညာခဲ့ပါသည်။

၂။ ထိုသို့ကြေညာရာတွင် အခြားသော အီလက်ထရောနစ် ငွေပေးချေမှုစနစ်နှင့် မိုဘိုင်းငွေပေးချေမှုစနစ်များဖြင့် လှူဒါန်းနိုင်ရန် ဆက်လက်ဆောင်ရွက်လျက်ရှိပြီး ထပ်မံအသိပေးကြေညာသွားမည်ဟု ပါရှိပါသည်။

၃။ လှူဒါန်းရာတွင် ယခင်ကြေညာထားသည့် ဖုန်းနံပါတ်နှင့် ဖွင့်လှစ်ထားသည့်အကောင့်သို့ လှူဒါန်းမှုပြုနိုင်ရေး ကြေညာထားပြီး ဖုန်းနံပါတ်ဖြင့် လှူဒါန်းမှုပြုလုပ်ခြင်းမှာ ရောထွေးနိုင်သဖြင့် ဖုန်းနံပါတ်အစား QR ဖြင့် လှူဒါန်းနိုင်ရေး ဆောင်ရွက်ထားပြီး ဖြစ်ပါသည်။

၄။ KBZ Pay ၊ Wave Money တို့ဖြင့် လှူဒါန်းနိုင်ပြီး လှူဒါန်းလိုပါက KBZ Pay ၊ Wave Money တို့၏ QR အား Scan ဖတ်ခြင်း၊ QR တွင်ပါဝင်သော ကုတ်နံပါတ်အား ရိုက်ထည့်၍ လှူဒါန်းခြင်းများ ဆောင်ရွက်နိုင်ပါသည်။

၅။ ယခုအခါ ပြည်သူများ လှူဒါန်းမှုပြုလုပ်ရာတွင် ပိုမိုအဆင်ပြေစေရေး ပြည်သူများ အသုံးပြုမှုများပြားသည့် CB Pay ၊ AYA Pay နှင့် OK $ တို့ဖြင့်လည်း လှူဒါန်းနိုင်ရေး ဆောင်ရွက်ထားပြီးဖြစ်သဖြင့် QR အား Scan ဖတ်ခြင်း၊ QR တွင်ပါဝင်သော ကုတ်နံပါတ်အား ရိုက်ထည့်၍ လှူဒါန်းခြင်းများ ဆောင်ရွက်နိုင်ပါသည်။

၆။ လှူဒါန်းလိုသူများအနေဖြင့် အောက်ပါပုဂ္ဂိုလ်များသို့ ဆက်သွယ်မေးမြန်း လှူဒါန်းနိုင်ပါသည်-

| နေပြည်တော် | ရန်ကုန်မြို့ | မန္တလေးမြို့ |
|---|---|---|
| ဒေါ်လှဲ့လှဲ့အေး<br>ညွှန်ကြားရေးမှူးချုပ်<br>ဘေးအန္တရာယ်ဆိုင်ရာ<br>စီမံခန့်ခွဲမှုဦးစီးဌာန<br>၀၆၇-၃၄၀၄၀၅၀<br>၀၉-၂၀၂၁၄၉၁ | ဦးသန်းစိုး<br>ညွှန်ကြားရေးမှူး<br>ဘေးအန္တရာယ်ဆိုင်ရာ<br>စီမံခန့်ခွဲမှုဦးစီးဌာန<br>ရန်ကုန်တိုင်းဒေသကြီးဦးစီးမှူးရုံး<br>၀၉-၂၅၀၁၂၃၈၈၅ | ဦးအေးမင်းသူ<br>ညွှန်ကြားရေးမှူး<br>ဘေးအန္တရာယ်ဆိုင်ရာ<br>စီမံခန့်ခွဲမှုဦးစီးဌာန<br>မန္တလေးတိုင်းဒေသကြီးဦးစီးမှူးရုံး<br>၀၉-၄၂၀၇၀၈၈၂၇ |
| ဦးဝင်းရွှေ<br>ဒုတိယညွှန်ကြားရေးမှူးချုပ်<br>ဘေးအန္တရာယ်ဆိုင်ရာ<br>စီမံခန့်ခွဲမှုဦးစီးဌာန<br>၀၆၇-၃၄၀၄၀၄၈<br>၀၉-၂၅၄၁၇၀၀၁၁ | ဒေါ်သန်းသန်းဝင်း<br>ဒုတိယညွှန်ကြားရေးမှူး<br>ဘေးအန္တရာယ်ဆိုင်ရာ<br>စီမံခန့်ခွဲမှုဦးစီးဌာန<br>ရန်ကုန်တိုင်းဒေသကြီးဦးစီးမှူးရုံး<br>၀၉-၄၂၀၇၄၀၁၆၀ | |
| ဒေါ်ဖြူဖြူဝင်း<br>ညွှန်ကြားရေးမှူး<br>ဘေးအန္တရာယ်ဆိုင်ရာ<br>စီမံခန့်ခွဲမှုဦးစီးဌာန<br>၀၆၇-၃၄၀၄၃၁၆<br>၀၉-၄၃၀၅၄၈၄၄ | | |

70157401001
Natural Disaster Management Fund
Call Center 3211

AYA PAY နှင့် ငွေပေးချေလိုက်ပါ
Natural Disaster Management Fund
20034665

C B BANK CBPay
Scan here!
For your payment.
Account Name:
NATURAL DISASTER MANAGEMENT FUND
Need Help? 24x7 Customer Care
(95-1) 231 7770

C B BANK CBPay
Scan here!
For your payment.
Account Name:
NAUTRAL DISASTER MANAGEMENT FUND
Need Help? 24x7 Customer Care
(95-1) 231 7770

OK$
Natural Disaster Management Fund
09 255001537
Download OK$ App
App Store
Google play

WAVEPAY by wave money
Natural Disaster Management Fund
WaveMoney

WAVEPAY by wave money
Natural Disaster Management Fund
WaveMoney

uab pay
National Disaster Management Committee
21037353
NDMC
uabpay+ Call center +959 94000 5000

အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုကော်မတီ

# ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီအား နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်း ဥပဒေ၊ နည်းဥပဒေများနှင့်အညီ ဆောင်ရွက်ထားရှိမှုများကို ကြည့်ရှုစစ်ဆေး

နေပြည်တော် မေ ၂၉

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးသိန်းစိုးနှင့် အဖွဲ့ဝင်များသည် နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်းဥပဒေ၊ နည်းဥပဒေများနှင့်အညီ မှတ်ပုံတင်ခွင့်ရရှိပြီးဖြစ်သည့် ရန်ကုန်တိုင်းဒေသကြီး ဗဟန်းမြို့နယ် ရွှေတောင်ကြား(၁)ရပ်ကွက် အောင်ဇေယျလမ်း အမှတ် (၂၄) တွင် ပါတီရုံးချုပ်ဖွင့်လှစ်ထားရှိသော တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီဌာနချုပ်သို့ ယနေ့ နံနက် ၈ နာရီတွင်သွားရောက်၍ နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်းဥပဒေ၊ နည်းဥပဒေများနှင့်အညီ ပါတီလုပ်ငန်းဆောင်ရွက်ထားရှိမှု အခြေအနေများကို သွားရောက်စစ်ဆေးရာ ပါတီဥက္ကဋ္ဌ ဦးဟန်ရွှေနှင့် ပါတီအဖွဲ့ဝင်များက ရှင်းလင်းတင်ပြကြသည်။

**ပါတီရုံးခန်းပေါင်း ၂၄၇ ရုံး ဖွင့်လှစ်**

တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီသည် တစ်နိုင်ငံလုံး၌ စည်းရုံးဆောင်ရွက်ရန် ဧပြီ ၂၅ ရက်တွင် နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်း ဥပဒေပုဒ်မ ၉ နှင့်အညီ နိုင်ငံရေးပါတီအဖြစ် ပါတီမှတ်ပုံတင်ခွင့် ရရှိပြီးဖြစ်သည်။ ပါတီဝင်အင်အား တစ်သိန်းကျော် စုဆောင်းရရှိပြီး ပါတီရုံးခန်းပေါင်း ၂၄၇ ရုံး ဖွင့်လှစ်ဆောင်ရွက်ထားရှိပြီးဖြစ်ကြောင်း သိရသည်။

သတင်းစဉ်



# ဌာနတွင်းဝန်ထမ်းများ၏ အင်္ဂလိပ်ဘာသာစကားကျွမ်းကျင်မှု မြှင့်တင်ရေးသင်တန်းဆင်းပွဲ ကျင်းပ

နေပြည်တော် မေ ၂၉

သာသနာရေးနှင့်ယဉ်ကျေးမှု ဝန်ကြီးဌာနမှ အရာထမ်း၊ အမှုထမ်းများ အင်္ဂလိပ်ဘာသာစကား ကျွမ်းကျင်မှုမြှင့်တင်နိုင်ရေးအတွက်ရည်ရွယ်၍ သမိုင်းသုတေသနနှင့်အမျိုးသားစာကြည့်တိုက်ဦးစီးဌာန အမျိုးသားစာကြည့်တိုက်(နေပြည်တော်)၌ မတ် ၃ ရက်မှ စတင်ဖွင့်လှစ်ခဲ့သည့် “ဌာနတွင်းဝန်ထမ်းများ၏ အင်္ဂလိပ်ဘာသာစကား ကျွမ်းကျင်မှုမြှင့်တင်ရေး သင်တန်း (Staff Capacity Building on English Proficiency Pilot Course)”ဆင်းပွဲ အခမ်းအနားကို ယနေ့ နံနက် ၁၀ နာရီက အမျိုးသားစာကြည့်တိုက် (နေပြည်တော်) ဝန်ဇင်းမင်းရာဇာခန်းမ၌ ကျင်းပသည်။





သင်တန်းဆင်းပွဲအခမ်းအနားသို့ သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကိုကို၊ အမြဲတမ်းအတွင်းဝန် ဦးမြင့်ဦးနှင့် ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယအမြဲတမ်းအတွင်းဝန်များနှင့် ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ ညွှန်ကြားရေးမှူးများ၊ သင်တန်းဆရာ ဆရာမများ၊ သင်တန်းသား သင်တန်းသူများနှင့် ဖိတ်ကြားထားသော အရာထမ်း၊ အမှုထမ်းများ တက်ရောက်သည်။

အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီးက မတ် ၃ ရက်မှစတင်၍ ရက်သတ္တခြောက်ပတ်ကြာ ဖွင့်လှစ်လာခဲ့သည့် ဌာနတွင်းဝန်ထမ်းများ၏ အင်္ဂလိပ်ဘာသာစကား ကျွမ်းကျင်မှုမြှင့်တင်ရေးသင်တန်းသည် ပြီးဆုံးအောင်မြင်၍ သင်တန်းတက်ရောက်လာကြသူအားလုံးမှာ သတ်မှတ်ချက် အဆင့်တစ်ခုရောက်ရှိပြီဟု ဆိုရမည်ဖြစ်ကြောင်း၊ သင်တန်း၏ ရည်ရွယ်ချက်အတိုင်း သင်တန်းတွင် အင်္ဂလိပ်ဘာသာစကားတစ်ခုတည်း ပြောတတ်၊ ဆိုတတ်၊ ရေးတတ်၊ ဖတ်တတ်ရုံမျှမက နိုင်ငံတကာလုပ်ထုံးလုပ်နည်း၊ အတွေ့အကြုံများကိုပါ ထည့်သွင်းသင်ကြားပေးသည်ဖြစ်သည့်အတွက် နိုင်ငံတကာဆက်ဆံရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးကိစ္စများတွင် အတော်အသင့် နားလည်သဘောပေါက်ပြီဟု ယူဆကြောင်း၊ မကြာခင် (၂၄)ကြိမ်မြောက် အာဆီယံယဉ်ကျေးမှုကော်မတီအစည်းအဝေးနှင့် ဆက်စပ်အစည်းအဝေးများကို မြန်မာနိုင်ငံက အိမ်ရှင်အဖြစ် တာဝန်ယူဆောင်ရွက်ရမည်ဖြစ်သည့်အတွက် အာဆီယံ လူမှုရေး-ယဉ်ကျေးမှု အသိုက်အဝန်းကောင်စီ(ASCC)ကိုလည်း အင်အားတောင့်တင်းအောင် စိတ်ကြိုက်ဖွဲ့စည်းထားကြောင်း၊ ထပ်မံဖြည့်တင်းဖွဲ့စည်းသွားရန်လည်းရှိကြောင်း၊ ပြည်ပသို့သွားရောက်ရာတွင် အင်္ဂလိပ်ဘာသာစကား ကောင်းမွန်နေရန်လိုကြောင်း၊၊ သင်တန်းကို Level တူညီနေသူများအား တက်ရောက်စေခြင်းဖြစ်ပြီး Level မတူညီ၍ ကျန်နေခဲ့သူများသည်လည်း နောင်ဖွင့်လှစ်မည့် သင်တန်းများတွင် အခွင့်အရေးရရှိမည်ဖြစ်ကြောင်း၊ ဘာသာစကားဆိုသည်မှာ သင်ယူခြင်းအပြင် ပြောဆိုနေမှ အလေ့အကျင့်ဖြစ်လာမည်ဖြစ်ကြောင်း၊ အမြဲတမ်းလေ့ကျင့်နေရမည်ဖြစ်ကြောင်း၊ ဝန်ကြီးဌာနမှ Focal အဖြစ် တာဝန်ယူဆောင်ရွက်ရသည့် အာဆီယံ လူမှုရေး-ယဉ်ကျေးမှုအသိုက်အဝန်းကောင်စီ(ASCC)ရုံးလုပ်ငန်းများတွင် အားကိုးရသည့်သူများ၊ စွမ်းဆောင်နိုင်သူများဖြစ်အောင်ကြိုးစားကြရန် တိုက်တွန်းပြောကြားသည်။

ယင်းနောက် သင်တန်းဆင်း ကျောင်းသားကျောင်းသူများက သင်တန်းဆင်းစွမ်းရည် ပြသခဲ့ကြပြီး ပြည်ထောင်စုဝန်ကြီးက သင်တန်းဆင်းလက်မှတ်များ ပေးအပ်သည်။

ဆက်လက်၍ သင်တန်းသား သင်တန်းသူများကိုယ်စား သင်တန်းသားတစ်ဦးက ကျေးဇူးတင်စကားပြောကြားခဲ့ပြီး အမြဲတမ်းအတွင်းဝန် ဦးမြင့်ဦးက သင်တန်းဆရာ ဆရာမများအား အမှတ်တရလက်ဆောင်များ ပေးအပ်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# လယ်ဝေးမြို့နယ်အတွင်း လေဘေးသင့်ခဲ့သော အောင်မြင်ကုန်းကျေးရွာနှင့် တံတားဦးကျေးရွာ ပြန်လည်ထူထောင်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပ

နေပြည်တော် မေ ၂၉

နေပြည်တော် လယ်ဝေးမြို့နယ်အတွင်း လေဘေးသင့်ခဲ့သော အောင်မြင်ကုန်းကျေးရွာနှင့် တံတားဦးကျေးရွာတို့အား ပြန်လည်ထူထောင်ရေးဆိုင်ရာ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့ နံနက် ၁၁ နာရီက နေပြည်တော်ကောင်စီရုံး အစည်းအဝေးခန်းမ(၁)၌ ကျင်းပသည်။



အစည်းအဝေးသို့ နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးတင်ဦးလွင်၊ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီးသန်းထွန်းဦး၊ နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး၊ နေပြည်တော်ကောင်စီအဖွဲ့ဝင်များ၊ နေပြည်တော်စည်ပင်သာယာရေးကော်မတီ ဒုတိယမြို့တော်ဝန်၊ တိုင်းအဆင့်ဌာနဆိုင်ရာများ၊ လယ်ဝေးခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ လယ်ဝေးမြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ တက်ရာက်ကြသည်။

ရှေးဦးစွာ နေပြည်တော်ကောင်စီ ဥက္ကဋ္ဌ ဦးတင်ဦးလွင်က လေဘေးသင့်ခဲ့သော အောင်မြင်ကုန်းကျေးရွာနှင့်တံတားဦးကျေးရွာပြန်လည်ထူထောင်နိုင်ရေးအတွက် သက်ဆိုင်ရာကော်မတီများဖွဲ့စည်း၍ ပြန်လည်နေရာချထားနိုင်ရေး၊ လျှပ်စစ်မီးရရှိရေး၊ သောက်သုံးရေရရှိရေး၊ လမ်းသွယ်တိုးချဲ့ ဖောက်လုပ်ခြင်း စသည့်ကူညီကယ်ဆယ်ရေးနှင့် ထူထောင်ရေးလုပ်ငန်းများကို ဆောင်ရွက်ပေးခဲ့ကြောင်း၊ ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို အချိန်နှင့်တစ်ပြေးညီ အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် နေအိမ်များ အမြန်ပြန်လည်တည်ဆောက်နိုင်ရေးကိစ္စရပ်များကို တက်ရောက်လာကြသူများအနေဖြင့် ပူးပေါင်းဆောင်ရွက်ပေးစေလိုကြောင်း ပြောကြားသည်။

ထို့နောက် ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီးသန်းထွန်းဦးက လယ်ဝေးမြို့နယ်အတွင်း လေဘေးသင့်ခဲ့သော အောင်မြင်ကုန်းကျေးရွာနှင့်တံတားဦးကျေးရွာတို့အား ကူညီကယ်ဆယ်ရေးလုပ်ငန်းဆောင်ရွက်ခဲ့မှုနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်ပေးနေမှုအခြေအနေများနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

ယင်းနောက် နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး၊ နေပြည်တော်ကောင်စီအဖွဲ့ဝင်နှင့် ဒုတိယမြို့တော်ဝန်၊ တိုင်းအဆင့်ဌာနဆိုင်ရာများက ပြန်လည်ထူထောင်ရေးအတွက် မိမိတို့သက်ဆိုင်ရာကဏ္ဍအလိုက် ရှင်းလင်းတင်ပြရာ နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးတင်ဦးလွင်နှင့် ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီးသန်းထွန်းဦး တို့က တင်ပြချက်များနှင့်စပ်လျဉ်း၍ လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ **ခရိုင်(ပြန်/ဆက်)**

# ရှမ်းပြည်နယ်၏ ဒေသရေမြေရာသီဥတုနှင့် ကိုက်ညီပြီး တောင်သူများ စီးပွားရေးတွက်ချေကိုက်သော သီးနှံများ စိုက်ပျိုးထုတ်လုပ်နိုင်ရေးအတွက် နည်းပညာနှင့်လိုအပ်ချက်များ ညှိနှိုင်းစီမံဆောင်ရွက်



**နေပြည်တော် မေ ၂၉**

ရှမ်းပြည်နယ်၏ ဒေသရေမြေရာသီဥတုနှင့် ကိုက်ညီပြီး တောင်သူများ စီးပွားရေးတွက်ချေကိုက်သော သီးနှံများစိုက်ပျိုးထုတ်လုပ်နိုင်ရေးအတွက် နည်းပညာနှင့်လိုအပ်ချက်များ ညှိနှိုင်းစီမံဆောင်ရွက်ပေးရန် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းနောင်သည် ယနေ့ နံနက်ပိုင်းတွင် ရှမ်းပြည်နယ် တောင်ကြီးမြို့နယ်ရှိ သီးနှံမျိုးစေ့ထုတ်ခြံများ၊ သုတေသနခြံများနှင့် စက်မှုလယ်ယာစခန်းများကို ကြည့်ရှုစစ်ဆေးသည်။

**စနစ်တကျဆောင်ရွက်**

ဦးစွာ ပြည်ထောင်စုဝန်ကြီး ဦးမင်းနောင်သည် တောင်ကြီးမြို့နယ် တာယောမျိုးသန့်ခြံ၏ သီးနှံမျိုးစေ့များ မျိုးသန့်မျိုးပွား စိုက်ပျိုးထုတ်လုပ်မှုကို ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား ဒေသနှင့် ကိုက်ညီသည့် အရည်အသွေးနှင့် အထွက်ကောင်းမျိုးစေ့များ စနစ်တကျ ပွားများထုတ်လုပ်ဖြန့်ဖြူးရန် လိုအပ်ချက်များ၊ မျိုးရိုးဗီဇမှန်ကန်ပြီး မျိုးစေ့အရည်အသွေးနှင့်ပြည့်စုံသော မျိုးစေ့များရရှိရေးအတွက် အရည်အသွေးထိန်းသိမ်းရေးလုပ်ငန်းများ စနစ်တကျဆောင်ရွက်ရန် လိုအပ်ချက်များကို ဆွေးနွေးမှာကြားသည်။

အလားတူ တာယောစိုက်ပျိုးရေးသုတေသနခြံ၏ လယ်စပါး၊ ပဲပုပ်၊ နေကြာ သုတေသနလုပ်ငန်းများနှင့် ဒေသနှင့်ကိုက်ညီသည့် သီးနှံပုံစံဖော်ထုတ်မှုလုပ်ငန်းများကို ကြည့်ရှုစစ်ဆေးရာ တာဝန်ရှိသူများက ဘဏ္ဍာနှစ်အလိုက် လုပ်ငန်းဆောင်ရွက်ပြီးစီးမှုများနှင့် ဆက်လက်ဆောင်ရွက်မည့်လုပ်ငန်းဆိုင်ရာများကို ရှင်းလင်းတင်ပြကြသည်။

**ဆွေးနွေးမှာကြား**

တင်ပြချက်အပေါ် ပြည်ထောင်စုဝန်ကြီးက အထွက်နှုန်းကောင်း၊ အရည်အသွေးကောင်း သီးနှံမျိုးများဖော်ထုတ်ပေးနိုင်ရေးနှင့် သုတေသနဖော်ထုတ်တွေ့ရှိချက်များကို ဆက်စပ်ဌာနခြံများ၊ တောင်သူများနှင့် ပူးပေါင်း၍ လက်တွေ့အသုံးချနည်းပညာအဖြစ် ဖြန့်ဝေပေးရန် လိုအပ်ချက်များကို ဆွေးနွေးမှာကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် ညောင်ရွှေမြို့ အမှတ်(၈)အလတ်စား စက်ပြင်အလုပ်ရုံသို့ ရောက်ရှိကြပြီး စက်မှုလယ်ယာဦးစီးဌာနက ထုတ်လုပ်ထားသည့် လယ်ယာသုံးစက်ကိရိယာများနှင့် စက်ပြင်အလုပ်ရုံ၏ လုပ်ငန်းဆောင်ရွက်နေမှုများကို ကြည့်ရှုစစ်ဆေးရာ တာဝန်ရှိသူများက ရွှေ့ပြောင်းတောင်ယာစိုက်ပျိုးရေးစနစ်မှ ကုန်းမြင့်လယ်ယာမြေစိုက်ပျိုးရေးစနစ်သို့ အစားထိုးဖော်ဆောင်နေမှုများကို ရှင်းလင်းတင်ပြကြရာ ပြည်ထောင်စုဝန်ကြီးက ရှမ်းပြည်နယ်၏ စိုက်ပျိုးထုတ်လုပ်မှု တိုးတက်ရေးနှင့် စက်မှုလယ်ယာကဏ္ဍဖွံ့ဖြိုးရေးအတွက် ဌာနအားလုံး ပူးပေါင်းဆောင်ရွက်ရန် လိုအပ်ချက်များ၊ မြေဆီလွှာဖွံ့ဖြိုးရေးနှင့် သဘာဝပတ်ဝန်းကျင်ကို ထိခိုက်မှုမရှိစေဘဲ သီးနှံထုတ်လုပ်မှုတိုးမြှင့်ရေးအတွက် ဇရိယာအလိုက် သီးနှံပုံစံများ ချမှတ်ဆောင်ရွက်ရန်၊ လယ်ယာသုံးစက်ကိရိယာအသုံးပြုခြင်း၊ ထိန်းသိမ်းခြင်းနှင့် ပြုပြင်ခြင်းဆိုင်ရာ နည်းပညာများကို တောင်သူမိသားစုများ အကျွမ်းတဝင်ဖြစ်စေရေး စီမံဆောင်ရွက်ရန် လိုအပ်ချက်များကို တာဝန်ရှိသူများအား ဆွေးနွေးမှာကြားသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးသည် ထုံးဖို စိုက်ပျိုးရေးသုတေသနခြံ၏ မျိုးစေ့ဘဏ်၊ ဇီဝနည်းပညာနှင့် သီးနှံကာကွယ်ရေးသုတေသနလုပ်ငန်းများအား ကြည့်ရှုစစ်ဆေးပြီး လုပ်ငန်းဆိုင်ရာလိုအပ်ချက်များကို တာဝန်ရှိသူများအား ဆွေးနွေးမှာကြားသည်။

**ဆောင်ရွက်လျက်ရှိ**

ထုံးဖို စိုက်ပျိုးရေးသုတေသနခြံသည် အပင်တစ်သျှူးနည်းပညာဖြင့် ဒေသလိုအပ်ချက်နှင့် ကိုက်ညီသော သီးနှံနှင့် ပန်းမန်များ၊ ရှားပါး၍ မျိုးပွားရန်ခက်ခဲသော အပင်မျိုးများကို သုတေသနပြုမွေးမြူရွေးချယ်ခြင်း၊ အထူးသဖြင့် အာလူးမျိုးထုတ်လုပ်ခြင်း၊ ပြောင်းလဲလာသော ရာသီဥတုကို ခံနိုင်ရည်ရှိပြီး ရေရှည်တည်တံ့သော အထွက်နှုန်းကိုပေးနိုင်သည့် ဟင်းသီးဟင်းရွက်၊ ပန်းမန် မျိုးကောင်းမျိုးသန့်များ သုတေသနပြုဖော်ထုတ်ပေးခြင်း၊ ဒေသနေ တောင်သူများ ကြုံတွေ့နေရသည့် စိုက်ပျိုးရေးဆိုင်ရာပြဿနာများကို ဖြေရှင်းပေးနိုင်မည့် သုတေသနများ ရှာဖွေဖော်ထုတ်ပေးခြင်း၊ တောင်သူအခြေပြု သုတေသနစခန်းများ တည်ထောင်၍ သုတေသနရလဒ်များအား လက်တွေ့စိုက်ပျိုးပြသပြီး နည်းပညာဖြန့်ဝေခြင်းလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

သတင်းစဉ်

# မိုခါမုန်တိုင်းဒဏ်သင့်ပြည်သူများအတွက် ရန်ပုံငွေပဒေသာဖျော်ဖြေပွဲကြီး စည်ကားသိုက်မြိုက်စွာ ကျင်းပနိုင်ရန် ဌာနဆိုင်ရာများနှင့် ညှိနှိုင်းဆွေးနွေး

**ရန်ကုန် မေ ၂၉**

မိုခါမုန်တိုင်းဒဏ်သင့် ပြည်သူများအတွက် ရုပ်ရှင်၊ ဂီတ၊ သဘင် ပူးပေါင်းတင်ဆက်မှုဖြင့် ရန်ပုံငွေပဒေသာဖျော်ဖြေပွဲကြီးကို စည်ကားသိုက်မြိုက်စွာ ကျင်းပနိုင်ရန် မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးနှင့် ဌာနဆိုင်ရာများ ညှိနှိုင်းအစည်းအဝေးကို ယနေ့ နံနက်ပိုင်းက ရန်ကုန်မြို့ ဗဟန်းမြို့နယ်ရှိ မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံး၌ ကျင်းပသည်။

**တက်ရောက်**

အဆိုပါညှိနှိုင်းအစည်းအဝေးသို့ ရန်ကုန်တိုင်းဒေသကြီး ဥပဒေချုပ် ဦးဌေးအောင်၊ ဌာနဆိုင်ရာများမှတာဝန်ရှိသူများ၊ မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးနာယကနှင့် ဥက္ကဋ္ဌ၊ ရုပ်ရှင်ဒါရိုက်တာများ၊ ရုပ်ရှင်၊ ဂီတ၊ သဘင်အစည်းအရုံးမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ ရန်ကုန်တိုင်းဒေသကြီးဥပဒေချုပ် ဦးဌေးအောင်နှင့် မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံး ဥက္ကဋ္ဌတို့က နှုတ်ခွန်းဆက်စကားပြောကြားပြီး ရန်ပုံငွေပဒေသာကပွဲကြီး စည်ကားသိုက်မြိုက်စွာဖြင့် ကျင်းပနိုင်ရန် ဌာနဆိုင်ရာများမှတာဝန်ရှိသူများနှင့် ရုပ်ရှင်၊ ဂီတ၊ သဘင်မှ တာဝန်ရှိသူများက လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်သွားရန် တိုက်တွန်းပြောကြားသည်။

ရန်ပုံငွေပဒေသာကပွဲကြီးကို ဇွန် ၂ ရက်မှ ၄ ရက်အထိ သုံးရက်တိုင် ညနေ ၆ နာရီမှ ၉ နာရီခွဲအထိ ဖျော်ဖြေသွားမည်ဖြစ်ပြီး လာရောက်ကြည့်ရှုအားပေးကြမည့် ပြည်သူများ သွားလာရေး အဆင်ပြေချောမွေ့စေရန် YBS ယာဉ်လိုင်းများနှင့် တက္ကစီများစီစဉ်ထားရှိမှု၊ ရန်ပုံငွေပဒေသာကပွဲကြီးမစတင်မီနှင့် ဖျော်ဖြေနေစဉ်အတွက် သဒ္ဓါတရားထက်သန်ကြသည့် အလှူရှင်များလှူဒါန်းနိုင်ရန် စီမံဆောင်ရွက်ထားမှု၊ ဖျော်ဖြေရေးအစီအစဉ်များနှင့် လက်မှတ်များရရှိနိုင်ရန် စီမံဆောင်ရွက်ထားမှုတို့ကို သက်ဆိုင်ရာကဏ္ဍအလိုက် တာဝန်ယူဆောင်ရွက်နေသူများက တင်ပြဆွေးနွေးကြသည်။



မိုခါမုန်တိုင်းဒဏ်သင့်ဒေသမှ ပြည်သူများအတွက် အမျိုးသားဇာတ်ရုံတွင် ကျင်းပမည့်ရန်ပုံငွေပဒေသာဖျော်ဖြေပွဲကြီးတွင် လက်မှတ်များကို ငွေကျပ် ၅၀၀၀ မှ ၃၀၀၀၀ အထိ မေ ၂၉ ရက်မှစတင်၍ အမျိုးသားကဇာတ်ရုံနှင့် မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးတို့တွင် ရောင်းချပေးလျက်ရှိပြီး ငွေကျပ် ၅၀၀၀ အတွက် ထိုင်ခုံ ၄၈၂ လုံး၊ ငွေကျပ် ၁၀၀၀၀ အတွက် ထိုင်ခုံ ၁၃၆ လုံး၊ ငွေကျပ် ၂၀၀၀၀ အတွက် ထိုင်ခုံ ၁၀၂ လုံး၊ ငွေကျပ် ၃၀၀၀၀ အတွက် ထိုင်ခုံ ၃၀၈ လုံးတို့ကို ရောင်းချပေးလျက်ရှိသည်။ ရုပ်ရှင်၊ ဂီတ၊ သဘင်အစည်းအရုံးမှ အနုပညာရှင်တို့၏ စုပေါင်းအားဖြင့် ဖျော်ဖြေတင်ဆက်သွားမည့် ရန်ပုံငွေပွဲကြီးအတွက် မေ ၃၀ ရက်တွင် အနုပညာရှင်များ ဇာတ်တိုက်လေ့ကျင့်သွားမည်ဖြစ်ပြီး အနုပညာရှင်တို့၏ စည်းလုံးညီညွတ်မှု၊ ပြည်သူအတွက် အနုပညာစွမ်းအားဖြင့် အစဉ်ပေးဆပ်မှုတို့ဖြင့် ရန်ပုံငွေပွဲကြီးတွင် ရုပ်ရှင်၊ ဂီတ၊ သဘင်မှအနုပညာရှင်တို့၏ စွမ်းရည်ကိုတွေ့မြင်ရမည်ဖြစ်ရာ အဆိုပါ ပဒေသာကပွဲမှရရှိသော ရန်ပုံငွေများအား မိုခါမုန်တိုင်းဒဏ်သင့်ဒေသမှ ပြည်သူတို့အတွက် လှူဒါန်းသွားမည်ဖြစ်ကြောင်း သိရသည်။

သတင်း - ညိမ်းသူ(သတင်းစဉ်)၊ ဓာတ်ပုံ - ကနူး



ပြည်သူ့အကျိုးပြု လုပ်ငန်းစဉ်အဖြစ် သီပေါမြို့ အမှတ်(၂) အခြေခံပညာ အထက်တန်းကျောင်း ပတ်ဝန်းကျင်သန့်ရှင်းရေးလုပ်ငန်းများကို နယ်မြေခံတပ်ရင်း၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနနှင့် ဌာနဆိုင်ရာဝန်ထမ်းများက စုပေါင်းဆောင်ရွက်ကြစဉ်။

၂၁၀



မိုးရာသီအကြို စုပေါင်းသစ်ပင်စိုက်ပျိုးပွဲကို မေ ၂၉ ရက် နံနက်ပိုင်းက လပွတ္တာ-သဃ်န်းကြီးကားလမ်းအနီး မိုင်တိုင်အမှတ်(၁/၆)နေရာတွင် ကျင်းပရာ လပွတ္တာခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးဇော်မျိုးညွန့်၊ ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် ဒေသခံပြည်သူများက အပင်ပေါင်း ၆၃၀ ကို စိုက်ပျိုးကြစဉ်။ ခရိုင်(ပြန်/ဆက်)

## အသိပေးနှိုးဆော်ပန်ကြားခြင်း

၁။ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ၊ မန္တလေးတိုင်းဒေသကြီး မဟာအောင်မြေမြို့နယ် မဟာန္တယ်စဉ်ရပ်ကွက် ဗန်းမော်ကျောင်းတိုက်ကြီး၏ ပဓာနနာယကဆရာတော် အဘိဓဇ မဟာရဋ္ဌဂုရု အဘိဓဇ အဂ္ဂမဟာသဒ္ဓမ္မဇောတိက ဘဒ္ဒန္တကုမာရာဘိဝံသ မဟာထေရ်မြတ်ကြီး သက်တော်(၉၄)နှစ်၊ သိက္ခာတော်(၇၄)ဝါသည် မြန်မာသက္ကရာဇ် ၁၃၈၅ ခုနှစ်၊ နယုန်လဆန်း ၇ ရက်၊ ၂၀၂၃ ခုနှစ်၊ မေ ၂၅ ရက် (ကြာသပတေးနေ့) ည ၁၁ နာရီ ၁၁ မိနစ်တွင် ဘဝနတ်ထံပျံလွန်တော်မူခဲ့ပြီး ဆရာတော်ဘုရားကြီး၏ ဥတုဇရုပ်ကလာပ်တော်အား ဗန်းမော်ကျောင်းတိုက်၌ ပူဇော်ထားရှိပါသဖြင့် ရဟန်းရှင်လူ ပြည်သူအပေါင်းတို့ လာရောက်ဖူးမြော်ကြည်ညိုနိုင်ပါသည်။

၂။ ဗန်းမော်ဆရာတော်ဘုရားကြီး၏ အန္တိမအဂ္ဂိစျာပနပူဇာသဘင် အခမ်းအနားကို နိုင်ငံတော်အဆင့်နှင့်လျော်ညီစွာ ၁၃၈၅ ခုနှစ်၊ နယုန်လပြည့်ကျော် ၄ ရက်၊ ၂၀၂၃ ခုနှစ်၊ ဇွန် ၆ ရက်(အင်္ဂါနေ့) ညနေပိုင်းတွင် ဗန်းမော်ကျောင်းတိုက်ရှိ ယာယီစံကျောင်းတော်မှ ချမ်းမြသာစည်လေဆိပ်ဟောင်းသို့ အောက်ဖော်ပြပါလမ်းမများအတိုင်း ပင့်ဆောင်သွားမည်ဖြစ်ပါ၍ ရဟန်းရှင်လူပြည်သူများအနေဖြင့် ဗန်းမော်ကျောင်းတိုက်နှင့် ချမ်းမြသာစည်လေဆိပ်ဟောင်းတို့တွင် လည်းကောင်း၊ ပင့်ဆောင်ရာ လမ်းကြောင်းတစ်လျှောက် လမ်း၏ဘေး ဘယ်ညာတွင်လည်းကောင်း လာရောက်ဖူးမြော်ကြည်ညိုနိုင်ပါသည်-

(က) ၃၉ လမ်း မှ ၇၃ လမ်းအတိုင်း
(ခ ) ၇၃ လမ်း မှ ၃၈ လမ်းအတိုင်း
( ဂ ) ၃၈ လမ်း မှ ၇၈ လမ်းအတိုင်း
(ဃ) ၇၈ လမ်းမှ ချမ်းမြသာစည်လေဆိပ်ဟောင်း

၃။ ဗန်းမော်ဆရာတော်ဘုရားကြီး၏ အန္တိမအဂ္ဂိစျာပန ပူဇာသဘင်အတွက် ရဟန်းရှင်လူပြည်သူများမှ နဝကမ္မဝတ္ထုငွေနှင့် လှူဖွယ်ပစ္စည်းများအား ကိုယ်တိုင်ကိုယ်ကျလှူဒါန်းလိုပါက ဗန်းမော်ကျောင်းတိုက်ရှိ အလှူခံမဏ္ဍပ်တွင် လာရောက်လှူဒါန်းနိုင်ပါကြောင်းနှင့် အောက်ပါပုဂ္ဂိုလ်များထံသို့လည်း ဆက်သွယ်လှူဒါန်းနိုင်ပါကြောင်း နိဗ္ဗာန်အကျိုးမျှော်၍ အသိပေးနှိုးဆော်ပန်ကြားအပ်ပါသည်-

(က) ဒေါ်မော်လီစန်း ဖုန်းနံပါတ် - ၀၉-၄၄၁၀၁၉၂၈၃
( ခ ) ဦးစိုးမိုးသိမ်း ဖုန်းနံပါတ် - ၀၉-၉၇၀၈၂၃၆၈၈

**အန္တိမအဂ္ဂိစျာပနပူဇာသဘင်အခမ်းအနား**
**ကျင်းပရေးဦးစီးကော်မတီ**

# ဗန်းမော်ဆရာတော်ဘုရားကြီး၏ ဥတုဇရုပ်ကလာပ်တော်အား မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် သွားရောက်ဖူးမြော် ရုပ်ကလာပ်တော်အား တေဇောဓာတ်မီးပူဇော်ရန် လောင်တိုက်ပြာသာဒ်တည်ဆောက်နေမှုကို သွားရောက်ကြည့်ရှု

**မန္တလေး မေ ၂၉**

မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးအောင်သည် တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် ဝန်ကြီးများနှင့် တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းတွင် ဗန်းမော်ဆရာတော်ဘုရားကြီး၏ ဥတုဇရုပ်ကလာပ်တော်အား သွားရောက်ဖူးမြော်ပြီး ဩဝါဒဆရာတော်ကြီးများထံ ဆရာတော်ဘုရားကြီး၏ အန္တိမအဂ္ဂိစျာပနပူဇာသဘင်အခမ်းအနားနှင့် ရုပ်ကလာပ်တော်အား တေဇောဓာတ်မီးပူဇော်မည့် အခမ်းအနားများနှင့်စပ်လျဉ်း၍ ကြိုတင်ပြင်ဆင်ဆောင်ရွက်ထားရှိမှု အခြေအနေများကို လျှောက်ထားတင်ပြခဲ့သည်။



**ကြည့်ရှုစစ်ဆေး**

၎င်းနောက် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်အဖွဲ့သည် ဗန်းမော်ဆရာတော်ဘုရားကြီး၏ အန္တိမအဂ္ဂိစျာပနပူဇာသဘင်အခမ်းအနား ကျင်းပမည့် ချမ်းမြသာစည်လေဆိပ်ဟောင်းသို့ရောက်ရှိပြီး ဦးစီးကော်မတီများနှင့် လုပ်ငန်းကော်မတီများမှ အခမ်းအနားအတွက် ကြိုတင်ပြင်ဆင်ဆောင်ရွက်နေမှုနှင့် ဆရာတော်ဘုရားကြီး၏ ဥတုဇရုပ်ကလာပ်တော်အား တေဇောဓာတ်မီးပူဇော်မည့် လောင်တိုက်ပြာသာဒ်တည်ဆောက်နေမှုတို့ကို လိုက်လံကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ဆက်လက်၍ ဗန်းမော်ဆရာတော်ဘုရားကြီး၏ အန္တိမအဂ္ဂိစျာပနပူဇာသဘင်အခမ်းအနားနှင့် အရိုးဓာတ်ပြာတော်များကို ဧရာဝတီမြစ်အတွင်း ရေမျှောပူဇော်ရေးအခမ်းအနားနှင့်စပ်လျဉ်း၍ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို မွန်းလွဲပိုင်းတွင် မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး နှစ်ထပ်ဆောင် အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးတွင် တိုင်းဒေသကြီးဝန်ကြီးချုပ်က အမှာစကားပြောကြားသည်။ ထို့နောက် သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအေးထွန်းနှင့် အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် ဒုတိယတိုင်းမှူး ဗိုလ်မှူးချုပ် အောင်ဇော်ထွေးတို့က နိုင်ငံတော်အဆင့်နှင့်လျော်ညီစွာ ကျင်းပသည့်အခမ်းအနားဖြစ်သည့်အတွက် ကဏ္ဍများအလိုက် လုပ်ငန်းများဆောင်ရွက်ရာတွင် လစ်ဟာမှုမရှိစေရန် အချင်းချင်းချိတ်ဆက်ဆောင်ရွက်သွားရေး ဖြည့်စွက်မှာကြားခဲ့သည်။

**ညှိနှိုင်းဆောင်ရွက်**

ယင်းနောက် တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင်ဝန်ကြီးများ၊ ဦးစီးကော်မတီနှင့် လုပ်ငန်းကော်မတီများမှတာဝန်ရှိသူများက ဗန်းမော်ဆရာတော်ဘုရားကြီး၏ အန္တိမအဂ္ဂိ စျာပနပူဇာသဘင်အခမ်းအနားနှင့် အရိုးဓာတ်ပြာတော်များကို ဧရာဝတီမြစ်အတွင်း ရေမျှောပူဇော်ရေးအခမ်းအနားကို နိုင်ငံတော်အဆင့်နှင့်လျော်ညီစွာ ပြင်ဆင်ဆောင်ရွက်ထားရှိမှုနှင့်ပတ်သက်၍ တင်ပြဆွေးနွေးသည့်အပေါ် တိုင်းဒေသကြီးဝန်ကြီးချုပ်က ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

# မြန်မာမီဒီယာများအတွက် နျူကလီးယားစွမ်းအင်ဆိုင်ရာ အသိပညာမျှဝေဆွေးနွေးပွဲ ကျင်းပ

**ရန်ကုန် မေ ၂၉**

သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာနနှင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံပိုင် အဏုမြူစွမ်းအင်ကော်ပိုရေးရှင်း "ROSATOM" တို့အကြား နျူကလီးယားစွမ်းအင်အား ငြိမ်းချမ်းစွာအသုံးချရေး ရည်ရွယ်ချက်ဖြင့် ပူးပေါင်းဆောင်ရွက်ရန် လက်မှတ်ရေးထိုးထားသည့် "နျူကလီးယားစွမ်းအင်အပေါ် ပြည်သူလူထု၏ အပြုသဘောဆောင်သော သဘောထားအမြင်များ ရရှိရေးအတွက် ပူးပေါင်းဆောင်ရွက်ရေး နားလည်မှုစာချွန်လွှာ"အရ မြန်မာမီဒီယာများအတွက် နျူကလီးယားစွမ်းအင်ဆိုင်ရာ အသိပညာမျှဝေဆွေးနွေးပွဲကို ယနေ့နံနက် ၉ နာရီတွင် ရန်ကုန်မြို့ လှိုင်မြို့နယ်ရှိ နျူကလီးယား နည်းပညာသတင်းအချက်အလက်စင်တာ၌ ကျင်းပသည်။

အခမ်းအနားသို့ သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဒေါက်တာစိုင်းကျော်နိုင်ဦးနှင့် တာဝန်ရှိသူများ၊ ရုရှားဖက်ဒရေးရှင်းနိုင်ငံ နိုင်ငံပိုင် အဏုမြူစွမ်းအင်ကော်ပိုရေးရှင်း "ROSATOM" မှ ကိုယ်စားလှယ်များ၊ ပြန်ကြားရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများနှင့် မြန်မာနိုင်ငံအတွင်းရှိ သတင်းမီဒီယာဌာနများမှကိုယ်စားလှယ်များ တက်ရောက်ဆွေးနွေးကြသည်။

ဦးစွာ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဒေါက်တာစိုင်းကျော်နိုင်ဦးနှင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံ နိုင်ငံပိုင် အဏုမြူစွမ်းအင်ကော်ပိုရေးရှင်း "ROSATOM" မှဆက်သွယ်ရေးဌာန၏ အကြီးအကဲ Mr. Andrey Timonov တို့က အဖွင့်အမှာစကားပြောကြားသည်။




ထို့နောက် နျူကလီးယားနည်းပညာသတင်းအချက်အလက်စင်တာမှ တာဝန်ရှိသူနှင့် Strana Rosatom သတင်းဌာန အယ်ဒီတာချုပ်တို့က နျူကလီးယားနည်းပညာနှင့် နျူကလီးယားစွမ်းအင်ဆိုင်ရာ အသိပညာများကို ဆွေးနွေးတင်ပြကြပြီး တက်ရောက်လာသည့် သတင်းမီဒီယာများက သိရှိလိုသည်များ မေးမြန်း၍ ဉာဏ်စမ်းပဟေဠိများကို ဖြေဆိုကြကာ ဘေးအန္တရာယ်ကင်းရှင်းပြီး ယုံကြည်စိတ်ချမှုရှိသည့် သန့်ရှင်းသည့် စွမ်းအင်အမျိုးအစားဖြစ်သည့် နျူကလီးယားစွမ်းအင်နှင့်ပတ်သက်၍ ပိုမိုသိရှိနားလည်လာစေရန် သတင်းမီဒီယာများအား ပံ့ပိုးပေးခဲ့သည်။ **သတင်းစဉ်**





## စာရေးဝန်ထမ်းကြီးကြပ်သင်တန်း အမှတ်စဉ်(၉၂) သင်တန်းဖွင့်ပွဲကျင်းပ

**ရန်ကုန် မေ ၂၉**

နိုင်ငံ့ဝန်ထမ်းတက္ကသိုလ်(အောက်မြန်မာပြည်) စာရေးဝန်ထမ်းကြီးကြပ်သင်တန်းအမှတ်စဉ်(၉၂) သင်တန်းဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၈ နာရီတွင် အဆိုပါတက္ကသိုလ် ရတနာသိင်္ခခန်းမ၌ ကျင်းပရာ ဒုတိယပါမောက္ခချုပ်(စီမံခန့်ခွဲရေး) ဒေါ်မူမူမြင့်က သင်တန်းဖွင့်အမှာစကားပြောကြားသည်။

အခမ်းအနားသို့ ဒုတိယပါမောက္ခချုပ်(သင်ကြားရေး)၊ ဌာနကြီးမှူးများ၊ ပညာဌာနများမှ ပါမောက္ခများ၊ သင်ကြားပို့ချမည့် ဆရာ ဆရာမများနှင့် သင်တန်းသား သင်တန်းသူများ တက်ရောက်ကြသည်။

စာရေးဝန်ထမ်းကြီးကြပ်သင်တန်း အမှတ်စဉ်(၉၂)သို့ ဝန်ကြီးဌာနနှင့် အဖွဲ့အစည်းများမှ သင်တန်းသား ၄၅ ဦး၊ သင်တန်းသူ ၁၀၃ ဦး စုစုပေါင်း ၁၄၈ ဦး တက်ရောက်ပြီးသင်တန်းကာလမှာ မေ ၂၉ ရက်မှ ဩဂုတ် ၄ ရက်အထိ ရက်သတ္တ ၁၀ ပတ် ကြာမြင့်မည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# တူကီယဲနိုင်ငံ သမ္မတရွေးကောက်ပွဲတွင် လက်ရှိသမ္မတ အာဒိုဂန်အနိုင်ရရှိ

**အန်ကာရာ မေ ၂၉**

တူကီယဲနိုင်ငံ သမ္မတရွေးကောက်ပွဲတွင် လက်ရှိသမ္မတ အာဒိုဂန်အနိုင်ရရှိကြောင်း တူကီယဲနိုင်ငံ ရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ အာမက်ယီနာက ကြေညာလိုက်သည်။

ရွေးကောက်ပွဲရလဒ်များအရ လက်ရှိသမ္မတ အာဒိုဂန် သမ္မတအဖြစ် ပြန်လည်ရွေးချယ်ခြင်းခံရကြောင်း ၎င်းက သတင်းထောက်များအား ပြောကြားခဲ့သည်။ ဆန္ဒမဲအားလုံး၏ ၅၂ ဒသမ ၁၄ ရာခိုင်နှုန်းကို အာဒိုဂန်ကရရှိပြီး ၎င်း၏ပြိုင်ဘက် ကီမယ်ကီလစ်ဒါရိုလူက ၄၇ ဒသမ ၈၆ ရာခိုင်နှုန်း ရရှိကြောင်းသိရသည်။

မေ ၁၄ရက်က ကျင်းပခဲ့သည့်အကြိုရွေးကောက်ပွဲတွင် အာဒိုဂန်က ဆန္ဒမဲအားလုံး၏ ၄၉ ဒသမ ၅၂ ရာခိုင်နှုန်းရရှိကာ ကီမယ်ကီလစ်ဒါရိုလူက ၄၄ ဒသမ ၈၈ ရာခိုင်နှုန်း ရရှိခဲ့သည်။ သမ္မတ အာဒိုဂန်၏ ပြည်သူ့မဟာမိတ်ပါတီက အမတ်နေရာ ၆၀၀ ရှိသည့်ပါလီမန်တွင် အမတ်နေရာ ၃၂၃ နေရာ ရရှိခဲ့သည်။ တူကီယဲနိုင်ငံတွင် လက်ရှိစီးပွားရေး ပြဿနာများနှင့် လူနေမှုစရိတ်အကျပ်အတည်းများ ဖြစ်နေသည့်အကြားမှ ယခုကဲ့သို့အာဒိုဂန်အနိုင်ရရှိခဲ့ခြင်းဖြစ်သည်။

တူကီယဲနိုင်ငံအား ရာစုသစ်ဖွင့်လှစ်စေမည်ဖြစ်ကြောင်းနှင့် အစိုးရဌာနအဖွဲ့အစည်းများအား နိုင်ငံသားများနှင့် လိုက်လျောညီထွေရှိသည့် အဖွဲ့အစည်းများအဖြစ် ပြောင်းလဲတည်ထောင်ကာ နိုင်ငံအေးချမ်းတည်ငြိမ်မှုရှိစေရေးဆောင်ရွက်မည်ဟု ၎င်းက ပြောကြားသည်။

လက်ရှိမိမိ၏ ရွေးကောက်ပွဲအောင်မြင်မှုသည် နိုင်ငံသား ၈၅ သန်းလုံး၏အောင်မြင်မှုပင်ဖြစ်ကြောင်း၊ ယခုအချိန်မှစတင်၍ နိုင်ငံသားအားလုံး စည်းလုံးညီညွတ်စွာဖြင့် အမျိုးသားရေးရည်မှန်းချက်များကို အကောင်အထည်ဖော် ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း ၎င်းက မှတ်ချက်ပြုသည်။ **ကိုးကား- ဆင်ဟွာ**

**ဘာသာပြန်- အလင်းသစ်**



# အနောက်ပစိဖိတ်ဒေသ၌ ဆေးရွက်ကြီးစိုက်ပျိုးမှုရပ်တန့်ရေး ကမ္ဘာ့ကျန်းမာရေးအဖွဲ့တောင်းဆို



**မနီလာ မေ ၂၉**

အနောက်ပစိဖိတ်ဒေသ၌ ဆေးရွက်ကြီးစိုက်ပျိုးမှုများအား ရပ်ဆိုင်းပြီး သီးနှံစိုက်ပျိုးမှုများကို မြှင့်တင်ခြင်းအားဖြင့် ဒေသခံများကို စားရေရိက္ခာ ပံ့ပိုးနိုင်ကြောင်း ဒေသတွင်းနိုင်ငံများရှိ အစိုးရများအား ကမ္ဘာ့ကျန်းမာရေးအဖွဲ့က ယနေ့ ပြောကြားသည်။

လက်ရှိအချိန်သည် ဆေးရွက်ကြီး စိုက်ပျိုးရမည့်အချိန်မဟုတ်ဘဲ သီးနှံများကို တိုးချဲ့စိုက်ပျိုးရမည့်အချိန်ဖြစ်ကြောင်းနှင့် ဆေးလိပ်သောက်သုံးမှုများကြောင့် ဒေသအတွင်းနှစ်စဉ် ဒေသခံ သုံးသန်း သေဆုံးနေရကြောင်း ကမ္ဘာ့ကျန်းမာရေးအဖွဲ့ အနောက်ပစိဖိတ်ဒေသဆိုင်ရာ ညွှန်ကြားရေးမှူး ဇူဇာနာဂျာကတ်က မှတ်ချက်ပြုသည်။

ဒေသတွင်းအစိုးရများက နိုင်ငံသားများ၏ ကျန်းမာရေးကို စဉ်းစားခြင်းမပြုဘဲ ဆေးရွက်ကြီးစိုက်ပျိုးရေးကို ဆောင်ရွက်လာကြသဖြင့် နိုင်ငံသားများ၏ ကျန်းမာရေးထိခိုက်ကာ စားရေရိက္ခာများ ရှားပါးလာကြောင်း ၎င်းက ဆိုသည်။

ဒေသတွင်းရှိ မြေဟက်တာတစ်သန်းကျော်ကို ဆေးရွက်ကြီးစိုက်ပျိုးမြေအဖြစ် သုံးစွဲနေရသောကြောင့် ဒေသခံများ၏ စားရေရိက္ခာရှားပါးလာရခြင်း ဖြစ်ကြောင်း သိရသည်။

ဆေးရွက်ကြီးနေရာတွင် အခြားသီးနှံများကို အစားထိုးစိုက်ပျိုးခြင်းဖြင့် စားရေရိက္ခာလုံလောက်စေရေး ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း ကမ္ဘာ့ကျန်းမာရေးအဖွဲ့က ပြောကြားသည်။

**ကိုးကား- ဆင်ဟွာ**

**ဘာသာပြန်- စိုးသူရ**

## ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ် မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၃၀-၅-၂၀၂၃

ကျပ်/လီတာ

| Fuel (လက်လီဈေးနှုန်း) | ရန်ကုန် | မန္တလေး | နေပြည်တော် | ပဲခူး | မကွေး | ထားဝယ် | မုံရွာ | ပုသိမ် | မြစ်ကြီးနား | စစ်တွေ | ဘားအံ | မော်လမြိုင် | လားရှိုး | တောင်ကြီး | လွိုင်ကော် | ဟားခါး | ကျိုင်းတုံ |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 92 Ron | ၁၉၈၅ | ၂၀၃၀ | ၂၀၂၅ | ၁၉၉၀ | ၂၀၃၀ | ၂၀၅၅ | ၂၀၄၀ | ၂၀၃၅ | ၂၁၁၅ | ၂၁၃၀ | ၂၀၂၅ | ၂၀၃၀ | ၂၀၇၀ | ၂၀၇၀ | ၂၀၇၀ | ၂၃၀၀ | ၂၇၀၀ |
| 95 Ron | ၂၀၉၀ | ၂၁၄၀ | ၂၁၃၅ | ၂၁၀၀ | ၂၁၃၅ | ၂၁၆၀ | ၂၁၄၅ | ၂၁၂၅ | ၂၂၂၀ | ၂၂၃၅ | ၂၁၃၀ | ၂၁၄၅ | ၂၁၇၅ | ၂၁၇၅ | ၂၁၈၀ | ၂၄၁၀ | ၂၈၀၅ |
| HSD (500 ppm) | ၁၉၁၀ | ၁၉၆၀ | ၁၉၆၀ | ၁၉၂၀ | ၁၉၆၀ | ၁၉၈၅ | ၁၉၈၀ | ၁၉၄၅ | ၂၀၆၅ | ၂၀၆၀ | ၁၉၅၀ | ၁၉၆၅ | ၂၀၀၀ | ၂၀၀၀ | ၂၀၀၀ | ၂၂၃၀ | ၂၈၀၅ |
| HSD (50 ppm) | ၁၉၉၀ | ၂၀၄၀ | ၂၀၄၀ | ၂၀၀၀ | ၂၀၄၀ | ၂၀၆၅ | ၂၀၆၀ | ၂၀၂၅ | ၂၁၄၅ | ၂၁၄၀ | ၂၀၃၀ | ၂၀၄၅ | ၂၀၈၀ | ၂၀၈၀ | ၂၀၈၀ | ၂၃၁၀ | ၂၈၆၅ |
| HSD (10 ppm) | ၁၉၉၀ | ၂၀၄၀ | ၂၀၄၀ | ၂၀၀၀ | ၂၀၄၀ | ၂၀၆၅ | ၂၀၆၀ | ၂၀၂၅ | ၂၁၄၅ | ၂၁၄၀ | ၂၀၃၀ | ၂၀၄၅ | ၂၀၈၀ | ၂၀၈၀ | ၂၀၈၀ | ၂၃၁၀ | ၂၈၆၅ |

ကျပ်/လီတာ

| Fuel (လက်ကားဈေးနှုန်း) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၁၈၇၉ | ၁၉၅၁ |
| 95 Ron | ၁၉၈၂ | ၂၀၅၆ |
| HSD (500 ppm) | ၁၈၁၄ | ၁၈၈၀ |
| HSD (50 ppm) | ၁၈၈၈ | ၁၉၅၅ |
| HSD (10 ppm) | ၁၈၈၈ | ၁၉၅၅ |

မှတ်ချက်။ (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) သုံးစွဲသူမိဘပြည်သူများအနေဖြင့် စက်သုံးဆီများဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇- ၄၀၉၈၈၈၊ ၀၉-၆၉၉၆၁၁၁၆

၀၆၇- ၄၁၁၁၂၉၊ ၀၉-၄၄၀၄၃၃၅၃၃

**စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ**

## ဓာတ်ခွဲနမူနာစုစုပေါင်း ၆၆၉၃ ခု စစ်ဆေးပြီးစီး ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် ၅၈ ဦး တွေ့ရှိ

**ကိုဗစ်-၁၉ ရောဂါ စောင့်ကြပ်ကြည့်ရှုမှုနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း (၂၉-၅-၂၀၂၃) ရက်နေ့၊ ည (၈:၀၀) နာရီ**

ကျန်းမာရေးဝန်ကြီးဌာနသည် ကိုဗစ်-၁၉ သံသယလူနာများ၊ ဓာတ်ခွဲအတည်ပြုလူနာနှင့် အနီးကပ်ထိတွေ့ခဲ့သူများနှင့် အသွားအလာကန့်သတ်ထားရှိသူများအား ကိုဗစ်-၁၉ ရောဂါ ရှိ၊ မရှိ ဓာတ်ခွဲစစ်ဆေးခြင်း ပုံမှန်ဆောင်ရွက်လျက်ရှိပြီး (၂၈-၅-၂၀၂၃) ရက်နေ့၊ ည (၈:၀၀) နာရီမှ (၂၉-၅-၂၀၂၃) ရက်နေ့၊ ည (၈:၀၀) နာရီအတွင်း ဓာတ်ခွဲနမူနာစုစုပေါင်း (၆,၆၉၃) ခုအား စစ်ဆေးပြီးစီးခဲ့ရာ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် (၅၈) ဦး တွေ့ရှိရပါသည်။ ထို့ကြောင့် ယနေ့အတွက် ရောဂါပိုးတွေ့ရှိမှု ရာခိုင်နှုန်းမှာ (၀.၈၇) ရာခိုင်နှုန်း ရှိပါသည်။

သို့ဖြစ်ပါ၍ ယနေ့အထိ ဓာတ်ခွဲနမူနာစုစုပေါင်း (၁၀,၆၃၀,၆၄၇) ခုအား စစ်ဆေးခဲ့ပြီး ကိုဗစ်-၁၉ ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း (၆၃၈,၇၂၆) ဦး ရှိပြီဖြစ်ပါသည်။ ဓာတ်ခွဲအတည်ပြုလူနာများအား နေအိမ်တွင် သီးခြားထားရှိခြင်းနှင့် ဆေးရုံများတွင် သီးခြားထားရှိကုသမှုပေးခြင်းများ ဆောင်ရွက်ခဲ့ရာ ယနေ့တွင် ပြန်လည်ကောင်းမွန်လာသူ (၇၁) ဦး ရှိသဖြင့် ယနေ့အထိ ပြန်လည်ကောင်းမွန်လာသူစုစုပေါင်း (၆၁၇,၆၉၂) ဦး ရှိပြီဖြစ်ပါသည်။ ယနေ့တွင် ကိုဗစ်-၁၉ ရောဂါဖြင့် သေဆုံးသူမရှိသဖြင့် ယနေ့အထိ သေဆုံးသူစုစုပေါင်း (၁၉,၄၉၄) ဦး ရှိပါသည်။

ကိုဗစ်-၁၉ ရောဂါဆိုင်ရာ သတင်းအချက်အလက်များကို ကျန်းမာရေးဝန်ကြီးဌာန၏ အင်တာနက်စာမျက်နှာ www.moh.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

**ကျန်းမာရေးဝန်ကြီးဌာန**

## “ပြည်သူ့ကြားက ပြည်သူ့စကား” အစီအစဉ် ထုတ်လွှင့်မည်

**နေပြည်တော် မေ ၂၉**

မျက်မှောက်ကာလတွင် ဖြစ်ပွားလျက်ရှိသော လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးနှင့် အကြမ်းဖက်မှုတားဆီးရေးဆိုင်ရာကိစ္စရပ်များနှင့်ပတ်သက်၍ ပရိသတ်များ၏ ရင်တွင်းခံစားချက်စကားသံများအား သဇင် FM၏ **“ပြည်သူ့ကြားက ပြည်သူ့စကား”**အစီအစဉ်မှ **“မန္တလေးမှ မီးရထား ဆရာဝန်ကြီးအား PDF အကြမ်းဖက်သမားများက သေနတ်ဖြင့်ပစ်ခတ်ခဲ့သည့်ဖြစ်စဉ်”** ခေါင်းစဉ်ဖြင့် ၃၁-၅-၂၀၂၃ ရက် မွန်းလွဲ ၁ နာရီတွင် ထုတ်လွှင့်တင်ဆက်ပေးသွားမည်ဖြစ်ပါသည်။

လာမည့် အပတ်ဗုဒ္ဓဟူးနေ့မွန်းလွဲ ၁ နာရီတွင် **“မန္တလေးမြို့နှင့် စစ်ကိုင်းမြို့များအတွင်း အကြမ်းဖက်လုပ်ငန်းများနှင့် အပြစ်မဲ့ပြည်သူများအား ဒလန်ဟုစွပ်စွဲ၍ လုပ်ကြံသတ်ဖြတ်ခဲ့သည့် PDF အကြမ်းဖက်အဖွဲ့ဝင်များအား ဖမ်းဆီးရမိ”** ခေါင်းစဉ်ဖြင့် ဆွေးနွေးတင်ဆက်မည် ဖြစ်သောကြောင့် ပါဝင်ဆွေးနွေးလိုသူ ပရိသတ်များအနေဖြင့် အပတ်စဉ် ကြာသပတေးနေ့ နံနက် ၁၀ နာရီမှ ၁၁ နာရီအတွင်း ဖုန်းနံပါတ် ၀၉၈၉၉၀၉၉၅၉၅ သို့ အမည်၊ နေရပ်လိပ်စာ၊ အလုပ်အကိုင်နှင့် ပြန်လည်ဆက်သွယ်ရမည့်ဖုန်းနံပါတ်တို့ကို Message ပေးပို့ပါဝင်နိုင်ပြီဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။ ပါဝင်လာသည့် ပရိသတ်များ၏ ဖုန်းနံပါတ်များနှင့် ကိုယ်ရေးအချက်အလက်များအား လျှို့ဝှက်ပေးထားမည်ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**




## ကာကွယ်ရေးဦးစီးချုပ်(ရေ) ဗိုလ်ချုပ်ကြီး မိုးအောင် စစ်တွေမြို့နှင့် ကျောက်ဖြူမြို့တို့ရှိ နယ်မြေခံရေတပ်စခန်းများ ကြည့်ရှုစစ်ဆေးပြီး ပြန်လည်တည်ဆောက်ရေးအတွက် လိုအပ်သည်များပေါင်းစပ်ညှိနှိုင်း



**နေပြည်တော် မေ ၂၉**

ရခိုင်ပြည်နယ် စစ်တွေမြို့သို့ ရောက်ရှိနေသော ကာကွယ်ရေးဦးစီးချုပ်(ရေ) ဗိုလ်ချုပ်ကြီး မိုးအောင်သည် ယနေ့နံနက်ပိုင်းတွင် အနောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ် ထင်လတ်ဦး၊ နယ်မြေခံရေတပ်ကွပ်ကဲမှုဌာနချုပ်မှူး၊ နယ်မြေခံ ရေတပ်စခန်းဌာနချုပ်မှူးနှင့် တာဝန်ရှိသူများလိုက်ပါလျက် နယ်မြေခံတပ်ဌာနချုပ်များအား လှည့်လည်ကြည့်ရှုပြီး အရာရှိ၊ စစ်သည်၊ မိသားစုဝင်များအား တွေ့ဆုံအားပေးစကားပြောကြားသည်။ ထို့နောက် ပြန်လည်ထူထောင်ရေးနှင့် ကူညီကယ်ဆယ်ရေးပစ္စည်းများ သယ်ယူပို့ဆောင်ရေးတာဝန် ထမ်းဆောင်နေသော စစ်ရေယာဉ်မှူးများအားတွေ့ဆုံပြီး ပစ္စည်းများ အချိန်မီရောက်ရှိရေး၊ စနစ်တကျသယ်ယူပို့ဆောင်ရေးနှင့် အမြန်ဖြန့်ခွဲရေးတို့အတွက် လိုအပ်သည်များ မှာကြားသည်။

**ထောက်ပံ့ပစ္စည်းများပေးအပ်**

ထို့နောက် ကျောက်ဖြူမြို့သို့ ဆက်လက်ထွက်ခွာခဲ့ပြီး တပ်မတော်(ရေ)စစ်ရေယာဉ်ဖြင့် သံဇစ်မြစ်ကြောင်းတစ်လျှောက် လှည့်လည်ကြည့်ရှု၍ နယ်မြေခံရေတပ် အခြေစိုက်စခန်းများသို့သွားရောက်ကြည့်ရှုစစ်ဆေးပြီး အရာရှိ၊ စစ်သည်၊ မိသားစုဝင်များအား တွေ့ဆုံအားပေးစကားပြောကြားကာ ထောက်ပံ့ပစ္စည်းများပေးအပ်၍ လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

## ရခိုင်ပြည်နယ်အတွင်း ဒေသအလိုက် ခန့်အပ်တာဝန်ပေးသူများက သက်ဆိုင်ရာ တာဝန်ရှိသူများနှင့်အတူ ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ကူညီဆောင်ရွက်လျက်ရှိ

**နေပြည်တော် မေ ၂၉**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် ဆိုင်ကလုန်းမုန်တိုင်း(မိုခါ) တိုက်ခတ်မှုကြောင့် ထိခိုက်ပျက်စီးခဲ့သည့် ဒေသများကို သဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဥပဒေပုဒ်မ ၁၁ အရ သဘာဝဘေးအန္တရာယ်ကျရောက်သော ဒေသများအဖြစ်ကြေညာချက်များ ထုတ်ပြန်၍ ယင်းကြေညာချက်များပါ ဒေသများတွင် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရန် ဒေသအလိုက် တပ်မတော်အရာရှိကြီးများကို ခန့်အပ်တာဝန်ပေးထားပြီးဖြစ်သည်။

ထိုသို့ ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်ရန်အတွက် ခန့်အပ်တာဝန်ပေးအပ်ထားရှိရာ ယနေ့တွင် ကျောက်ဖြူမြို့သို့ ရောက်ရှိနေသော ဒုတိယဗိုလ်ချုပ်ကြီး လူအေးသည် တာဝန်ရှိသူများနှင့်အတူ သောက်သုံးရေခက်ခဲနေသော ငလပွေ့ရပ်ကွက်သို့ သောက်သုံးရေများ ဖြန့်ဝေပေးခြင်း၊ စေတီယျရပ်ကွက်ရှိ ဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးခြင်း၊ စားသောက်ဖွယ်ရာများနှင့် သောက်သုံးရေများ ဖြန့်ဝေပေးခြင်း၊ ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရန်အတွက် ဌာနဆိုင်ရာများ၊ ရပ်ကွက်/ကျေးရွာအုပ်ချုပ်ရေးအဖွဲ့ဝင်များ၊ ပညာရေးဌာနမှ ဆရာ ဆရာမများအား မြို့နယ်အထွေထွေအုပ်ချုပ်ရေးမှူးရုံး၌ တွေ့ဆုံ၍ တင်ပြချက်များအပေါ် လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးခဲ့သည်။



ဒုတိယဗိုလ်ချုပ်ကြီးလူအေး ကျောက်ဖြူမြို့နယ်ရှိ ဒေသခံပြည်သူများအား သောက်သုံးရေများ ပေးအပ်စဉ်။

အလားတူ မောင်တောခရိုင် ဘူးသီးတောင်မြို့နယ်သို့ ရောက်ရှိနေသော ဒုတိယဗိုလ်ချုပ်ကြီး အေးဝင်းသည် တာဝန်ရှိသူများနှင့်အတူ မြို့နယ်သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုခန်းမ၌ ဌာနဆိုင်ရာများ၊ ကျေးရွာအုပ်စု ၈၄ အုပ်စုမှ အုပ်ချုပ်ရေးမှူးများနှင့် တွေ့ဆုံခြင်း၊ ကယ်ဆယ်ရေးပစ္စည်းများ ထောက်ပံ့ပေးပြီး တင်ပြချက်များအပေါ် လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးခြင်းများကို ဆောင်ရွက်ခဲ့သည်။

ထို့အတူ သံတွဲမြို့သို့ ရောက်ရှိနေသော ဗိုလ်ချုပ်စိုးနိုင်ဦးသည် တာဝန်ရှိသူများနှင့်အတူ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်းခန်းမ၌ ၂၀၂၂-၂၀၂၃ ပညာသင်နှစ် ဘက်စုံထူးချွန်ဆုရ ကျောင်းသားကျောင်းသူများအား ဂုဏ်ပြုလက်ဆောင်များ ချီးမြှင့်ပေးခြင်း၊ အခြေခံပညာကျောင်းအသီးသီးမှ ကျောင်းသားကျောင်းသူများအား ကျောင်းသုံးစာအုပ်နှင့် ထောက်ပံ့ပစ္စည်းများ ပေးအပ်ခြင်းများ ဆောင်ရွက်ခဲ့သည်။ ၎င်းနောက် ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမတွင်လည်း ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်ခြင်း အစည်းအဝေးကို တက်ရောက်ခဲ့ပြီး တင်ပြချက်များအပေါ် လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ခဲ့သည်။

အလားတူ မြေပုံမြို့သို့ ရောက်ရှိနေသော ဗိုလ်မှူးချုပ် ကျော်ကျော်စိုးသည် တာဝန်ရှိသူများနှင့်အတူ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ မြို့နယ်သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုအဖွဲ့များနှင့်အတူ မုန်တိုင်းဒဏ်ကြောင့် ပျက်စီးဆုံးရှုံးမှု စာရင်းဇယားများ မှန်ကန်စေရေး ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

## မိုင်းပျဉ်းမြို့၌ ရေကြီးရေလျှံမှုမဖြစ်ပေါ်စေရေး ရေနုတ်မြောင်းများ နုန်းဆယ်ရှင်းလင်းခြင်းဆောင်ရွက်

**မိုင်းပျဉ်း မေ ၂၉**

ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိုင်းပျဉ်းမြို့၌ ရေကြီးရေလျှံမှု မဖြစ်ပေါ်စေရေးအတွက် ရေနုတ်မြောင်းများ နုန်းဆယ်ရှင်းလင်းဆောင်ရွက်နေမှုကို ယနေ့နံနက် ၉ နာရီက မိုင်းပျဉ်းမြို့ အလယ်ပိုင်းရပ်ကွက်တွင် ကွင်းဆင်းစစ်ဆေး ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**ကြည့်ရှုစစ်ဆေး**

ထိုသို့ကွင်းဆင်းစစ်ဆေး ဆောင်ရွက်ရာတွင် မိုင်းပျဉ်းမြို့နယ် စည်ပင်သာယာရေးဌာနမှ အမှုဆောင်အရာရှိဦးကျော်ကျော်ဦး၊ တာဝန်ခံအင်ဂျင်နီယာ ဦးစိုင်းနွံမောင်၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ဒုတိယဦးစီးမှူး ဦးဇင်ထက်ဝေ၊ အလယ်ပိုင်းရပ်ကွက် အုပ်ချုပ်ရေးမှူး ဦးစိုင်းနွန်တို့က မြို့တွင်းရေကြီးရေလျှံမှုမဖြစ်ပေါ်စေရေး ရေနုတ်မြောင်းအတွင်း နုန်း၊ အမှိုက်၊ သစ်တိုသစ်စ၊ ရေနုတ်မြောင်းပတ်ဝန်းကျင်ရှင်းလင်းနေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

# ကော့သောင်းမြို့၌ မိုးရာသီအကြိုသစ်ပင်စိုက်ပျိုးပွဲတော် ကျင်းပ

ကော့သောင်း မေ ၂၉

မိုးရာသီအကြို စုပေါင်းသစ်ပင်စိုက်ပျိုးပွဲတော်ကို ယနေ့ နံနက် ၈ နာရီက ကော့သောင်းမြို့ ရွှေပြည်စိုးကျေးရွာ ခုနစ်မိုင် ဂေါက်ကလပ်ကွင်း၌ ကျင်းပသည်။

ဦးစွာ တနင်္သာရီတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြတ်ကိုက ခရိုင်/မြို့နယ် ပညာရေးမှူးများအားလည်းကောင်း၊ မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့နှင့် ကြက်ခြေနီအသင်းအားလည်းကောင်း၊ မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းနှင့် အမျိုးသမီးရေးရာအဖွဲ့တို့မှကိုယ်စားလှယ်များအားလည်းကောင်း ပျိုးပင်များ ဖြန့်ဝေပေးအပ်သည်။

ယင်းနောက် ဝန်ကြီးချုပ်နှင့် တိုင်းဒေသကြီး အစိုးရအဖွဲ့ဝင်များ၊ ခရိုင်/မြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌများနှင့် ဌာနဆိုင်ရာဝန်ထမ်းများ၊ ခရိုင်သစ်တောဦးစီးဌာနမှ တာဝန်ရှိသူများ၊ NGO အဖွဲ့ဝင်များ၊ ရပ်ကွက်ပြည်သူများက သတ်မှတ်ထားသည့် နေရာများတွင် တပျော်တပါး စုပေါင်းစိုက်ပျိုးခဲ့ကြပြီး တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့်အဖွဲ့မှ စုပေါင်းသစ်ပင်စိုက်ပျိုးမှုကို လှည့်လည်ကြည့်ရှုအားပေးခဲ့ကြကြောင်း သိရသည်။

အဆိုပါ မိုးရာသီအကြိုသစ်ပင်စိုက်ပျိုးပွဲတွင် မဟော်ဂနီပင် ၂၂၀၊ ပျဉ်းကတိုးပင် ၂၂၀၊ မန်ဂျန်ရှားပင် ၁၁၀ စုစုပေါင်း သစ်မျိုး သုံးမျိုး သစ်ပင်ပေါင်း ၅၅၀ တို့အား ကော့သောင်းမြို့ ရွှေပြည်စိုးကျေးရွာ ခုနစ်မိုင် ဂေါက်ကလပ်ဝန်းကျင် စိမ်းလန်းစိုပြည်ရေး စုပေါင်းစိုက်ပျိုးပေးခဲ့ကြကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)



# စစ်တွေမြို့နယ် ခေါင်းဒုက္ခာကျေးရွာအုပ်စုနှင့် အနီးပတ်ဝန်းကျင်ရှိ ကျေးရွာသူ ကျေးရွာသားများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ကြည့်ရှုစစ်ဆေးခြင်းနှင့် သံဃာတော်များအား လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်း

နေပြည်တော် မေ ၂၉

ရခိုင်ပြည်နယ်အတွင်း သဘာဝဘေးသင့်ပြည်သူများအား ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း) ဆေးဝန်ထမ်းတပ်ဖွဲ့ ညွှန်ကြားရေးမှူးရုံး ကွပ်ကဲမှုအောက်မှ အထူးဆေးအဖွဲ့များ၊ အနောက်ပိုင်းတိုင်းစစ်ဌာနချုပ်၊ နယ်မြေခံဆေးကုသရေးအဖွဲ့များနှင့် ကျန်းမာရေးဦးစီးဌာနမှ ကျန်းမာရေးဝန်ထမ်းများက ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိသည်။

**ဆေးဝါးကုသမှုများ ဆောင်ရွက်ပေး**

ထိုသို့ ဆောင်ရွက်ပေးလျက်ရှိရာ ဆေးကုသရေးအဖွဲ့က ယနေ့တွင် စစ်တွေမြို့နယ် ခေါင်းဒုက္ခာကျေးရွာအုပ်စုနှင့် အနီးပတ်ဝန်းကျင် ကျေးရွာများမှ ကျေးရွာသူ ကျေးရွာသားများအား သွေးတိုးရောဂါ၊ ဝမ်းပျက်ဝမ်းလျှောရောဂါ၊ အရိုး/ အကြောရောဂါ၊ အထွေထွေရောဂါတို့နှင့်ပတ်သက်၍ လိုအပ်သည့် ဆေးဝါးကုသမှုများ ဆောင်ရွက်ပေးသည်။ ယင်းသို့ ဆောင်ရွက်ပေးနေမှုများကို ကာကွယ်ရေးဦးစီးချုပ်ရုံး



(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး ဖုန်းမြတ်၊ တိုင်းမှူး ဗိုလ်ချုပ် ထင်လတ်ဦးနှင့် တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးပြီး အာဟာရဖြည့်စားသောက်ဖွယ်ရာများပေးအပ်သည်။ ထို့နောက် ကျေးရွာမှ တာဝန်ရှိသူများနှင့် တွေ့ဆုံ၍ ကျေးရွာသူ ကျေးရွာသားများ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီး ဖုန်းမြတ်၊ တိုင်းမှူးနှင့် တာဝန်ရှိသူများသည် စစ်တွေမြို့နယ်အတွင်း မုန်တိုင်းကြောင့် ပျက်စီးမှုများဖြစ်ပေါ်ခဲ့သည့် အဆောက်အအုံများ ပြန်လည်ပြုပြင်တည်ဆောက်နေမှု၊ ယာယီနေထိုင်ရန်စီစဉ်ထားသည့် အဆောက်အအုံများ ဆောင်ရွက်ထားရှိမှု၊ သောက်သုံးရေ လုံလောက်စွာရရှိရေးအတွက် အဝီစိတွင်းများ တူးဖော်ထားရှိမှုတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးရာ တာဝန်ရှိသူများက လိုက်လံရှင်းလင်းပြသကြသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး ဖုန်းမြတ်၊ တိုင်းမှူးနှင့် တာဝန်ရှိသူများသည် စစ်တွေမြို့ ရွှေစေတီပရိယတ္တိစာသင်တိုက်နှင့် နန္ဒာရာမပရိယတ္တိစာသင်တိုက်များသို့ သွားရောက်၍ သံဃာတော်များအား ဖူးမြော်ကြည်ညိုပြီး လှူဖွယ်ပစ္စည်းများနှင့် နဝကမ္မအလှူငွေများ ဆက်ကပ်လှူဒါန်းခဲ့ကြောင်း သိရသည်။

သတင်းစဉ်

# ဓနုဖြူမြို့နယ်၌ အသက်မွေးဝမ်းကျောင်း အထောက်အကူပြု သင်တန်းဆင်းပွဲ ကျင်းပ

ဓနုဖြူ မေ ၂၉

ဧရာဝတီတိုင်းဒေသကြီး ဓနုဖြူမြို့နယ်တွင် အသက်မွေးဝမ်းကျောင်း အထောက်အကူပြု လျှပ်စစ်သံဂဟေဆက် သင်တန်းဆင်းပွဲကို ယနေ့နံနက်ပိုင်းက မြင်းစုကျေးရွာရှိ ဘုန်းတော်ကြီးကျောင်း၌ ကျင်းပသည်။

အဆိုပါသင်တန်းကို ဓနုဖြူမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက မေ ၁၅ ရက်မှ ၂၉ ရက်အထိ ဖွင့်လှစ်သင်ကြားခဲ့ခြင်းဖြစ်သည်။

အဆိုပါ အခမ်းအနားသို့ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဒုတိယအုပ်ချုပ်ရေးမှူး ဦးချစ်ဝေအောင်နှင့် တာဝန်ရှိများ၊ သင်တန်းသားများ တက်ရောက်ခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)



ရန်ကုန်တိုင်းဒေသကြီး အလုံမြို့နယ် ကမ်းနားလမ်းတစ်လျှောက်ရှိ ကောင်းကင်ဓာတ်အားလိုင်းနှင့် လွတ်ကင်းမှုမရှိသော သစ်ပင်သစ်ကိုင်းများ ခုတ်ထွင်ရှင်းလင်းခြင်းကို မေ ၂၈ ရက်က ဆောင်ရွက်စဉ်။ မောင်မောင်(လျှပ်စစ်)

**❂ ကျောဖုံးမှ**

ထို့အတူ မောင်တောမြို့သို့ ရောက်ရှိနေသည့် ကူညီကယ်ဆယ်ရေးအဖွဲ့များသည် ပေါက်တောပြင်(ခ)တန်းအေးကျေးရွာတွင် လိုအပ်သည့် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးခြင်း၊ သောက်သုံးရေများ ဖြန့်ဝေပေးခြင်းများကို ဆောင်ရွက်ပေးလျက်ရှိသည်။ ထို့အပြင် ရသေ့တောင်မြို့နယ် ဒုံးပိုက်ကျေးရွာရှိ ဘုန်းတော်ကြီးကျောင်းမှသံဃာတော်များအား လိုအပ်သည့် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးခြင်းနှင့် ဒေသခံပြည်သူများအား သောက်သုံးရေ ဖြန့်ဝေပေးခြင်းများကို ဆောင်ရွက်ပေးလျက်ရှိသည်။

အလားတူ ကျောက်ဖြူမြို့သို့ ရောက်ရှိနေသည့် ကူညီကယ်ဆယ်ရေးအဖွဲ့များသည် စေတီယျရပ်ကွက်တွင် လိုအပ်သည့် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများနှင့် စားသောက်ဖွယ်ရာများ လှူဒါန်းခြင်းကို ဆောင်ရွက်ပေးလျက်ရှိပြီး ငလပွေ့ရပ်ကွက်တွင် သောက်သုံးရေ ဖြန့်ဝေပေးခြင်းများကို ဆောင်ရွက်ပေးလျက်ရှိသည်။

ထို့အတူ ဘူးသီးတောင်မြို့သို့ ရောက်ရှိနေသည့် တာဝန်ရှိသူများနှင့် ကူညီကယ်ဆယ်ရေးအဖွဲ့များသည် သဘာဝဘေးဒဏ်သင့် ဒေသခံပြည်သူများအား ပြန်လည်ထူထောင်ရေးပစ္စည်းများ ပေးအပ်ကြပြီး ကျောင်းဖွင့်လှစ်နိုင်ရေးအတွက် လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့သည်။

အလားတူ မြောက်ဦးမြို့သို့ ရောက်ရှိနေသည့် တာဝန်ရှိသူများနှင့် ကူညီကယ်ဆယ်ရေးအဖွဲ့များသည် ရွှေဂိုတောင်ရပ်ကွက်ရှိ လမ်းဘေးဘယ်/ညာမှ လဲကျနေသော သစ်ပင်၊ သစ်ကိုင်းများ ခုတ်ထွင်ရှင်းလင်းခြင်းလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိသည်။

ထို့ပြင် တပ်မတော်အကြီးအကဲ၏ လမ်းညွှန်မှုများအရ ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း)၊ ဆေးဝန်ထမ်းတပ်ဖွဲ့ညွှန်ကြားရေးမှူးရုံး ကွပ်ကဲမှုအောက်မှ ဆေးတပ်ဖွဲ့ဝင်များဖြင့် ဖွဲ့စည်းထားသည့် အထူးဆေးကုသရေးအဖွဲ့သည် စစ်တွေမြို့ ဆတ်ရိုးကျရပ်ကွက်၌ ယာယီဆေးရုံဖွင့်လှစ်၍ နယ်မြေခံကျန်းမာရေးအဖွဲ့များနှင့် ပူးပေါင်းကာ ဒေသခံပြည်သူများအား လိုအပ်သည့် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။ **သတင်းစဉ်**

**❍ အာဆီယံယူ-၂၃ မှ**

ယင်းပြိုင်ပွဲကို ဩဂုတ် ၁၇ ရက်မှ ၂၆ ရက်အထိ ထိုင်းနိုင်ငံ၌ ကျင်းပမည်ဖြစ်ပြီး အုပ်စုတစ်ခုစီမှ ထိပ်ဆုံးတစ်သင်းစီနှင့် ဒုတိယနေရာရအသင်းများအနက် အကောင်းဆုံးတစ်သင်းတို့ ဆီမီးဖိုင်နယ် တက်ရောက်ခွင့်ရမည်ဖြစ်သည်။ အာဆီယံ ယူ-၂၃ ပြိုင်ပွဲကို လေးကြိမ်မြောက် ကျင်းပခြင်းဖြစ်ပြီး ၂၀၀၅၊ ၂၀၁၉ နှင့် ၂၀၂၂ ခုနှစ်တွင် ကျင်းပပြီးနောက် ယခုနှစ်တွင် ထပ်မံကျင်းပခြင်းဖြစ်သည်။ မြန်မာအသင်းသည် ၂၀၀၅ နှင့် ၂၀၁၉ ခုနှစ်တွင် ဝင်ရောက်ယှဉ်ပြိုင်ခဲ့သော်လည်း ၂၀၂၂ ပြိုင်ပွဲတွင် ကိုဗစ်-၁၉ ရောဂါကူးစက်ခံရမှုများကြောင့် နုတ်ထွက်ခဲ့သည်။

မြန်မာအသင်းသည် မေလအတွင်းက ကျင်းပသည့် (၃၂) ကြိမ်မြောက် ဆီးဂိမ်းပြိုင်ပွဲယှဉ်ပြိုင်ခဲ့သောအသင်းကို အခြေခံဖွဲ့စည်းမည်ဖြစ်ပြီး ယခုနှစ်အတွင်း ဒုတိယမြောက်ယှဉ်ပြိုင်ရမည့် နိုင်ငံတကာပြိုင်ပွဲလည်းဖြစ်သည်။

**သတင်း – ကိုညီလေး**

**ဓာတ်ပုံ – MFF**

**နောက်နှစ်ရက်အတွက် ခန့်မှန်းချက်**

နေပြည်တော် မေ ၂၉

နေပြည်တော်၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်(တောင်ပိုင်းနှင့် အရှေ့ပိုင်း)၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာစိပ်စိပ် မိုးထစ်ချုန်းရွာမည်။ မိုး/ဇလ

## သစ်စိမ်းမြေဩဇာ(ပိုက်ဆံလျှော်) ထည့်သွင်းခြင်း ဆောင်ရွက်နေမှု တိုင်းဒေသကြီးဝန်ကြီးချုပ် ကြည့်ရှုအားပေး



မော်လမြိုင်ကျွန်း မေ ၂၉

ဧရာဝတီတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးတင်မောင်ဝင်းသည် တာဝန်ရှိသူများနှင့်အတူ မေ ၂၈ရက်က မော်လမြိုင်ကျွန်းမြို့နယ် ဝဲဒေါင့်ကျေးရွာအတွင်းရှိ ခြောက်ကေစံပြစိုက်ကွက်အတွင်း သစ်စိမ်းမြေဩဇာ (ပိုက်ဆံလျှော်) ထည့်သွင်းမြုပ်နှံခြင်း တောင်သူအသိပညာပေး ကွင်းသရုပ်ပြပွဲသို့ တက်ရောက်ခဲ့ကြောင်း သိရသည်။

ဦးစွာ စိုက်ပျိုးရေးဦးစီးဌာန တိုင်းဒေသကြီးဦးစီးမှူး ဦးစိန်မောင်မြင့်က သစ်စိမ်းမြေဩဇာ ပြုလုပ်သုံးစွဲခြင်းဖြင့် ရရှိသော အကျိုးကျေးဇူး၊ တောင်သူများ လယ်ယာမြေ အကျိုးရှိစွာ အသုံးချနိုင်ရေး၊ တစ်နှစ်သုံးသီး စိုက်ပျိုးနိုင်ရေးနှင့် တိုင်းဒေသကြီးအစိုးရအဖွဲ့မှ ပံ့ပိုးကူညီဆောင်ရွက်နိုင်မှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ ဒေသခံတောင်သူများက သီးထပ်သီးနှံစိုက်ပျိုးရာတွင် စိုက်ပျိုးရေရရှိရေး ကိစ္စရပ်များကို တင်ပြကြရာ တိုင်းဒေသကြီးဝန်ကြီးချုပ်က လိုအပ်သည်များအား တာဝန်ရှိသူများနှင့် ညှိနှိုင်းပေါင်းစပ်ဆောင်ရွက်ပေးခဲ့ပြီး သစ်စိမ်းမြေဩဇာ (ပိုက်ဆံလျှော်) ထည့်သွင်းမြုပ်နှံခြင်း လက်တွေ့ဆောင်ရွက်နေမှုကို အားပေးကြည့်ရှုခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

## မွန်ပြည်နယ်ဝန်ကြီးချုပ် ၂၀၂၃-၂၀၂၄ ပညာသင်နှစ် ပြည်နယ်လုံးကျွတ် ကျောင်းအပ်နှံရေးနေ့အခမ်းအနား တက်ရောက်

မော်လမြိုင် မေ ၂၉

ပြည်နယ်လုံးကျွတ် ကျောင်းအပ်နှံရေးနေ့ အခမ်းအနားကို မေ ၂၉ ရက် နံနက်ပိုင်းတွင် မော်လမြိုင်မြို့ အမှတ်(၆) အခြေခံပညာ အထက်တန်းကျောင်း ရတနာမွန်ခန်းမ၌ ကျင်းပသည်။



### ဖွင့်လှစ်

ဦးစွာ အမှတ်(၉) အခြေခံပညာ အထက်တန်း ကျောင်းမှ ကျောင်းသား ကျောင်းသူများက "ကျောင်းဖွင့်ပြီ" တေးသီချင်းဖြင့် သီဆိုဖျော်ဖြေ၍ အခမ်းအနားကို ဖွင့်လှစ်ခဲ့ပြီး ပြည်နယ်ဝန်ကြီးချုပ် ဦးအောင်ကြည်သိန်းက အဖွင့်အမှာစကား ပြောကြားခဲ့သည်။

ထို့နောက် မွန်ပြည်နယ် ပညာရေးမှူး ဒေါက်တာချိုချိုမြတ်အောင်က ကျောင်းအပ်နှံမှုအခြေအနေများနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြပြီး ပြည်နယ်ဝန်ကြီးချုပ်၊ အရှေ့တောင်တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်မှူးချုပ်စိုးမင်းနှင့် ပြည်နယ်အစိုးရအဖွဲ့ဝင်ဝန်ကြီးတို့က ပညာရေးဝန်ကြီးဌာနမှ အခမဲ့ဖြန့်ဝေပေးသော ကျောင်းသုံးပုံနှိပ်စာအုပ်များ၊ ဗလာစာအုပ်၊ ဘောပင်၊ ခဲတံများနှင့် ကျောင်းဝတ်စုံများအား တာဝန်ရှိသူများထံ ပေးအပ်ခဲ့သည်။

၂၀၂၃-၂၀၂၄ ပညာသင်နှစ် မွန်ပြည်နယ် အခြေခံပညာကျောင်းများရှိ ကျောင်းသားကျောင်းသူများအတွက် အလှူရှင်များက အလှူငွေများပေးအပ်ခဲ့မှုအပေါ် ပြည်နယ်ပညာရေးမှူး ဒေါက်တာ ချိုချိုမြတ်အောင်က ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်ခဲ့ပြီး အမှတ်(၆)အခြေခံပညာ အထက်တန်းကျောင်းမှ ကျောင်းသား ကျောင်းသူများက "မြန်မာ့ကျောင်း" တေးသီချင်းဖြင့် သီဆိုဖျော်ဖြေ၍ ပြည်နယ်ဝန်ကြီးချုပ်နှင့် တိုင်းမှူးတို့က တက်ရောက်လာကြသူများနှင့် ကျောင်းသား ကျောင်းသူများအား ရင်းရင်းနှီးနှီးလိုက်လံနှုတ်ဆက်ခဲ့ကြောင်း သိရသည်။

## တောင်ငူမြို့၌ ကျောင်းအပ်နှံရေး အခမ်းအနား ကျင်းပ

တောင်ငူ မေ ၂၉

ပဲခူးတိုင်းဒေသကြီး တောင်ငူမြို့၌ မြို့နယ်အဆင့် ကျောင်းအပ်နှံရေး အခမ်းအနားကို ယနေ့နံနက် ၉ နာရီတွင် အမှတ်(၄) အခြေခံပညာ အထက်တန်းကျောင်း ပင်လုံခန်းမ၌ ကျင်းပသည်။

ဦးစွာ အခမ်းအနားကို အထက(၄)မှ ကျောင်းသား ကျောင်းသူများက "မြန်မာ့ကျောင်း" သီချင်းဖြင့် သီဆိုဖျော်ဖြေဖွင့်လှစ်ပြီး တောင်ငူခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးနေဝင်းအောင်က အဖွင့်မိန့်ခွန်းပြောကြားကာ ခရိုင်ပညာရေးမှူး ဒေါက်တာနော်ဥမ္မာထွန်းက ကျောင်းအပ်နှံရေးဆိုင်ရာ လုပ်ငန်းစဉ်များနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များက ပညာရေးဝန်ကြီးဌာနမှ အခမဲ့ဖြန့်ဝေသည့် အထက်တန်း၊ အလယ်တန်း၊ မူလတန်းအဆင့် ပုံနှိပ်စာအုပ်များ၊ ဗလာစာအုပ်များ၊ ကျောင်းဝတ်စုံများနှင့် အလှူငွေများ ပေးအပ်ကြပြီး ဘက်စုံထူးချွန် လူရည်ချွန်များအား ဆုများပေးအပ်ချီးမြှင့်ကြသည်။

ခရိုင်(ပြန်/ဆက်)

## အထက(၆)ဗိုလ်တထောင်၌ ၂၀၂၃-၂၀၂၄ ပညာသင်နှစ် မြို့နယ်လုံးဆိုင်ရာ ကျောင်းအပ်နှံရေးနေ့အခမ်းအနား ကျင်းပ

ရန်ကုန် မေ ၂၉

ရန်ကုန်တိုင်းဒေသကြီး ဗိုလ်တထောင်မြို့နယ် ၂၀၂၃-၂၀၂၄ ပညာသင်နှစ် မြို့နယ်လုံးဆိုင်ရာ ကျောင်းအပ်နှံရေးနေ့အခမ်းအနားကို ဗိုလ်တထောင်မြို့နယ် အမှတ်(၆)အခြေခံပညာထက်တန်းကျောင်း၌ ယနေ့နံနက် ၉ နာရီတွင် ကျင်းပသည်။

### ထောက်ပံ့ပစ္စည်းများပေးအပ်

အခမ်းအနားတွင် ဗိုလ်တထောင်ခရိုင် ပညာရေးမှူးဆရာမကြီး ဒေါက်တာခင်သူဇာစိန်နှင့် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးစိုးလှိုင်မောင်တို့က အမှာစကားပြောကြားပြီး ဗိုလ်တထောင်မြို့နယ်ပညာရေးမှူး ဆရာမကြီး ဒေါ်မေအေးမြင့်က ကျောင်းအပ်နှံရေးနေ့အခမ်းအနားနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

ယင်းနောက် ဗိုလ်တထောင်ခရိုင် ပညာရေးမှူး၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ဗိုလ်တထောင်မြို့နယ် ပညာရေးမှူး၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့နှင့် မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအဖွဲ့ဥက္ကဋ္ဌ၊ မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူးတို့က ထောက်ပံ့ပစ္စည်းများ ပေးအပ်ခဲ့ကြောင်း သိရသည်။

ကျော်စိုးမိုး(မင်္ဂလာတောင်ညွန့်)

## စာရင်းအင်းအရည်အသွေးပြည့်ဝရေးနှင့်တိကျမှန်ကန်ရေးဆိုင်ရာဆင့်ပွား အလုပ်ရုံဆွေးနွေးပွဲကျင်းပ

မကွေး မေ ၂၉

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန မကွေးတိုင်းဒေသကြီး လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာနက



ကြီးမှူး၍ စာရင်းအင်းအရည်အသွေးပြည့်ဝရေးနှင့် တိကျမှန်ကန်ရေးဆိုင်ရာ ဆင့်ပွားအလုပ်ရုံဆွေးနွေးပွဲ အခမ်းအနားကို မေ ၂၇ ရက်နံနက်ပိုင်းတွင် တိုင်းဒေသကြီး လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

### အမှာစကားပြောကြား

ဦးစွာ အလုပ်ရုံဆွေးနွေးပွဲ အခမ်းအနားတွင် တိုင်းဒေသကြီး လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန ညွှန်ကြားရေးမှူး ဦးကျော်ဝင်းက အဖွင့်အမှာစကားပြောကြားသည်။

အဆိုပါ စာရင်းအင်းအရည်အသွေးပြည့်ဝရေးနှင့် တိကျမှန်ကန်ရေးဆိုင်ရာ ဆင့်ပွားအလုပ်ရုံဆွေးနွေးပွဲကို တိုင်းဒေသကြီး လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာနရှိ အရာထမ်း၊ အမှုထမ်း ၅၀ ဖြင့် မေ ၂၇ ရက်မှ ၂၈ ရက်အထိ ကျင်းပခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်ဆက်)

## အထက(မိုးညို)၌ ၂၀၂၃ -၂၀၂၄ ပညာသင်နှစ် မြို့နယ်အဆင့် ကျောင်းအပ်နှံရေးနေ့အခမ်းအနား ကျင်းပ

မိုးညို မေ ၂၉

၂၀၂၃ -၂၀၂၄ ပညာသင်နှစ် မြို့နယ်အဆင့် ကျောင်းအပ်နှံရေးနေ့အခမ်းအနားကို မေ ၂၆ ရက် နံနက် ၉ နာရီတွင် ပဲခူးတိုင်းဒေသကြီး မိုးညိုမြို့ အထကသရဖူခန်းမ၌ ကျင်းပရာ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးမင်းသိဒ္ဓိက အဖွင့်အမှာစကားပြောကြားပြီး မြို့နယ်ပညာရေးမှူး ဦးကြည်လင်က ကျောင်းအပ်နှံရေးဆိုင်ရာများကို ရှင်းလင်းပြောကြားသည်။ ထို့နောက် ကျောင်းအကျိုးတော်ဆောင်အဖွဲ့က အထက(မိုးညို)မှ ကျောင်းအုပ်ဆရာမကြီး ဒေါ်စန်းစန်းထွေးထံ အလှူငွေများ ပေးအပ်လှူဒါန်းခဲ့သည်။

### တက်ရောက်ခဲ့

အဆိုပါအခမ်းအနားသို့ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများ၊ ကျောင်းအုပ်ကြီးများနှင့် ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများ တက်ရောက်ခဲ့ကြပြီး မိုးညိုမြို့နယ်အတွင်း၌ ကျောင်းပေါင်း ၁၆၆ ကျောင်းရှိရာ မေ ၃၁ ရက်ထိ ကျောင်းအပ်နှံရေး ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

■

## PDF Game ဆော့ကစားခြင်းကြောင့် ဥပဒေအရ အရေးယူခံရနိုင်သည်

အကြမ်းဖက်လုပ်ငန်းများဆောင်ရွက်နေသည့် PDF အဖွဲ့များအား တစ်ဖက်တစ်လမ်းမှ ထောက်ပံ့လှူဒါန်းစေရန်၊ လူငယ်လူရွယ်များ၏ မသိစိတ်များအတွင်း တပ်မတော်အပေါ် အထင်အမြင်လွဲမှားစေရန်နှင့် တော်လှန်လိုစိတ်တိုးပွားလာစေရန် စသည့်ရည်ရွယ်ချက်များဖြင့် NUG၊ CRPH လက်အောက်ခံ အကြမ်းဖက်အဖွဲ့အစည်းများက PDF Game Application များ တီထွင်ဖန်တီးအသုံးပြုလျက်ရှိကြောင်း စိစစ်တွေ့ရှိရသည့်အတွက် PDF Game ဆော့ကစားခြင်းသည် အကြမ်းဖက်အဖွဲ့အား ထောက်ပံ့ခြင်းဖြစ်၍ ဥပဒေအရ အရေးယူခံရနိုင်ကြောင်း အသိပေးအပ်ပါသည်။

## အမုန်းစကားကို ဆန့်ကျင်ကြ၊ တားဆီးကြရမည်

လူမျိုး၊ ကိုးကွယ်ရာဘာသာ၊ ကျား/မ(သို့မဟုတ်) မည်သူမည်ဝါဖြစ်သည်ဆိုသည့် အကြောင်းအရာတို့အပေါ်အခြေပြု၍ လူပုဂ္ဂိုလ်တစ်ဦး(သို့မဟုတ်) လူအုပ်စုတစ်စုကို မျှတမှုမရှိစွာ ဝေဖန်သည့်(သို့မဟုတ်) မလိုမုန်းထားမှုကို ဖော်ပြသည့် ဆက်ဆံမှုတစ်မျိုးမျိုးကို ရည်ညွှန်းပြီး အကြမ်းဖက်ရန် လှုံ့ဆော်ခြင်းသည် အမုန်းစကားပင်ဖြစ်သည်။

အမုန်းစကားပြန့်ပွားခြင်းသည် လူ့အဖွဲ့အစည်းအတွင်း ခွဲခြားဆက်ဆံမှုနှင့် အကြမ်းဖက်မှုကိုဖြစ်ပေါ်စေပြီး ဂုဏ်သိက္ခာရှိစွာနေထိုင်ရန်နှင့် ငြိမ်းချမ်းပြီး ညီညွတ်သည့် လူ့အဖွဲ့အစည်းတည်ဆောက်ရန် မျှော်မှန်းချက်တို့ကို ထိခိုက်စေသည့်အပြင် အကျင့်စာရိတ္တကိုလည်း ထိပါးစေသည်။

သို့ဖြစ်၍ ပြည်သူများအနေဖြင့် အမုန်းစကားများကို ရှုတ်ချရန်နှင့်တားဆီးရန် စီမံဆောင်ရွက်ရမည်။ အမုန်းစကားဆန့်ကျင်သည့် လှုပ်ရှားမှုများတွင် အားလုံးပါဝင်ရန် နှင့် ပံ့ပိုးအားပေးရမည်။

## ရေးမြို့မှ မော်လမြိုင်မြို့သို့ မောင်းနှင်လာသည့် မော်တော်ယာဉ် နှစ်စီးအား KNLA တပ်မဟာ(၆)မှ အကြမ်းဖက်မှုကိုလိုလားသူများနှင့် PDF အမည်ခံအကြမ်းဖက်သမားများက လက်နက်ငယ်များဖြင့် ပစ်ခတ်၍ မီးရှို့ဖျက်ဆီး

**နေပြည်တော် မေ ၂၉**

KNLA တပ်မဟာ(၆)မှ အကြမ်းဖက်မှုကိုလိုလားသူများနှင့် PDF အမည်ခံ အကြမ်းဖက်သမားများက ယနေ့နံနက်ပိုင်းတွင် ရေးမြို့မှ မော်လမြိုင်မြို့သို့ မောင်းနှင်လာသည့် မော်တော်ယာဉ် နှစ်စီးအား လက်နက်ငယ်များဖြင့် ပစ်ခတ်၍ မီးရှို့ဖျက်ဆီးခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ကားနှင့်ဆိုင်ကယ်အဟောင်းများ တင်ဆောင်၍ ရေးမြို့မှ မော်လမြိုင်မြို့သို့ မောင်းနှင်လာသည့် Nissan Diesel အမျိုးအစား ၁၂ ဘီးယာဉ်နှင့် ခြောက်ဘီးယာဉ် နှစ်စီးကို ရေး-မော်လမြိုင်သွား ကားလမ်းမိုင်တိုင် အမှတ်(၆၂/၅)နှင့် (၆၂/၆) အကြားနေရာ၌ ယနေ့နံနက် ၇ နာရီခွဲခန့်တွင် KNLA တပ်မဟာ(၆)မှ အကြမ်းဖက်မှုကို လိုလားသူများနှင့် PDF အမည်ခံအကြမ်းဖက်သမားများက လက်နက်ငယ်များဖြင့် ကားဘီးများအား ပစ်ဖောက်၍ ယာဉ်မောင်းခန်းအား မီးရှို့ဖျက်ဆီးခဲ့ကြောင်းနှင့် ယာဉ်မောင်းနှစ်ဦးမှာ အသက်ရှင်လွတ်မြောက်ခဲ့ကြောင်း သိရသည်။



ယခုကဲ့သို့ စစ်ရေးနှင့် မသက်ဆိုင်ဘဲ အေးချမ်းစွာသွားလာလျက်ရှိသည့် မော်တော်ယာဉ်များကို ပစ်ခတ်တိုက်ခိုက်မီးရှို့ဖျက်ဆီးခဲ့သည့် အကြမ်းဖက်သမားများအား တရားဥပဒေနှင့်အညီ ထိရောက်စွာအရေးယူနိုင်ရေးအတွက် လုံခြုံရေးတပ်ဖွဲ့ဝင်များက လုံခြုံရေးလုပ်ငန်းစဉ်များနှင့်အညီ ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

သတင်းစဉ်

## အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟု သုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများ အပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကိုသတ်ဖြတ်၊ လုယက်ခြင်းကို CRPH၊ NUG၊ PDF အမည်ခံ အကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များ လုပ်ဆောင်နေသည့် CRPH၊ NUG၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှုမပြုခြင်းသည် ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏ လက်နက်/ခဲယမ်း ကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏ သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

## ၂၀၂၃ ခုနှစ် ပြည်နယ်နှင့်တိုင်းဒေသကြီး တင်းနစ်ပြိုင်ပွဲ ဆုပေးပွဲအခမ်းအနားကျင်းပ

**ရန်ကုန် မေ ၂၉**

ပြည်နယ်နှင့်တိုင်းဒေသကြီး တင်းနစ်ပြိုင်ပွဲ ဆုပေးပွဲအခမ်းအနားကို ယမန်နေ့ ညနေ ၄ နာရီတွင် ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာတောင်ညွန့်မြို့နယ် သိမ်ဖြူတင်းနစ်ကွင်း၌ ကျင်းပသည်။

အခမ်းအနားသို့ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးစိုးသိန်း၊ တိုင်းဒေသကြီး အစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန အားကစားနှင့် ကာယပညာဦးစီးဌာနမှ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံတင်းနစ်အဖွဲ့ချုပ်ဥက္ကဋ္ဌ၊ ဒိုင်လူကြီးများ၊ ပြည်နယ်နှင့် တိုင်းဒေသကြီးအသီးသီးမှ အုပ်ချုပ်/နည်းပြများနှင့် အားကစားသမားများ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။




ရှေးဦးစွာ မြန်မာနိုင်ငံတင်းနစ်အဖွဲ့ချုပ်ဒုတိယဥက္ကဋ္ဌက ၂၀၂၃ ခုနှစ် ပြည်နယ်နှင့် တိုင်းဒေသကြီး တင်းနစ်ပြိုင်ပွဲအောင်မြင်စွာကျင်းပနိုင်ရေး ပါဝင်ကူညီခဲ့ကြသူများကို လည်းကောင်း၊ မြန်မာနိုင်ငံတင်းနစ်အဖွဲ့ချုပ်ဥက္ကဋ္ဌက ဝင်ရောက်ယှဉ်ပြိုင်ကြသော အသင်းများမှ မန်နေဂျာများကိုလည်းကောင်း ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ချီးမြှင့်သည်။

ဆက်လက်၍ အမျိုးသမီးတစ်ဦးချင်းပြိုင်ပွဲတွင် ပထမဆုရရှိသော အိဖြူ(မန္တလေးတိုင်းဒေသကြီး)၊ ဒုတိယဆုရရှိသော အေးအေးနွယ်(ပဲခူးတိုင်းဒေသကြီး)၊ ပူးတွဲတတိယဆုရရှိသော ထက်ပြည့်သဇင်(မန္တလေးတိုင်းဒေသကြီး)နှင့် ဆုရတီ(ရန်ကုန်တိုင်းဒေသကြီး)၊ အမျိုးသားတစ်ဦးချင်းပြိုင်ပွဲတွင် ပထမဆုရရှိသော ဆယ်လျန်ဇူး(ချင်းပြည်နယ်)၊ ဒုတိယဆုရရှိသော ဒါဝူး(ပဲခူးတိုင်းဒေသကြီး)၊ ပူးတွဲတတိယဆုရရှိသော ဇော်မင်းသူ(ဧရာဝတီတိုင်းဒေသကြီး)နှင့် မြတ်နိုးအောင်(ရန်ကုန်တိုင်းဒေသကြီး)တို့ကို မြန်မာနိုင်ငံတင်းနစ်အဖွဲ့ချုပ် အလုပ်အမှုဆောင်များက ဆုများ ပေးအပ်ချီးမြှင့်သည်။

ထို့နောက် အမျိုးသမီးနှစ်ယောက်တွဲပြိုင်ပွဲတွင် ပထမဆုရရှိသော အေးအေးနွယ်+ပြည့်ရတီဦး(ပဲခူးတိုင်းဒေသကြီး)၊ ဒုတိယဆုရရှိသော ခင်ခင်သန်း+အေးမြတ်မွန်ဆွေ(ရန်ကုန်တိုင်းဒေသကြီး)၊ ပူးတွဲတတိယဆုရရှိသော ဗိုလ်လီယ+ဇကေရီစံ(ကချင်ပြည်နယ်)နှင့် နွေရတနာဦး+ဖြူဖြူသင်း (ကချင်ပြည်နယ်)တို့ကို မြန်မာနိုင်ငံတင်းနစ်အဖွဲ့ချုပ်ဥက္ကဋ္ဌက လည်းကောင်း၊ အမျိုးသားနှစ်ယောက်တွဲပြိုင်ပွဲတွင် ပထမဆုရရှိသော ဖြိုးသူလွင်+လင်းထက်နိုင်(ပဲခူးတိုင်းဒေသကြီး)၊ ဒုတိယဆုရရှိသော အောင်ရတနာဖြိုး+သန့်ဇင် (ကချင်ပြည်နယ်)၊ ပူးတွဲတတိယဆုရရှိသော ဆယ်လျန်ဇူး+ ဇမ်းဇိုးထန်(ချင်းပြည်နယ်)နှင့် ဟိန်းမင်းဆက်+လင်းထက်နိုင် (တနင်္သာရီတိုင်းဒေသကြီး)တို့ကို အားကစားနှင့် ကာယပညာဦးစီးဌာန အားကစားနှင့်ကာယပညာသိပ္ပံ(ရန်ကုန်)ကျောင်းအုပ်ကြီးကလည်းကောင်း ဆုများပေးအပ်ချီးမြှင့်သည်။

ယင်းနောက် အမျိုးသား၊ အမျိုးသမီး နှစ်ယောက်တွဲပြိုင်ပွဲတွင် ပထမဆုရရှိသော ဒါဝူး+ပြည့်ရတီဦး (ပဲခူးတိုင်းဒေသကြီး)၊ ဒုတိယဆုရရှိသော အောင်ရတနာဖြိုး+ နွေရတနာဦး(ကချင်ပြည်နယ်)၊ ပူးတွဲတတိယဆုရရှိသော မြတ်နိုးအောင်+အေးမြတ်မွန်ဆွေ (ရန်ကုန်တိုင်းဒေသကြီး)နှင့် အောင်သော်ခန့်+ဆုရတီ (ရန်ကုန်တိုင်းဒေသကြီး)တို့ကို ရန်ကုန်တိုင်းဒေသကြီး အားကစားနှင့် ကာယပညာကော်မတီဥက္ကဋ္ဌ တိုင်းဒေသကြီးဥပဒေချုပ်ကလည်းကောင်း ဆုများ ပေးအပ်ချီးမြှင့်သည်။

**ပေးအပ်ချီးမြှင့်**

ထို့နောက် အမျိုးသမီးအသင်းလိုက်ပြိုင်ပွဲတွင် ပထမဆုရရှိသော ပဲခူးတိုင်းဒေသကြီး၊ ဒုတိယဆုရရှိသော ကချင်ပြည်နယ်၊ ပူးတွဲတတိယဆုရရှိသော ရန်ကုန်တိုင်းဒေသကြီးနှင့် မန္တလေးတိုင်းဒေသကြီးတို့ကို ရန်ကုန်တိုင်းဒေသကြီး စီးပွားရေးရာဝန်ကြီးကလည်းကောင်း၊ အမျိုးသားအသင်းလိုက်ပြိုင်ပွဲတွင် ပထမဆုရရှိသော ပဲခူးတိုင်းဒေသကြီး၊ ဒုတိယဆုရရှိသော ရန်ကုန်တိုင်းဒေသကြီး၊ ပူးတွဲတတိယဆုရရှိသော ဧရာဝတီတိုင်းဒေသကြီးနှင့် စစ်ကိုင်းတိုင်းဒေသကြီးတို့ကို ရန်ကုန်တိုင်းဒေသကြီး စည်ပင်သာယာရေးဝန်ကြီးကလည်းကောင်း ပေးအပ်ချီးမြှင့်သည်။

ဆက်လက်၍အမျိုးသမီးအကောင်းဆုံးအားကစားသမားဆုရရှိသော အိဖြူ(မန္တလေးတိုင်းဒေသကြီး)နှင့် အမျိုးသားအကောင်းဆုံး အားကစားသမားဆုရရှိသော ဖီဆာဆဲ(ပဲခူးတိုင်းဒေသကြီး)တို့အား ဆုတံဆိပ်နှင့်ငွေသားဆု ကျပ်တစ်သိန်းစီကို ရန်ကုန်တိုင်းဒေသကြီး လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးကလည်းကောင်း ဆုများပေးအပ်ချီးမြှင့်သည်။

ထို့နောက် ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ်က အမျိုးသမီးတံခွန်စိုက်ဆု၊ အမျိုးသားတံခွန်စိုက်ဆုနှင့် စုပေါင်းတံခွန်စိုက်ဆုရရှိသွားသော ပဲခူးတိုင်းဒေသကြီး အသင်းအား ဒိုင်းဆုများ ပေးအပ်ချီးမြှင့်ပြီး စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

သတင်းစဉ်

## ကျောက်ဆည်ခရိုင်၌ ဝါသီးနှံများ(မိုးကြို) အောင်မြင်ဖြစ်ထွန်း

ကျောက်ဆည် မေ ၂၉

မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်ခရိုင်တွင် ဝါသီးနှံများ (မိုးကြို) စိုက်ပျိုးမှုအနေဖြင့် စဉ့်ကိုင်မြို့နယ်၌ ၂၁၀ ဧကနှင့် မြစ်သားမြို့နယ်၌ ၁၀၀၉ ဧက စုစုပေါင်း ၁၂၁၉ ဧက စိုက်ပျိုးလျက်ရှိကြောင်း၊ ဝါသီးနှံများ(မိုးကြို)ကို ဖေဖော်ဝါရီ၊ မတ်နှင့် ဧပြီလများတွင် စတင်စိုက်ပျိုးပြီး ဇူလိုင်၊ ဩဂုတ်လများတွင် ရိတ်သိမ်းမည်ဖြစ်ကြောင်း၊ ဝါသီးနှံများ(မိုးနှောင်း)ကို ဩဂုတ်လတွင် စတင်စိုက်ပျိုးပြီး ဒီဇင်ဘာလတွင် စတင်ထွက်ရှိမည်ဖြစ်ကြောင်း၊ မျိုးအနေဖြင့် တောင်သူအများစုမှာ ငွေချည်(၆)နှင့် (ရာကာ)အိန္ဒိယမျိုးများကို အများဆုံးစိုက်ပျိုးကြကြောင်း၊ စိုက်ပျိုးရာတွင် ဝါတစ်ဧကလျှင် မျိုးတစ်ထုပ်ခွဲမှ နှစ်ထုပ်အထိ စိုက်ပျိုးရပြီး တစ်ထုပ်လျှင် ငွေကျပ် ၃၂၀၀၀ ဖြင့် ဝယ်ယူရကြောင်း၊ ဝါသီးနှံတစ်ဧက ကုန်ကျစရိတ်အနေဖြင့် မျိုး၊ သွင်းအားစု၊ လုပ်သားခ စုစုပေါင်း ငွေကျပ် ၇၀၀၀၀၀ ကုန်ကျကြောင်း သိရသည်။

အထွက်နှုန်းအနေဖြင့် ယခင်နှစ်၌ ဝါ တစ်ဧကလျှင် ပိဿာချိန် ၆၀၀-၇၀၀ ထွက်ရှိကြောင်း၊ ဈေးကွက်အနေဖြင့် ထွက်ရှိလာသော ဝါများကို မန္တလေးဈေးကွက်သို့ တင်ပို့ရောင်းချကြောင်း၊ ဈေးနှုန်းအနေဖြင့် ယခင်နှစ်၌ ဝါတစ်ပိဿာလျှင် ငွေကျပ် ၃၃၀၀-၃၅၀၀၊ ဝါစေ့တစ်ပိဿာလျှင် ငွေကျပ် ၁၄၀၀ နှင့် ဝါဂွမ်း တစ်ပိဿာလျှင် ငွေကျပ် ၇၃၀၀-၇၄၀၀ ဈေးများ ရရှိကြောင်း၊ ယခုနှစ်တွင် ဝါသီးနှံများ ထွက်ပေါ်ခြင်းမရှိသေးဘဲ စိုက်ပျိုးထားသော ဝါသီးနှံများ (မိုးကြို) အောင်မြင်ဖြစ်ထွန်းနေကြောင်း သိရသည်။

## ကျောက်ဆည်ခရိုင်၌ နေကြာသီးနှံ(မိုးကြို)များ အောင်မြင်ဖြစ်ထွန်း

ကျောက်ဆည် မေ ၂၉

မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်ခရိုင်တွင် နေကြာသီးနှံ (မိုးကြို)ကို ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်တွင် ၁၁၉၉ ဧကစိုက်ပျိုးရန် လျာထားခဲ့သော်လည်း စဉ့်ကိုင်မြို့နယ်တွင် ၁၃၃၅ ဧကနှင့် မြစ်သားမြို့နယ်တွင် ၂၀၁ ဧက စုစုပေါင်း ၁၅၃၆ ဧက စိုက်ပျိုးနိုင်ခဲ့ကြောင်း စိုက်ပျိုးရေးဦးစီးဌာန၏ စာရင်းများအရ သိရသည်။ နေကြာ(မိုးကြို)ကိုမတ်လနှင့် ဧပြီလများတွင် စတင်စိုက်ပျိုးကြပြီး ဇွန်လနှင့် ဇူလိုင်လများတွင် စတင်ရိတ်သိမ်းကြောင်း၊ နေကြာသီးနှံ တစ်ဧက ကုန်ကျစရိတ်အနေဖြင့် ကျပ် ၂၇၀၀၀၀ ခန့်ကုန်ကျကြောင်း သိရသည်။

ဈေးနှုန်းများအနေဖြင့် ယခင်နှစ်၌ နေကြာတစ်တင်းလျှင် ကျပ် ၁၈၀၀၀၊ နေကြာဆီ တစ်ပိဿာလျှင် ကျပ် ၉၀၀၀ ခန့်ရှိပြီး ယခုနှစ်တွင် နေကြာတစ်တင်းလျှင် ကျပ် ၃၄၀၀၀ ၊ နေကြာဆီ တစ်ပိဿာလျှင် ကျပ် ၁၂၀၀၀ ဈေးနှုန်းများဖြင့် ရောင်းဝယ်လျက်ရှိကြောင်း၊ နေကြာသီးနှံသည် သက်တမ်းတိုမျိုးဖြစ်ပြီး ကုန်ကျစရိတ်သက်သာကာ စားသုံးဆီဖူလုံမှုရရှိသည့်အတွက် တောင်သူများ သီးထပ်၊ သီးညှပ်အပြင် သီးသန့်အနေဖြင့်ပါ အများဆုံးစိုက်ပျိုးသင့်သော သီးနှံတစ်မျိုးဖြစ်ကြောင်း ယခုနှစ် နေကြာ(မိုးကြို) စိုက်ပျိုးချိန်တွင် တောင်သူများသည် မိုးရွာသွန်းမှုမရှိသေးသော်လည်း ဆည်ရေသောက်ရေတင်စနစ်ဖြင့် စိုက်ပျိုးခဲ့ပြီး ယခုအချိန်တွင် မိုးရွာသွန်းမှုကောင်းသောကြောင့် နေကြာ(မိုးကြို)များ အောင်မြင်ဖြစ်ထွန်းလျက်ရှိကြောင်း သိရသည်။



## ကော့သောင်းကုန်သွယ်ရေးစခန်းမှ ပို့ကုန်ရေထွက်ပစ္စည်းတင်ပို့မှုနှင့် သွင်းကုန်ပစ္စည်းတင်သွင်းမှု

ကော့သောင်း မေ ၂၉

ကော့သောင်းကုန်သွယ်ရေးစခန်းသည် ထိုင်းနိုင်ငံသို့ ရေထွက်ပစ္စည်းများကို FOB စနစ်ဖြင့် အဓိကတင်ပို့နေသော ပို့ကုန်အသာစီးရသည့် စခန်းတစ်ခုဖြစ်သည်။ အဓိက တင်ပို့နေသော ပစ္စည်းများမှာ ငါးမျိုးစုံ၊ ငါးစီဖောင်း၊ ပုစွန်၊ ငါးဆားနယ်၊ ကဏန်း၊ ကင်းမွန် (စို/ခြောက်)၊ ခရုနှင့် ငါးမှုန့်၊ သီဟိုဠ်စေ့၊ ဆီအုန်းတို့ ဖြစ်သည်။ မေ ၂၄ ရက်မှ ၂၈ ရက်အထိ ပို့ကုန်တန်ချိန် ၉၈၄ တန်နှင့် သွင်းကုန်တန်ချိန် ၁၅၁ တန် တင်ပို့/ တင်သွင်းခဲ့သည်။ အများဆုံး တင်ပို့နိုင်သည့် ပို့ကုန်ပစ္စည်း ၁၀ မျိုးမှာ ပြောင်း၊ ဆီအုန်းစေ့၊ ပလာတူး၊ ငါးနီငယ်၊ ငါးပုလွေ၊ ကပျက်၊ ဇကလပ်၊ ပလာလန်း၊ ငါးလိပ်ကျောက်နှင့် ပါကင်ငါးတို့ဖြစ်ပြီး အများဆုံးတင်သွင်းခဲ့သည့် သွင်းကုန်ပစ္စည်းများမှာ ဒီဇယ်၊ ဓာတ်ဆီ၊ ဟိုက်ဒရိုဂျင်အောက်ဆိုဒ်၊ ပလတ်စတစ်ခြင်း၊ ပီလောပီနံမှုန့်နှင့် မီးသွေးမှုန့်တို့ဖြစ်သည်။

မေ ၂၉ ရက် ပြင်ပငွေလဲနှုန်းမှာ မြန်မာငွေကျပ် တစ်သိန်းလျှင် ၁၁၇၂ ဘတ်၊ တစ်ဘတ်လျှင် မြန်မာငွေ ၈၅ ဒသမ ၃ ကျပ်ခန့် ဖြစ်သဖြင့် မေ ၂၆ ရက်ထက် သုည ဒသမ ၅ မြင့်တက်သွားကြောင်း သိရသည်။

## လွယ်ဂျယ်နယ်စပ်ကုန်စည်စီးဆင်းမှုအခြေအနေ

လွယ်ဂျယ် မေ ၂၉

လွယ်ဂျယ်ကုန်သွယ်ရေးစခန်းအနေဖြင့် မေ ၂၄ ရက်မှ ၂၈ ရက်အတွင်း တစ်သျှူးငှက်ပျော၊ ဆန်၊ ဆန်ကွဲ၊ ကြိမ်၊ သရက်သီးနှင့် ပြောင်းတို့ အများဆုံး တင်ပို့နိုင်ခဲ့သည်။ ပို့ကုန်ပစ္စည်းဈေးနှုန်းများအနေဖြင့် တစ်သျှူးငှက်ပျော တစ်ကီလိုလျှင် ၂ ဒသမ ၃၆ ယွမ်၊ ဆန်ကွဲ တစ်ကီလိုလျှင် ၂ ဒသမ ၉ ယွမ်၊ ဆန်တစ်ကီလိုလျှင် ၃ ဒသမ ၂၅ ယွမ်ရှိပြီး သယ်ယူပို့ဆောင်ခမှာ ဗန်းမော်မှ လွယ်ဂျယ်သို့ ပို့ကုန်တစ်ပိဿာလျှင် ၇၂ ကျပ် ရှိကြောင်း သိရသည်။

ယခုအပတ်အတွင်း သွင်းကုန်ပိုင်းအနေဖြင့် ထွန်စက်၊ ပိတ်လိပ်၊ မီးဖိုချောင်သုံးပစ္စည်း၊ ဆောက်လုပ်ရေးလုပ်ငန်းသုံး သံချောင်း၊ သံပြား၊ ဓာတ်မြေဩဇာ၊ ဂျပ်စက္ကူ၊ စက်နှင့်စက်ပစ္စည်း၊ ပီနံအိတ်၊ မြက်ခင်းတုနှင့် အားကစားပစ္စည်းတို့ အများဆုံးတင်သွင်းနိုင်ခဲ့သည်။

လွယ်ဂျယ်နယ်စပ်ဒေသငွေကြေးဈေးကွက်အနေဖြင့် မေ ၁ ရက်တွင် တစ်ယွမ်လျှင် ၄၀၈ ကျပ်ဖြစ်ခဲ့ပြီး မေ ၂၈ ရက်တွင် တစ်ယွမ်လျှင် ၄၁၃ ကျပ်အထိ ဖြစ်ရာ မြန်မာကျပ်ငွေဈေး အနည်းငယ်ကျဆင်းခဲ့ကြောင်း သိရသည်။

သတင်းအရင်းအမြစ်- စီးပွား/ကူးသန်း

## Hydrogen Electrical Energy Exhibition 2023 သို့ မြန်မာနိုင်ငံမှ လုပ်ငန်းများ ပါဝင်ပြသရန်ဖိတ်ကြား

နေပြည်တော် မေ ၂၉

ကိုရီးယားသမ္မတနိုင်ငံ Ulsan မြို့၊ Ulsan Exhibition Convention Center (UECO) ၌ နိုဝင်ဘာ ၁ ရက်မှ ၃ ရက်အထိ ကျင်းပမည့် Hydrogen Electric Energy Exhibition 2023 (HEY 2023)သို့ မြန်မာနိုင်ငံမှ လုပ်ငန်းရှင် ကိုယ်စားလှယ်များ ပါဝင်ပြသနိုင်ကြောင်း ဖိတ်ကြားလာပါသည်။

အဆိုပါပြပွဲသို့ ကုမ္ပဏီစုစုပေါင်း ၁၀၀ ခန့်မှ ပြခန်း ၄၀၀ ခန့် လာရောက်ခင်းကျင်းပြသရန် စီစဉ်ထားရှိပြီး ဧည့်သည် ဦးရေ ၁၀၀၀၀ ခန့် တက်ရောက်မည်ဖြစ်ကြောင်း သိရသည်။

အဆိုပါပြပွဲသို့ ပါဝင်ပြသလိုသည့် စီးပွားရေးလုပ်ငန်းရှင်များအနေဖြင့် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့၊ ကုန်သွယ်မှုဖွံ့ဖြိုးရေးဌာနခွဲ အီးမေးလ် moctradefair@myantrade.gov.mm ၊ ဖုန်း ၀၆၇-၄၀၈၆၂၂ ၊ ၀၆၇-၄၀၈၆၂၃ သို့ဆက်သွယ်၍ ချိတ်ဆက်ပြသနိုင်ကြောင်း သိရသည်။

## ၂၉.၅.၂၀၂၃ ရက်နေ့ တိုင်းဒေသကြီးနှင့် ပြည်နယ် မြို့နယ်အလိုက် ဆန်၊ ဆီ၊ မီးဖိုချောင်သုံးပစ္စည်းများ၊ သားငါးဈေးနှုန်းများ

ရေတွက်ပုံ(ကျပ်)

| | | ဆန်(တစ်ပြည်) | | ဆီ(တစ်ပိဿာ) | | စားဖိုဆောင်သုံး (တစ်ပိဿာ) | | | | | | | | | | | | အသား၊ ငါး(တစ်ပိဿာ) | | | | |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| စဉ် | မြို့အမည် | ဧည့်မထ | ငစိန် | ပဲဆီ | စားအုန်းဆီ | ငရုတ်ခြောက် | ကြက်သွန်နီ | ကြက်သွန်ဖြူ(ရှမ်းစ) | ကြက်သွန်ဖြူ(ကြူကုတ်) | နနွင်းတက် | ချင်း | ဆား | မြေပဲ | ကုလားပဲဝါ | မန်ကျည်းသီး | အာလူး | သကြား | ကြက် | ဝက် | အမဲ | ဆိတ် | ငါးမြစ်ချင်း |
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ | ၁၁ | ၁၂ | ၁၃ | ၁၄ | ၁၅ | ၁၆ | ၁၇ | ၁၈ | ၁၉ | ၂၀ | ၂၁ | ၂၂ | ၂၃ |
| ၁ | မြစ်ကြီးနား | ၂၈၀၀ | | ၉၀၀၀ | ၇၀၀၀ | ၁၇၀၀၀ | ၂၃၀၀ | ၆၀၀၀ | ၆၀၀၀ | ၃၅၀၀ | ၆၅၀၀ | ၁၀၀၀ | ၇၀၀၀ | ၅၅၀၀ | ၅၅၀၀ | ၂၈၀၀ | ၃၅၀၀ | ၁၃၀၀၀ | ၂၂၀၀၀ | ၁၈၀၀၀ | ၂၆၀၀၀ | ၁၄၀၀၀ |
| ၂ | လားရှိုး | ၂၆၀၀ | ၂၇၀၀ | ၁၀၀၀၀ | ၇၅၀၀ | ၁၈၀၀၀ | ၂၅၀၀ | ၄၅၀၀ | ၅၀၀၀ | ၃၀၀၀ | ၂၅၀၀ | ၆၀၀ | ၇၅၀၀ | ၅၈၀၀ | ၃၅၀၀ | ၂၅၀၀ | ၃၈၀၀ | ၁၂၀၀၀ | ၂၀၀၀၀ | ၁၈၅၀၀ | ၂၈၀၀၀ | ၁၂၀၀၀ |
| ၃ | ကျိုင်းတုံ | ၃၁၅၀ | | ၁၆၀၀၀ | ၇၀၀၀ | ၁၈၀၀၀ | ၃၀၀၀ | ၈၀၀၀ | ၈၀၀၀ | ၄၀၀၀ | ၁၈၀၀ | ၁၀၀၀ | ၈၅၀၀ | ၆၀၀၀ | ၃၀၀၀ | ၃၀၀၀ | ၄၀၀၀ | ၁၄၀၀၀ | ၂၂၀၀၀ | ၂၄၀၀၀ | | ၁၁၀၀၀ |
| ၄ | တောင်ကြီး | ၂၇၅၀ | ၂၅၀၀ | ၉၅၀၀ | ၆၄၀၀ | ၂၀၀၀၀ | ၂၇၀၀ | ၆၀၀၀ | ၆၀၀၀ | ၃၅၀၀ | ၁၃၀၀ | ၆၀၀ | ၈၀၀၀ | ၅၄၀၀ | ၃၇၀၀ | ၂၅၀၀ | ၃၃၀၀ | ၁၀၀၀၀ | ၁၉၀၀၀ | ၁၅၀၀၀ | ၁၈၀၀၀ | ၉၅၀၀ |
| ၅ | လွိုင်ကော် | ၃၈၀၀ | ၂၉၀၀ | ၁၄၀၀၀ | ၈၈၀၀ | ၃၂၀၀၀ | ၂၈၀၀ | ၄၅၀၀ | ၅၂၀၀ | ၅၅၀၀ | ၂၀၀၀ | ၆၀၀ | ၇၅၀၀ | ၅၈၀၀ | ၃၇၀၀ | ၂၅၀၀ | ၄၀၀၀ | ၁၃၀၀၀ | ၁၈၀၀၀ | ၁၈၀၀၀ | ၂၆၀၀၀ | ၉၀၀၀ |
| ၆ | ဘားအံ | ၂၇၀၀ | | ၁၂၀၀၀ | ၇၀၀၀ | ၁၄၀၀၀ | ၂၉၀၀ | ၆၀၀၀ | ၈၀၀၀ | ၄၅၀၀ | ၅၅၀၀ | ၆၀၀ | ၇၂၀၀ | ၅၅၀၀ | ၃၈၀၀ | ၂၀၀၀ | ၂၈၀၀ | ၁၀၅၀၀ | ၁၅၀၀၀ | ၂၀၀၀၀ | ၂၄၀၀၀ | ၈၀၀၀ |
| ၇ | မော်လမြိုင် | ၂၇၅၀ | | ၁၃၅၀၀ | ၇၀၀၀ | ၁၆၀၀၀ | ၂၈၀၀ | ၈၀၀၀ | ၉၀၀၀ | ၃၅၀၀ | ၇၀၀၀ | ၈၀၀ | ၁၀၀၀၀ | ၆၀၀၀ | ၅၀၀၀ | ၂၅၀၀ | ၃၆၀၀ | ၁၂၀၀၀ | ၂၀၀၀၀ | ၂၀၀၀၀ | ၂၅၀၀၀ | ၁၀၀၀၀ |
| ၈ | ထားဝယ် | ၃၆၀၀ | | ၁၆၀၀၀ | ၈၈၀၀ | ၁၇၀၀၀ | ၂၇၀၀ | ၅၅၀၀ | ၅၅၀၀ | ၄၂၀၀ | ၁၇၀၀ | ၈၀၀ | ၆၃၀၀ | ၆၀၀၀ | ၄၂၀၀ | ၃၂၀၀ | ၃၀၀၀ | ၁၃၀၀၀ | ၁၈၀၀၀ | ၁၈၀၀၀ | ၂၃၀၀၀ | |
| ၉ | မြိတ် | ၂၈၅၀ | | ၁၇၀၀၀ | ၆၇၀၀ | ၁၄၀၀၀ | ၂၈၀၀ | ၆၇၀၀ | ၇၀၀၀ | ၄၃၀၀ | ၅၅၀၀ | ၇၅၀ | ၇၈၀၀ | ၅၇၀၀ | ၄၄၀၀ | ၃၀၀၀ | ၃၆၀၀ | ၁၂၀၀၀ | ၁၉၀၀၀ | ၁၉၀၀၀ | ၂၄၀၀၀ | |
| ၁၀ | ရန်ကုန် | ၂၅၀၀ | ၂၄၀၀ | ၁၄၀၀၀ | ၄၈၀၀ | ၁၇၀၀၀ | ၂၈၀၀ | ၈၀၀၀ | ၈၀၀၀ | ၈၀၀၀ | ၃၀၀၀ | ၆၀၀ | ၆၅၀၀ | ၅၀၀၀ | ၅၀၀၀ | ၃၀၀၀ | ၃၈၀၀ | ၁၂၀၀၀ | ၁၈၀၀၀ | ၁၈၀၀၀ | ၂၈၀၀၀ | ၁၂၀၀၀ |
| ၁၁ | ပုသိမ် | ၂၉၀၀ | | ၁၄၀၀၀ | ၆၃၀၀ | ၁၁၀၀၀ | ၂၅၀၀ | ၅၇၀၀ | ၇၅၀၀ | ၅၀၀၀ | ၄၀၀၀ | ၄၀၀ | ၆၅၀၀ | ၅၀၀၀ | ၄၅၀၀ | ၂၅၀၀ | ၃၀၀၀ | ၁၁၀၀၀ | ၁၆၅၀၀ | ၁၉၀၀၀ | ၂၇၀၀၀ | ၁၁၀၀၀ |
| ၁၂ | စစ်တွေ | ၃၄၀၀ | ၃၀၀၀ | ၁၅၀၀၀ | ၈၀၀၀ | ၁၈၀၀၀ | ၃၀၀၀ | ၇၀၀၀ | ၈၀၀၀ | ၅၀၀၀ | ၅၀၀၀ | ၆၀၀ | ၈၀၀၀ | ၆၀၀၀ | ၂၅၀၀ | ၄၀၀၀ | ၃၅၀၀ | ၁၅၀၀၀ | ၂၄၀၀၀ | ၂၆၀၀၀ | ၂၆၀၀၀ | |
| ၁၃ | ဟားခါး | ၄၃၅၀ | | ၁၈၀၀၀ | | ၂၀၀၀၀ | ၃၀၀၀ | ၅၀၀၀ | | | ၂၂၀၀ | ၁၀၀၀ | | ၆၀၀၀ | | ၄၀၀၀ | ၅၀၀၀ | ၁၆၀၀၀ | ၁၆၀၀၀ | ၁၆၀၀၀ | | ၁၀၀၀၀ |
| ၁၄ | မုံရွာ | ၃၈၀၀ | | ၁၂၅၀၀ | ၆၅၀၀ | ၁၉၀၀၀ | ၂၅၀၀ | ၆၀၀၀ | ၆၀၀၀ | ၆၀၀၀ | ၁၇၀၀ | ၇၀၀ | ၆၆၀၀ | ၆၈၀၀ | ၃၆၀၀ | ၂၂၀၀ | ၃၆၀၀ | ၁၂၀၀၀ | ၂၀၀၀၀ | ၁၇၀၀၀ | ၂၆၀၀၀ | ၈၀၀၀ |
| ၁၅ | မန္တလေး | ၂၈၀၀ | ၁၇၅၀ | ၁၃၅၀၀ | ၆၄၀၀ | ၂၀၀၀၀ | ၁၉၀၀ | ၄၅၀၀ | ၆၀၀၀ | ၄၅၀၀ | ၄၀၀၀ | ၆၀၀ | ၈၁၀၀ | ၅၀၀၀ | ၆၀၀၀ | ၂၅၀၀ | ၃၂၀၀ | ၁၂၀၀၀ | ၁၆၀၀၀ | ၁၆၀၀၀ | ၂၂၀၀၀ | ၁၀၀၀၀ |
| ၁၆ | ပခုက္ကူ | ၃၅၀၀ | | ၁၃၀၀၀ | ၆၃၀၀ | ၁၈၀၀၀ | ၂၂၀၀ | ၆၈၀၀ | ၅၅၀၀ | ၅၅၀၀ | ၄၀၀၀ | ၅၅၀ | ၇၅၀၀ | ၆၃၀၀ | ၃၅၀၀ | ၂၃၀၀ | ၃၄၀၀ | ၁၂၀၀၀ | ၁၈၀၀၀ | ၁၆၀၀၀ | ၂၂၀၀၀ | ၇၅၀၀ |
| ၁၇ | မကွေး | ၃၅၀၀ | | ၁၂၅၀၀ | ၆၂၀၀ | ၁၈၀၀၀ | ၂၈၀၀ | ၄၅၀၀ | ၅၀၀၀ | ၆၀၀၀ | ၂၈၀၀ | ၁၀၀၀ | ၆၅၀၀ | ၆၀၀၀ | ၅၅၀၀ | ၃၂၀၀ | ၃၀၀၀ | ၁၄၀၀၀ | ၁၉၀၀၀ | ၁၆၀၀၀ | ၂၂၀၀၀ | ၇၀၀၀ |
| ၁၈ | ပြည် | ၂၆၀၀ | | ၁၃၅၀၀ | ၆၅၀၀ | ၂၅၀၀၀ | ၂၄၀၀ | ၇၀၀၀ | ၇၀၀၀ | ၄၅၀၀ | ၁၇၀၀ | ၄၀၀ | ၆၀၀၀ | ၅၀၀၀ | ၄၀၀၀ | ၂၈၀၀ | ၃၀၀၀ | ၁၀၀၀၀ | ၁၈၀၀၀ | ၁၅၀၀၀ | ၂၅၀၀၀ | ၉၀၀၀ |
| ၁၉ | ပဲခူး | ၂၇၀၀ | | ၁၄၅၀၀ | ၆၅၀၀ | ၁၅၀၀၀ | ၂၆၀၀ | ၅၀၀၀ | ၇၅၀၀ | | ၃၅၀၀ | ၆၀၀ | ၆၅၀၀ | ၅၄၀၀ | ၃၅၀၀ | ၂၂၀၀ | ၃၇၀၀ | ၁၀၀၀၀ | ၁၆၀၀၀ | ၁၅၀၀၀ | ၂၅၀၀၀ | ၆၅၀၀ |
| ၂၀ | ပျဉ်းမနား | ၂၈၅၀ | | ၁၄၀၀၀ | ၆၃၀၀ | ၁၅၀၀၀ | ၂၆၀၀ | ၄၈၀၀ | ၇၀၀၀ | ၄၂၀၀ | ၄၈၀၀ | ၅၀၀ | ၇၂၀၀ | ၅၅၀၀ | ၃၈၀၀ | ၂၂၀၀ | ၃၄၀၀ | ၁၁၀၀၀ | ၁၈၀၀၀ | ၁၆၀၀၀ | ၂၄၀၀၀ | ၁၀၀၀၀ |
| ၂၁ | နေပြည်တော် | ၂၈၅၀ | | ၁၄၅၀၀ | ၆၃၀၀ | ၁၆၀၀၀ | ၂၇၀၀ | ၅၀၀၀ | ၇၀၀၀ | ၄၅၀၀ | ၅၄၀၀ | ၅၀၀ | ၇၅၀၀ | ၅၅၀၀ | ၄၀၀၀ | ၂၄၀၀ | ၃၄၀၀ | ၁၁၀၀၀ | ၁၈၅၀၀ | ၁၆၀၀၀ | ၂၄၀၀၀ | ၁၀၀၀၀ |
| ၂၂ | ကလေး | ၃၀၀၀ | ၂၉၀၀ | ၁၄၀၀၀ | ၇၀၀၀ | ၂၂၀၀၀ | ၁၈၀၀ | ၄၀၀၀ | ၅၀၀၀ | ၄၀၀၀ | ၃၀၀၀ | ၇၀၀ | ၇၅၀၀ | ၅၀၀၀ | ၄၀၀၀ | ၃၀၀၀ | ၃၀၀၀ | ၁၂၀၀၀ | ၂၀၀၀၀ | ၁၆၀၀၀ | ၂၄၀၀၀ | ၈၀၀၀ |

မှတ်ချက်။ (၁) ဧည့်မထဆန် တစ်ပြည်လျှင် ပုသိမ်၊ ပျဉ်းမနား နှင့် နေပြည်တော်တွင် ၅၀ကျပ် ၊ စစ်တွေတွင် ၂၀၀ကျပ်၊ မကွေးတွင် ၃၀၀ကျပ်၊ ငစိန်ဆန် တစ်ပြည်လျှင် စစ်တွေတွင် ၄၀၀ကျပ်၊ စားအုန်းဆီ တစ်ပိဿာလျှင် ပုသိမ်တွင် ၂၀၀ကျပ်၊ မုံရွာနှင့် ပြည်တွင် ၁၀၀ကျပ်၊ ငရုတ်ခြောက် တစ်ပိဿာလျှင် မြစ်ကြီးနားနှင့် ကျိုင်းတုံတွင် ၁၀၀၀ကျပ်၊ ကြက်သွန်နီ တစ်ပိဿာလျှင် စစ်တွေတွင် ၁၀၀၀ကျပ်၊ မကွေးတွင် ၃၀၀ကျပ်၊ ပျဉ်းမနားတွင် ၂၀၀ကျပ်၊ နေပြည်တော်တွင် ၁၀၀ကျပ်၊ ကြက်သွန်ဖြူ(ရှမ်းစ) တစ်ပိဿာလျှင် စစ်တွေတွင် ၁၀၀၀ ကျပ် ၊ (ကြူကုတ်စ) တစ်ပိဿာလျှင် ကျိုင်းတုံတွင် ၂၀၀ကျပ်၊ ပုသိမ်တွင် ၃၀၀ကျပ်၊ စစ်တွေတွင် ၂၀၀၀ကျပ်၊ နနွင်းတက် တစ်ပိဿာလျှင် တောင်ကြီးနှင့် စစ်တွေတွင် ၅၀၀ကျပ်၊ ချင်း တစ်ပိဿာလျှင် မြစ်ကြီးနားတွင် ၅၀၀ကျပ်၊ စစ်တွေတွင် ၁၀၀၀ကျပ်၊ ကုလားပဲဝါ တစ်ပိဿာလျှင် မြိတ်တွင် ၂၀၀ကျပ်၊ မကွေးတွင် ၅၀၀ကျပ်၊မန်ကျည်းသီး တစ်ပိဿာလျှင် မကွေးတွင် ၁၀၀၀ကျပ်၊ အာလူး တစ်ပိဿာလျှင် ကျိုင်းတုံတွင် ၃၀၀ကျပ်၊ စစ်တွေတွင် ၄၀၀ကျပ်၊ သကြား တစ်ပိဿာလျှင် ပခုက္ကူတွင် ၂၀၀ကျပ်၊ ဝက်သား တစ်ပိဿာလျှင် လားရှိုးတွင် ၁၀၀၀ကျပ် ၊ စစ်တွေတွင် ၂၀၀၀ကျပ် ၊ အမဲသား တစ်ပိဿာလျှင် စစ်တွေတွင် ၃၀၀၀ကျပ် ၊ ဆိတ်သား တစ်ပိဿာလျှင် မြစ်ကြီးနားတွင် ၃၀၀၀ကျပ်၊ စစ်တွေတွင် ၁၀၀၀ကျပ်၊ ငါးမြစ်ချင်း တစ်ပိဿာလျှင် လားရှိုးတွင် ၂၀၀၀ကျပ်၊ ပခုက္ကူတွင် ၅၀၀ကျပ် ဈေးတက်ခဲ့ပါသည်။

(၂) စားအုန်းဆီ တစ်ပိဿာလျှင် မြစ်ကြီးနားတွင် ၂၀၀ကျပ်၊ ပခုက္ကူနှင့် ပဲခူးတွင် ၁၀၀ကျပ်၊ နနွင်းတက် တစ်ပိဿာလျှင် မြိတ်တွင် ၃၀၀ကျပ်၊မြေပဲဆန် တစ်ပိဿာလျှင် တောင်ကြီးတွင် ၅၀၀ကျပ်၊မန်ကျည်းသီး တစ်ပိဿာလျှင် မြိတ်တွင် ၃၀၀ကျပ်၊ ပုသိမ်တွင် ၅၀၀ကျပ်၊ ကြက်သား တစ်ပိဿာလျှင် ပြည်တွင် ၂၀၀၀ကျပ် ဈေးကျခဲ့ပါသည်။

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်မြို့၊ သင်္ဃန်းကျွန်းမြို့နယ်၊ ဘ၀မြင့်ရပ်ကွက်၊ ရတနာလမ်း၊ Malikha Condominium,Tower C, Level – 5th, Unit Type (C 2)၊ အခန်းအမှတ် (05–02)၊ အကျယ်အ၀န်း (၈၅၇.၉၆ စတုရန်းပေ)ရှိ တိုက်ခန်းနှင့် ယင်းတိုက်ခန်း၏အကျိုးခံစားခွင့်အရပ်ရပ်အား ၀ယ်ယူပိုင်ဆိုင်ထားကြောင်း၊ ရောင်းချပိုင်ခွင့်ရှိကြောင်းအဆိုပြုသူ ဦးကျော်ဇေယျာလင်း [၁/မကန(နိုင်)၁၂၀၈၂၇]ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူက အပြီးအပိုင်၀ယ်ယူရန် စရန်ငွေပေးချေပြီးဖြစ်ပါသည်။

အဆိုပါအရောင်းအ၀ယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်နေ့ရက်မှစ၍ (၇)ရက်အတွင်း ခိုင်လုံသောစာရွက်စာတမ်းမူရင်းများဖြင့် ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက အရောင်းအ၀ယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ညွှန်ကြားချက်အရ –**
**ဒေါ်အိသီရိကြူ**
**LL.B, M.A (Business Law)**
**တရားလွှတ်တော်ရှေ့နေ (စဉ်–၉၅၃၃)**
**ဖုန်း– ၀၉–၄၃၁၆၃၄၀၅**
**အမှတ်(၃၇)၊ အနော်ရထာလမ်း၊ (၁၄)ရပ်ကွက်၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်မြို့။**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၆)၊ မေယုလမ်း၊ အမှတ်(၆၉၈)၊ မြေဧရိယာ (၄၀ပေx၆၀ပေ)ထဲမှ တရား၀င်မခွဲစိတ်ရသေးသော (၂၀ပေx၆၀ပေ) ယင်းမြေကွက်ကို မျက်နှာမူလျှင် ဘယ်ဘက်ခြမ်း၊ ပါမစ်မူရင်းမြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို အဆက်စပ်အရောင်းအ၀ယ်ကတိစာချုပ်ဖြင့် ၀ယ်ယူပိုင်ဆိုင်ပြီး ရောင်းချပိုင်ခွင့်ရှိကြောင်း ၀န်ခံကတိပြုသူ ဦးနေလင်းကျော် [၅/၀လန(နိုင်)၁၁၃၄၆၉] ကိုင်ဆောင်သူနှင့် ဒေါ်သီရိခိုင် [၁၂/ဥကတ(နိုင်)၁၆၈၈၃၁]ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဦးကိုင်းဆယ် [၅/အရတ(နိုင်)၀၄၇၄၅၃]က အပြီးအပိုင်၀ယ်ယူရန် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။ အထက်ဖော်ပြပါ မြေကွက်အရောင်းအ၀ယ်ကိစ္စအား ကန့်ကွက်လိုပါက ကျွန်ုပ်ထံသို့ ခိုင်လုံသော စာရွက်စာတမ်းအထောက်အထားများဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ထက်ကျော်လွန်ပါက မြေကွက်အရောင်းအ၀ယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ–**
**ဦးဇော်မြင့်ဦး(LL.B)**
**အထက်တန်းရှေ့နေ(စဉ်–၄၈၆၁၁)**
**အမှတ်(၁၁၉၈)၊ ပင်းယလမ်း၊ (၆)ရပ်ကွက်၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း–၀၉–၇၅၁၉၂၇၈၉၇**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

မြောက်ဥက္ကလာပမြို့နယ်၊မြေတိုင်းရပ်ကွက်အမှတ်–(၈)၊ မြေကွက်အမှတ် (၁၃၈/ခ)၊ (၁၂၀၀ စ/ပေ)၊ မြေကွက်တည်နေရာအမှတ် (၁၃၈/ခ)၊ ၀ဇီရာ (၆)လမ်း၊ (၈)ရပ်ကွက်၊ ဒေါ်အုံးမြ(CB–102277) ဦးတင်ဦး (ISN–061542) အမည်ပေါက် နှစ်(၆၀)ဂရန်မြေအား မြေအမည်ပေါက်တစ်ဦးဖြစ်သူ ဒေါ်အုံးမြ (မိခင်)သည် (၁၂–၄–၂၀၀၅)ရက်နေ့တွင်လည်းကောင်း၊ ဦးကြည်ရွှေ(ခ)ဦးကြီးရွှေ(ဖခင်)သည် (၃၁–၁၂–၁၉၈၅)ရက်နေ့တွင်လည်းကောင်း အသီးသီးကွယ်လွန်သဖြင့် ဦးခင်ဇော် [၁၂/မဘန(နိုင်)၀၇၆၅၅၂] မှ တရား၀င်အမွေဆက်ခံခွင့်ရှိသည့် သားတော်စပ်ကြောင်း၊ အခြားသောမွေးချင်းတစ်ဦးတစ်ယောက်မျှမရှိပါ။ ကိတ္တိမသားသမီးမွေးစားထားခဲ့ခြင်းမရှိကြောင်း ကျမ်းကျိန်လွှာ၊ ကျန်အမည်ပေါက်တစ်ဦးဖြစ်သူ ဦးတင်ဦး (ခင်ပွန်း)သည် (၃–၁၂–၂၀၀၇)ရက်နေ့တွင် ကွယ်လွန်ခဲ့သဖြင့် ၎င်း၏ဇနီးဖြစ်သူ ဒေါ်လှစိန် [၁၂/ဥကမ(နိုင်)၀၆၉၁၇၉]မှ တရား၀င်အမွေဆက်ခံခွင့်ရှိသည့် ဇနီးတော်စပ်ကြောင်း၊ အခြားသောဇနီး/မယားတစ်ဦးမျှမရှိကြောင်း ကျမ်းကျိန်လွှာ၊ ထောက်ခံကျမ်းကျိန် (၂)စောင်၊ သေစာရင်းများ၊ အိမ်ထောင်စုစာရင်းများ၊ နိုင်ငံသားစိစစ်ရေးကတ်နှင့် နှစ်(၆၀) မြေငှားဂရန်မူရင်းမှာ နာဂစ်ကာလတွင် ပျက်စီးပျောက်ဆုံးသွားခဲ့သည်မှာ မှန်ကန်ကြောင်း၊ အခြားမည်သူတစ်ဦးတစ်ယောက်ကိုမျှ လွှဲပြောင်းရောင်းချထားခြင်း၊ ပေါင်နှံထားခြင်း၊ ပေးကမ်းထားခြင်း၊ စွန့်လွှတ်ထားခြင်း၊ လှူဒါန်းထားခြင်း၊ အာမခံအဖြစ် တင်သွင်းထားခြင်းတို့ လုံး၀မရှိပါကြောင်း၊ အရှုပ်အရှင်းပြဿနာတစ်စုံတစ်ရာပေါ်ပေါက်ပါက မိမိတို့ကသာ တာ၀န်ယူဖြေရှင်းပေးမည်ဖြစ်ကြောင်း ၀န်ခံကတိပြု ကျမ်းကျိန်လွှာအမှတ်– ၃၀၉၁/၂၀၂၃/၂၄–၂–၂၀၂၃၊ ရဲစခန်းထောက်ခံစာ၊ ရပ်ကွက်ထောက်ခံစာ၊ ကိုယ်တိုင်၀န်ခံကတိတို့ ပူးတွဲတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်း စာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ တရား၀င်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဌာနမှူး (ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြမြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## မွေးသက္ကရာဇ်မှန်၊ မိဘအမည်မှန်

ပူတာအိုမြို့နယ်၊ အထက (ဆန်ဂေါင်)၊ KG တန်းမှ မောင်ဖုန်ရှင်းရမ်၏ မွေးသက္ကရာဇ်အမှန်မှာ (၁၉–၁–၂၀၁၇)ဖြစ်ပြီး ၎င်း၏ မိဘအမည်မှန်မှာ ဦးထဆူနမ်ခင်အောင် [၁/ပနဒ(နိုင်)၀၀၀၆၅၈] နှင့် ဒေါ်ယံမီဒူးဆားရ် [၁/နမန(နိုင်)၀၀၇၅၁၂] ဖြစ်ပါသည်။

## “သက်ဆိုင်သူများနှင့် အများသိစေရန် အသိပေးကြေညာခြင်း

ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်အေးအေးခိုင် [၈/ဆပ၀(နိုင်)၀၂၀၄၀၆] ကိုင်ဆောင်သူ၏ တရား၀င်လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း သက်ဆိုင်သူများနှင့် အများသိစေရန် အသိပေးကြေညာအပ်ပါသည်–

၁။ ရန်ကုန်မြို့၊ အင်းစိန်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်– ၅(စီ)၊ မြေကွက်အမှတ်(၃၃)၊ မြေကွက်ပေါ်ရှိ အမှတ်(၄၇၉)၊ ရွက်လှလမ်း (ဗဟိုလမ်း)၊ ကြို့ကုန်းအနောက်ရပ်ကွက်၊ အင်းစိန်မြို့နယ်ဟုခေါ်တွင်သော မြေဧရိယာ (၀.၅၃၈)ဧက (မြေပိုင်မြေအမျိုးအစား) မြေကွက်အနက်မှ တရား၀င်မခွဲမစိတ်ရသေးသော (မျက်နှာ၁၀ ပေ၄၀x အိမ်ရှေ့အိမ်နောက်ပေ ၁၁၇)ရှိ မြေကွက်နှင့် ယင်းမြေကွက်နှင့် ဆက်နွယ်ပတ်သက်သည့် အကျိုးခံစားခွင့်အရပ်ရပ်အားလုံး–

**မြေကွက်၏အလားအလာတည်နေရာမှာ**

တောင်ဘက်လားသော် – ဦးအောင်အောင်လွင် ပိုင်ခြံအမှတ်(၄၇၇)
မြောက်ဘက်လားသော် – ဒေါ်ခင်သိမ်း၀င်း ပိုင်ခြံ
အနောက်ဘက်လားသော် – အနောက်ဗဟိုကားလမ်းမ
အရှေ့ဘက်လားသော် – ဦးအောင်အောင်လွင် ပိုင်ခြံအမှတ်–၄၅၃

၂။ အထက်စာပိုဒ်(၁)တွင် အကျယ်တ၀င့်ဖော်ပြထားသော အိမ်၊ ခြံ၊ မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့အား ကျွန်ုပ်၏မိတ်ဆွေက တရား၀င်အမွေဆက်ခံပိုင်ဆိုင် နေထိုင်၍ ရောင်းချပိုင်ခွင့်ရှိသည်ဟု ၀န်ခံကတိပြု စကားကမ်းလှမ်းလာသူ ဒေါ်ခင်သိမ်း၀င်း [၇/က၀န(နိုင်)၀၂၆၄၀၅] ကိုင်ဆောင်သူထံမှ (၁၁–၁၀–၂၀၁၈)ရက်စွဲပါ “အိမ်ခြံမြေကွက်အပြီးအပိုင် အရောင်းအ၀ယ်ကတိစာချုပ်”ဖြင့် အပြီးအပိုင် လွှဲပြောင်း၀ယ်ယူပိုင်ဆိုင်လျက်ရှိပါသည်။

၃။ အထက်ဖော်ပြပါအတိုင်း ကျွန်ုပ်မိတ်ဆွေက တရား၀င်လွှဲပြောင်း၀ယ်ယူပိုင်ဆိုင်ခဲ့သည့် အိမ်၊ ခြံ၊ မြေကွက်အပါအ၀င် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့နှင့်စပ်လျဉ်း၍ ကျွန်ုပ်မိတ်ဆွေ၏ သဘောတူ ခွင့်ပြုချက်မရရှိဘဲ မည်သူမျှ ကျူးကျော်၀င်ရောက်ခြင်း၊ ခြံစည်းရိုးကာရံခြင်း၊ ခြံခတ်ခြင်း၊ လွှဲပြောင်း ရောင်းချခြင်း၊ ပေါင်နှံခြင်း (သို့မဟုတ်) အခြားတစ်နည်းနည်းဖြင့် စီမံခန့်ခွဲဆောင်ရွက်ခြင်းတို့အား ပြုလုပ်ဆောင်ရွက်လာပါက မည်သူ့ကိုမဆို တည်ဆဲဥပဒေ ပြဋ္ဌာန်းချက်များနှင့်အညီ တရားစွဲဆို ဆောင်ရွက်သွားမည်ဖြစ်ကြောင်းနှင့် အကယ်၍ ကျူးကျော်၀င်ရောက်၍ ခြံစည်းရိုးကာရံသူများ ရှိခဲ့ပါကလည်း ဤကြေညာချက်ပါရှိသည့်နေ့ရက်မှစ၍ (၇)ရက်အတွင်း ဖယ်ရှားရှင်းလင်း၍ ထွက်ခွာပေးပါရန် အသိပေးအကြောင်းကြား ကြေညာအပ်ပါသည်။ အကယ်၍ လိုက်နာရန်ပျက်ကွက်ခဲ့ပါက မည်သူ့ကိုမဆို ရာဇ၀တ်ကြောင်းအရသော်လည်းကောင်း၊ တရားမကြောင်းအရသော်လည်းကောင်း တရားစွဲဆိုဆောင်ရွက်သွားမည်ဖြစ်ကြောင်း သက်ဆိုင်သူများနှင့် အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

| | |
|---|---|
| **လွှဲအပ်ညွှန်ကြားသူ** | **လွှဲအပ်ညွှန်ကြားချက်အရ** |
| **ဒေါ်အေးအေးခိုင်** | **ဦးအောင်နိုင်စိုး (LL.B)** |
| **[၈/ဆပ၀(နိုင်)၀၂၀၄၀၆]** | **တရားလွှတ်တော်ရှေ့နေ** |
| | **(စဉ်– ၉၈၈၂) (၂၉–၄–၂၀၁၄)** |
| | **အမှတ်(၁၄၇၀/က)၊ ထူပါရုံ(၁၃)လမ်းအရှေ့၊ ၁/ထူပါရုံရပ်ကွက်၊ သာကေတမြို့နယ်၊ ရန်ကုန်မြို့။** |
| | **ဖုန်း– ၀၉–၄၅၇၂၉၃၃၄၄၊ ၀၉–၄၄၃၁၉၃၃၄၄၊ ၀၉–၇၉၈၁၉၃၂၉၉** |

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်မြို့၊ ရွှေပြည်သာမြို့နယ်၊ (၄)ရပ်ကွက်၊ မြေတိုင်း(၁၃)၊ ပဒုမ္မာလမ်း၊ အမှတ်(၂၄၃)၊ အကျယ်အ၀န်း ပေ(၆၀x၆၀)ရှိသော အိမ်ခြံမြေအား ဒုဗိုလ်မှူးကြီးမြတ်ကို အမည်ပေါက် နှစ်(၆၀)မြေငှားဂရန်စာချုပ်(မူရင်း)နှင့် ရွှေပြည်သာမြို့နယ်၊ (၄)ရပ်ကွက်၊ မြေတိုင်း(၁၃)၊ ပဒုမ္မာလမ်း၊ အမှတ်(၂၄၆)၊ အကျယ်အ၀န်း ပေ(၂၀x၆၀)ရှိသော အိမ်ခြံမြေအား ဗိုလ်မှူးမောင်မောင်အောင် အမည်ပေါက် မြေချပါမစ်(မိတ္တူ)တို့ဖြင့် ပိုင်ဆိုင်လွှဲပြောင်း ရောင်းချခွင့်ရှိသူ ဒေါ်ခင်လှဲ့၀င်း [၁၂/ကမတ(နိုင်)၀၄၂၄၄၇]ထံမှ ကျွန်ုပ်၏မိတ်ဆွေ ဦးမြင့်ဆန် [၉/မထလ(နိုင်)၀၁၂၂၆၂]က အပြီးအပိုင်၀ယ်ယူရန် စရန်ငွေပေးချေထားပြီးဖြစ်၍ ကန့်ကွက်လိုပါက ယနေ့မှစ၍ (၇)ရက်အတွင်း ခိုင်လုံသောစာရွက်စာတမ်းမူရင်းများဖြင့် ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအ၀ယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ကြေညာအပ်ပါသည်။

**ဦးမြင့်ဆန်၏ လွှဲအပ်ညွှန်ကြားချက်အရ–**
**ဒေါ်ချို၀င်းမာ၊ တရားလွှတ်တော်ရှေ့နေ(စဉ်–၁၂၆၀၉)**
**အမှတ်(၆၈)၊ မကွေးလမ်း၊ (၂၀)ရပ်ကွက်၊ ရွှေပြည်သာမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း–၀၉–၄၃၀၉၃၃၅၇**

## စမ်းချောင်းမြို့နယ်၊ လင်း/မြောက်ရပ်ကွက်၊ လင်းလွန်းလမ်း၊ အမှတ်(၃၅/အေ)ရှိ (၂)ခန်းတွဲ(၇)ထပ်တိုက်၏ (၄လွှာ) (ခေါင်းရင်းခန်း)၊ (၁၇½ပေ x ၇၀ပေ)ခန့်ရှိ ရေ၊ မီးအစုံပါ၀င်သည့် တိုက်ခန်းနှင့် မြေပိုင်ဆိုင်မှု အပါအ၀င် ၀ယ်ယူရန် ကန့်ကွက်နိုင်ပါသည်

အထက်ပါတိုက်ခန်းအား ပိုင်ဆိုင်မှုစာချုပ် အဆက်အစပ်များဖြင့် တရား၀င်ပိုင်ဆိုင်သူ မြေရှင် ဒေါ်ခင်စန်းရွှေ [၈/မကန(နိုင်)၁၀၉၉၀၀] ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်၀ယ်ယူရန် စရန်ငွေ တစ်စိတ်တစ်ဒေသ ပေးချေထားပြီးဖြစ်ပါသည်။ ပိုင်ရေးဆိုင်ခွင့်ရှိသူများအနေဖြင့် ကန့်ကွက်လိုပါက ခိုင်မာသော စာချုပ်စာတမ်း အထောက်အထားမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ (၇)ရက်အတွင်း လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

## စမ်းချောင်းမြို့နယ်၊ ကျွန်း/တောင်ရပ်ကွက်၊ ညောင်တုန်းလမ်း၊ အမှတ်(၂၃)ရှိ (၂)ခန်းတွဲ(၆)ထပ်တိုက်၏ (၂လွှာ)(ခေါင်းရင်းခန်း)၊ (၁၂½ပေ x ၅၀ပေ)ခန့်ရှိ ရေ၊ မီး အစုံပါ၀င်သည့် တိုက်ခန်းအား ၀ယ်ယူရန် ကန့်ကွက်နိုင်ပါသည်

အထက်ပါတိုက်ခန်းအား ပိုင်ဆိုင်မှုစာချုပ် အဆက်အစပ်များဖြင့် တရား၀င်ပိုင်ဆိုင်သူ ဒေါ်အေးအေးခိုင် [၇/ပခက(နိုင်)၀၂၁၁၇၉]ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်၀ယ်ယူရန် စရန်ငွေ တစ်စိတ်တစ်ဒေသ ပေးချေထားပြီး ဖြစ်ပါသည်။ ပိုင်ရေးဆိုင်ခွင့်ရှိသူများအနေဖြင့် ကန့်ကွက်လိုပါက ခိုင်မာသောစာချုပ်စာတမ်း အထောက်အထားမူရင်းများနှင့် တကွ ကျွန်ုပ်ထံသို့ (၇)ရက်အတွင်း လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ–**
**Japan ဘုန်းမြင့် (ငါးသိုင်းချောင်း)(LL.B)**
**တရားလွှတ်တော်ရှေ့နေ(စဉ်–၃၁၄၈/၃၁–၅–၁၉၈၅)**
**အမှတ်(၂၂)၊ ၀ါးခယ်မလမ်း၊ စမ်းချောင်းမြို့နယ်။ Ph: 09–767772099, 09–76 777 9901, 09–7774597373**

## ကန့်ကွက်နိုင်ပါကြောင်းကြော်ငြာ

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက် အမှတ် (၇)ရပ်ကွက်၊ ဗိုလ်ခန့် (၄)လမ်း၊ မြေကွက်အမှတ် (၃၈၀/က)၏ မြေဧရိယာ (၂၀x၆၀)ပေ၏ မြေကွက်သည် ဆောက်လုပ်ရေး၀န်ကြီးဌာန မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန၏ မြေစာရင်းတွင် ဦးခင်မောင်ဆွေ(J/RGN –၀၂၄၅၄၅)၏ အမည်ဖြင့် မှတ်သားတည်ရှိပြီး အဆိုပါမြေကွက်၏ (၁၀x၆၀)ပေ မြေနှင့် ယင်းမြေကွက်ပေါ်တွင် ဆောက်လုပ်ထားသော အိမ်အပါအ၀င်ကို ဒေါ်မြမြ၀င်း [၁၂/ဥကတ(နိုင်)၀၄၃၀၄၀]မှ တရား၀င်ပိုင်ဆိုင်ပြီး အရှုပ်အရှင်းကင်း၍ ရောင်းချပိုင်ခွင့်ရှိကြောင်း ၀န်ခံကတိပြုပြောဆိုသဖြင့် အဆိုပါအိမ်မြေအား အပြီးအပိုင် လက်ရောက်၀ယ်ယူရန်အတွက် ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်ခင်စန်းရီ [၁၂/ဒဂရ(နိုင်)၀၂၄၄၁၁]က ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါအရောင်းအ၀ယ်အား ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ပိုင်ဆိုင်မှုအထောက်အထားမူရင်းများဖြင့် ကျွန်ုပ်ထံ လာရောက်ကန့်ကွက်နိုင်ပါသည်။ ထိုသတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအ၀ယ်ကိစ္စကို ပြီးဆုံးသည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်စန္ဒာ၀င်း**
**တရားလွှတ်တော်ရှေ့နေ(စဉ်–၁၀၃၃၉)**
**အမှတ်(၁၂/၂၈၃)၊ ဗညားဦးလမ်း၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း– ၀၉–၂၅၂၄၁၀၂၃၀၊ ၀၉–၇၄၀၈၈၆၉၇၇**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၃၇)ရပ်ကွက်၊ စိန္တာမဏိလမ်း၊ အမှတ်(၃၀၀/က) ဟုခေါ်တွင်သော မြေအကျယ် ပေ(၂၀x၆၀) ဂရန်(မူရင်း) မြေနှင့် အိမ်အပါအ၀င် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးသည် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှု မြေယာဌာနရှိ မြို့မြေစာရင်းတွင် ဦးမြင့်သိန်း (MXA–၀၇၂၅၅၅) အမည်ဖြင့် မှတ်သားထားပြီး၊ လက်ရှိပိုင်ဆိုင်ထားသူ ဒေါ်ခင်မြတ်မြတ်စိုး [၁၂/အစန(နိုင်)၁၃၃၆၂၂]မှ မိမိသာလျှင် လက်၀ယ်ပိုင်ဆိုင်ထားပြီး အရှုပ်အရှင်းကင်းကြောင်း၊ ရောင်းချပိုင်ခွင့်ရှိသူဖြစ်ကြောင်း ၀န်ခံပြောဆိုလျက် ရောင်းချရန် ကမ်းလှမ်းချက်အား ကျွန်ုပ်၏မိတ်ဆွေမှ အပြီးအပိုင်၀ယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ ဖော်ပြပါ ကိစ္စနှင့်စပ်လျဉ်း၍ ကန့်ကွက်လိုသူများရှိက ကျွန်ုပ်ထံသို့ တိကျခိုင်လုံသော တရား၀င်စာချုပ်စာတမ်း(မူရင်း) များနှင့်တကွ ယခုကြော်ငြာပါသည့်နေ့မှစ၍ (၁၄)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ ယင်းနေ့ကျော်လွန်ပါက အရောင်းအ၀ယ်ကို ဥပဒေနှင့်အညီ အပြီးဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ –**
**ဒေါ်သင်းသင်း၀ါ (LL.B) အထက်တန်းရှေ့နေ (စဉ် –၅၄၈၂၄)**
**အမှတ်(၆၅၆)၊ ပိတောက်ရွှေ၀ါလမ်း၊ (၄၇)ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်။**
**ဖုန်း– ၀၉–၂၅၃၄၂၃၂၅၅၊ ၀၉–၇၉၇၆၆၆၁၂**

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြော်ငြာခြင်း

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၂၄)၊ လူနေရပ်ကွက်အမှတ် (၁၂၄)၊ မြေကွက်အမှတ် (၄၀)၊ အကျယ်အ၀န်း (၄၀ပေx ၆၀ပေ)ရှိ ဒေါ်စန်းစန်း၀ေ အမည်ပေါက် ပါမစ်မြေကွက်ကြီးအနက်မှ တရား၀င်မခွဲစိတ်ရသေးသော (၂၀ပေx၆၀ပေ)ရှိ မြေကွက်အမှတ်(၃၉)နှင့် ကပ်လျက်ဘက်အခြမ်းမြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို အဆက်စပ်စာချုပ်များဖြင့် ၀ယ်ယူပိုင်ဆိုင်ကြောင်း ၀န်ခံသူ ဒေါ်ဖြိုးဟေမာသက် [၁၂/ဒဂရ(နိုင်)၀၁၃၆၉၁]မှ မိမိသာလျှင် အပြီးအပိုင်လွှဲပြောင်းရောင်းချ ခွင့်ရှိကြောင်း ၀န်ခံလျက် ကျွန်ုပ်မိတ်ဆွေထံ စကားကမ်းလှမ်းရာ ကျွန်ုပ်မိတ်ဆွေက အပြီးအပိုင်၀ယ်ယူရန်အတွက် အရောင်းအ၀ယ်ပြုလုပ်သောတန်ဖိုး၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။ ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ပိုင်ဆိုင်မှုအထောက်အထား (မူရင်း)များဖြင့် ကျွန်ုပ်ထံ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအ၀ယ်ကို ပြီးမြောက်အောင်မြင်သည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

| | |
|---|---|
| **လွှဲအပ်သူ** | **လွှဲအပ်ညွှန်ကြားချက်အရ** |
| **ဒေါ်နီလာဖူး၀ေ** | **ဒေါ်ဖွန်မေအေး (LL.B) တရားလွှတ်တော်ရှေ့နေ (စဉ်–၁၃၆၁၀)** |
| **[၁၄/လပတ(နိုင်)၁၆၀၃၂၄]** | **အမှတ်–၅၀၊ ပထမထပ်၊ အခန်း(စီ–၆)၊ ဘဏ်လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။** |
| | **ဖုန်း– ၀၉–၄၂၀၂၄၄၃၁၆** |

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ရန်ကုန်မြို့၊ မြောက်ဥက္ကလာပမြို့နယ်၊ (၂)ရပ်ကွက်၊ သုဇာတာ (၇)လမ်းနှင့် သုဇာတာလမ်းမကြီးထောင့်၊ မြေကွက်အမှတ် (၈၅၇)၊ အကျယ်အ၀န်း (အလျား ၄၀ ပေ x အနံ ၁၃ပေ ၄ လက်မ)ရှိ ဦးကြည်၀င်း+ ဦးမောင်အေး+ ဦးမောင်မြ+ ဦးလှဆွေ အမည်ပေါက် နှစ်(၆၀)ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ (၂)ထပ်တိုက် အဆောက်အဦအပါအ၀င် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို တရား၀င်ပိုင်ရှင်အဖြစ်ဖြင့် လက်၀ယ်ထားရှိပိုင်ဆိုင်သဖြင့် လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ၀န်ခံကတိပြုသူ ဒေါ်ခင်သိန်းဆွေ [၁၂/ဥကမ(နိုင်)၀၇၁၇၁၂]ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေ ဦးမြတ်မျိုးအေး [၁၂/ဥကမ(နိုင်)၀၀၁၁၇၃]က အပြီးအပိုင်၀ယ်ယူရန် စရန်ငွေအချို့ ပေးချေထားပြီးဖြစ်ပါ၍ ကန့်ကွက်လိုပါက ဤကြေညာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ပိုင်ဆိုင်မှုအထောက်အထား မူရင်းများဖြင့် ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်ပါက အရောင်းအ၀ယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်မည်ဖြစ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**

| | |
|---|---|
| **ဦးအေးမြင့်(LL.B)** | **ဒေါ်စုစုခိုင် (LL.B, LL.M)** |
| **တရားလွှတ်တော်ရှေ့နေ (စဉ်–၉၁၀၃)** | **တရားလွှတ်တော်ရှေ့နေ (စဉ်–၁၂၅၁၉)** |
| **အမှတ်(၂၁)၊ ၄(ဘီ)၊ အောင်သပြေကွန်ဒိုမီနီယံ၊ အောင်သပြေလမ်း၊ ကျွန်းတော (တောင်) ရပ်ကွက်၊ စမ်းချောင်းမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း– ၀၉–၅၀၅၂၇၂၆** | **အမှတ် (၉၉)၊ (၃)ရပ်ကွက်၊ ဗဟိုလမ်း၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း– ၀၉–၉၇၁၈၈၄၁၆၆** |

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ ကျွန်းတောတောင်ရပ်ကွက်၊ ရွှေလ၀င်းလမ်း၊ အမှတ်–၂၁ ဟုခေါ်တွင်သော မြေပေါ်တွင် တည်ဆောက်ထားသည့်တိုက်၏ အပေါ်ဆုံးထပ် (မြေညီထပ်မှစ၍ ရေတွက်လျှင် ခုနစ်ထပ်မြောက် ညာဘက်) အလျား ၅၇ပေ x အနံ ၁၈ပေ အကျယ်ရှိ တိုက်ခန်း၏အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အား ရောင်းချသူ ဒေါ်နန်းဖြူရည်ရည်မွန် [၁၃/ကမန(နိုင်) ၀၆၉၆၄၁]မှ လက်ရှိပိုင်ဆိုင်ကာ အရှုပ်အရှင်းကင်းရှင်းကြောင်း ၀န်ခံသဖြင့် အပြီးအပိုင်လွှဲပြောင်း၀ယ်ယူရန်အတွက် ကျွန်ုပ်၏မိတ်ဆွေများက စရန်ငွေ တစ်စိတ်တစ်ဒေသ ပေးချေပြီးဖြစ်ပါသည်။ သို့ဖြစ်ပါ၍ အဆိုပါကိစ္စရပ်အား ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတောအတွင်း ပိုင်ဆိုင်မှုအထောက်အထားမူရင်းများဖြင့် ကျွန်ုပ်ထံ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကုန်ဆုံးသည့်တိုင် ကန့်ကွက်သူမရှိပါက အရောင်းအ၀ယ်ကို ပြီးမြောက်အောင်မြင်သည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ–**
**ဒေါ်ဘောက်ဂျာ (LL.B, D.B.L, D.I.P.L) (စဉ်–၄၆၀၀၉)**
**အထက်တန်းရှေ့နေ**
**အမှတ်– ၂၄၄/၂၄၅၊ ချယ်ရီလမ်း၊ ပုလဲ(၂)ရပ်ကွက်၊ မင်္ဂလာဒုံမြို့နယ်။**
**ဖုန်း– 09–250763416, 09–767068503**

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၆)၊ ကသစ်လမ်း၊ မြေကွက်အမှတ်(၁၀၂)၊ မြေအကျယ်အ၀န်း (၂၀ပေx၆၀ပေ)၊ မြေကွက်အမှတ်(၁၀၁)နှင့် ကပ်လျက်ဘက်အခြမ်းရှိ မြေချပါမစ်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုမြေယာဌာနရှိ မြို့မြေစာရင်းတွင် **ဒေါ်တင်တင်မြင့် (A/RGN–၀၀၇၁၇၄)** အမည်ဖြင့် အမည်ပေါက်မှတ်သားတည်ရှိပြီး အမည်ပေါက်ထံမှ **ဒေါ်လှလှမြင့် [၁၂/သကတ(နိုင်)၁၀၆၀၅၈]**သည် **“နှစ်ဦးသဘောတူ အဆင့်ဆင့်အဆက်စပ်အရောင်းအ၀ယ် ကတိစာချုပ်များ”**ဖြင့် ၀ယ်ယူပိုင်ဆိုင်ထားပြီး မိမိတစ်ဦးတည်းသာလျှင်တရား၀င်လက်ရှိပိုင်ဆိုင်ကြောင်းနှင့် လွတ်လပ်စွာပြန်လည်လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ၀န်ခံကတိပြု၍ အပြီးအပိုင်လွှဲပြောင်းရောင်းချရန် ကျွန်ုပ်၏မိတ်ဆွေထံသို့ စကားကမ်းလှမ်းရာ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူက အပြီးအပိုင်၀ယ်ယူရန်အတွက် အရောင်းအ၀ယ်ပြုလုပ်သော တန်ဖိုးငွေ၏တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။ သို့ဖြစ်ပါ၍ ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ပိုင်ဆိုင်မှုအထောက်အထား(မူရင်း)များဖြင့် ကျွန်ုပ်ထံ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအ၀ယ်ကို ပြီးမြောက်အောင်မြင်သည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ –**
**ဒေါ်ယဉ်ယဉ်ကြည်(LL.B)**
**တရားလွှတ်တော်ရှေ့နေ (စဉ်–၁၁၄၀၆)**
**အမှတ်(၅၄၄/ခ)၊ သဒ္ဒါလမ်း(၂၀)၊ (၄)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း– ၀၉–၄၃၁၁၄၆၅၄ ၊ ၀၉–၇၉၅၆၀၁၈၆၃၊ ၀၉–၇၉၆၃၀၈၀၁၂**

**သစ်တောမှန်လျှင် အသုံး၀င်၊ အစဉ်ထာ၀ရ ထိန်းသိမ်းကြ**

## ဖခင်အမည်မှန်

ဧရာဝတီတိုင်းဒေသကြီး၊ ပုသိမ်ခရိုင်၊ အ.ထ.က (ချောင်းသာ) Grade-6 မှ မဟန်နီဇင်၏ ဖခင်အမည်မှန်မှာ ဦးမင်းမင်းသိုက် [၈/တတက(နိုင်) ၁၅၅၆၆၅] ဖြစ်ပါကြောင်း။

**ဦးမင်းမင်းသိုက်**

## အမည်ပြောင်း

ရမ်းဗြဲမြို့နယ်၊ လေးတောင်မြို့၊ အမှတ်(၁)ရပ်ကွက်၊ ငှက်ရွှေကုန်းရပ်နေ အဖ ဦးဘတင်၏သား[၁၁/ရဗန(နိုင်)၀၆၁၉၄၆] ကိုကိုင်ဆောင်သူ ဦးမျိုးဇော်အား ဦးသန်းလှိုင် ဟုအမည်ပြောင်းလဲ ခေါ်ဆိုပေးပါရန်။

## ပျောက်ဆုံးကြောင်း

ကျွန်မ မပပစိုး[၇/ဝမန(နိုင်)၁၄၄၈၈၂]၏ ပတ်စ်ပို့နံပါတ် (ME-383903)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

**Ph:09-756116307**

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် ကြေညာခြင်း

ရန်ကုန်မြို့၊ ဒေါပုံမြို့နယ်၊ ကြည်စုရပ်ကွက်၊ ဓမ္မရိပ်သာလမ်း၊ အမှတ်(၄၃၈)ဟုခေါ်သော မြေပေါ်၌ ဆောက်လုပ်ထားသည့် နှစ်ခန်းတွဲ(၆)ထပ်တိုက်ရှိ ဒုတိယထပ်၊ ၃-လွှာ(ခေါင်းရင်းခန်း)၊ အခန်းအမှတ်(A-၃)ဟုခေါ်တွင်သော (အလျား ၄၈ပေ x အနံ ၁၁.၆ပေ)အကျယ်အဝန်းရှိ လူနေတိုက်ခန်းအား ယခုလက်ရှိတရားဝင်ပိုင်ဆိုင်သူ ဦးထွန်းနိုင်ဦး[၁၂/ဥကတ(နိုင်)၀၁၇၈၆၈] ကိုင်ဆောင်သူထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဦးဖြိုးထက်နိုင်[၁၂/ဥကတ(နိုင်)၁၀၄၂၅၀]က အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါ၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသောစာရွက်စာတမ်းမူရင်းများနှင့်တကွ ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ပြီးမြောက်အောင် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်နီလာအေး(LL.B)**
**အထက်တန်းရှေ့နေ(စဉ်-၅၄၅၁၂)**
**ဖုန်း-၀၉-၂၅၀၃၇၁၁၀၉**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ (၁၆၆)ရပ်ကွက်၊ ဒီဇင်ဘာဥယျာဉ်မြို့တော်အိမ်ရာဝင်း၊ မြေကွက်အမှတ် [၁၀၈-(က/ခ)]၊ ဦးသက်လွင်အမည်ပေါက် ပေ(၄၀x၈၀) အကျယ်ရှိ မြေချပါမစ်မြေကွက်(၂)ကွက်အား အမည်ပေါက်ထံမှ(၂-၁၁-၂၀၂၁)ရက်စွဲပါ စာချုပ်ဖြင့် ပိုင်ဆိုင်ထားပြီး ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသူ ဒေါ်ယဉ်ယဉ်သိန်း [၁၂/ဗဟန(နိုင်)၀၀၃၄၃၀]နှင့် ဦးကင်းမိန် [၁၂/ဥကတ(နိုင်)၁၂၉၃၅၉]တို့ထံမှ ကျွန်ုပ်၏မိတ်ဆွေက ဝယ်ယူရန်အတွက် စရန်ငွေပေး ချေထားပြီးဖြစ်ပါသည်။ အရောင်းအဝယ်အား ကန့်ကွက်လိုပါက ကျွန်ုပ်ထံသို့ခိုင်လုံသောစာရွက်စာတမ်း အထောက်အထားမူရင်းများနှင့်တကွဤကြော်ငြာပါသည့်နေ့မှစ၍ (၁၄) ရက်အတွင်း လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်မျိုးမမခင် (LL.B)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၄၀၂၄)**
**အမှတ်(၄၄)၊ အောင်သီရိလမ်း၊ (၁၄၀)ရပ်ကွက်၊**
**ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်။**
**Ph:09-975643348, 09-443043490**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒလမြို့နယ်၊ ညောင်ချောင်းကျေးရွာအုပ်စု၊ ကွင်းအမှတ်-၂၃၁၊ ကွင်းအမည်-ညောင်ချောင်းအရှေ့၊ ဦးပိုင်အမှတ်(N၂)၊ ဧရိယာ(၃.၈၇)ဧကရှိ R-1 လယ်မြေအမျိုးအစားမြေကွက်နှင့် ယင်းလယ်မြေပေါ်ရှိအကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို တရားဝင်အမည်ပေါက်ပိုင်ဆိုင်ပြီး ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသူ ဦးခင်ညို [၁၂/တတန(နိုင်)၀၈၂၉၇၁]ကိုင်ဆောင်သူထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ်ပေးချေထားပြီးဖြစ်ပါသည်။ အထက်ဖော်ပြပါ မြေကွက် အရောင်းအဝယ်ကိစ္စကို မည်သူမဆို ကန့်ကွက်လိုပါက ကျွန်ုပ်ထံသို့ခိုင်လုံသော စာရွက်စာတမ်း အထောက်အထားမူရင်းများဖြင့် ဤကြေညာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ထက်ကျော်လွန်ပါက မြေကွက်အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

**ဒေါ်သီရိလှိုင်လှိုင်၏ လွှဲအပ်ညွှန်ကြားချက်အရ -**
**ဒေါ်ကြည်ကြည်လှိုင် (LL.B)**
**တရားလွှတ်တော်ရှေ့နေ (စဉ် ၁၂၂၀၁ )**
**အမှတ်(၂၃၁)၊ ငုဝါလမ်း၊ စောမြောက်ရပ်ကွက်၊ အလုံမြို့နယ်၊**
**ရန်ကုန်မြို့။ ဖုန်း-၀၉-၇၉၃၅၆၆၃၁၅**

## အများသိစေရန်ကြေညာခြင်း

ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်ဌေးဌေးရင် [၁၄/အဂပ(နိုင်)၁၂၉၆၀၅]၊ အမှတ်(၂၀၄)၊ ၅-လွှာ(ခြေရင်းခန်း)၊ ဝေပုလ္လ(၅)လမ်း၊ (ဃ)ရပ်ကွက်၊ မြောက်ဥက္ကလာပမြို့နယ် နေသူ၏ လွှဲအပ်ညွှန်ကြားချက်များအရ အောက်ပါအတိုင်း အများသိစေရန်ကြေညာအပ်ပါသည်မှာ ကျွန်ုပ်၏မိတ်ဆွေ ဒေါ်ဌေးဌေးရင်သည် ဧရာဝတီတိုင်းဒေသကြီး၊ မြန်အောင်ခရိုင်၊ အင်္ဂပူမြို့နယ်၊ တစ်တီတူးကွင်းကျေးရွာအုပ်စုရှိ ကွင်းအမည်-တစ်တီတူးကွင်း၊ ကွင်းအမှတ်(၅၂၉)၊ ဦးပိုင်လုပ်ကွက်အမှတ်(၃၃/၁၄)ရှိ (၀.၃၁)လယ်ဧက၊ ကွင်းအမည်-ကျိတ်တောကွင်း၊ ကွင်းအမှတ်(၅၃၅)၊ ဦးပိုင်လုပ်ကွက်အမှတ်(၁၃)ရှိ (၇.၄၈)လယ်ဧက၊ ကွင်းအမည်-တစ်တီတူးကွင်း၊ ကွင်းအမှတ်(၅၂၉)၊ ဦးပိုင်လုပ်ကွက်အမှတ်(၅၈)ရှိ (၃.၁၃)လယ်ဧကနှင့် ကွင်းအမည်- တစ်တီတူးကွင်း၊ ကွင်းအမှတ်(၅၂၉)၊ ဦးပိုင်လုပ်ကွက်အမှတ်(၆၉/၁)ရှိ(၄.၂၄)လယ်ဧကတို့အား သက်ဆိုင်ရာ အင်္ဂပူမြို့နယ် လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့မှ ကျွန်မအမည်ဖြင့် ထုတ်ပေးထားသော လယ်ယာမြေပုံစံ-၇ (လယ်ယာမြေလုပ်ကိုင်ခွင့်လက်မှတ်)ဖြင့် ထွန်ယက်စိုက်ပျိုးလုပ်ကိုင်ပိုင်ဆိုင်သည့် လယ်မြေများဖြစ်ပါသည်။ ဖော်ပြပါ ကျွန်မပိုင် လယ်၊ မြေ၊ အိမ်တို့မှာ မည်သူတစ်ဦး တစ်ယောက်မျှ ပိုင်ဆိုင်ခွင့်မရှိဘဲ ကျွန်မတစ်ဦးတည်းသာ ပိုင်ဆိုင်ခြင်းဖြစ်ပြီး ကျွန်မပိုင်ဆိုင်သော လယ်၊ မြေ၊ အိမ်တို့တွင် ကျွန်မ၏ခွင့်ပြုချက်မရှိဘဲ မည်သူတစ်ဦးတစ်ယောက်မျှ ကျူးကျော်ခြင်း၊ လွှဲပြောင်းခြင်း၊ ရောင်းချခြင်းများ မပြုလုပ်ရန်နှင့် ပြုလုပ်ခဲ့ပါက ဥပဒေအရ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

| | |
|---|---|
| **လွှဲအပ်ညွှန်ကြားသူ** | **ဒေါ်ဌေးဌေးရင်၏ လွှဲအပ်ညွှန်ကြားချက်များအရ** |
| **ဒေါ်ဌေးဌေးရင်** | **ဦးထက်နေဝင်း (LL.B)** |
| **[၁၄/အဂပ(နိုင်)၁၂၉၆၀၅]** | **တရားလွှတ်တော်ရှေ့နေ(စဉ်-၈၄၇၁/၂၅-၁၀-၁၂)** |
| | **၁/၅၄၊ မင်းရဲကျော်စွာလမ်း၊ ဝေဘာဂီမြို့သစ်၊** |
| | **မြောက်ဥက္ကလာပမြို့နယ်။ Ph:09-262594135** |

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

မြောက်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၈)၊ မြေကွက်အမှတ်(၁၄၆/က)၊ (၁၂၀၀)စတုရန်းပေ၊ မြေကွက်တည်နေရာအမှတ်(၁၄၆/က)၊ ဝဇီရာ(၅)လမ်း၊ (၈)ရပ်ကွက် ဒေါ်မာမာနီ (N/OKA-018727) အမည်ပေါက် နှစ်(၆၀) ဂရန် မြေအား မြေအမည်ပေါက် ဒေါ်မာမာနီ(ဇနီး)သည် ၂၀-၈-၂၀၁၅ ရက်နေ့တွင် ကွယ်လွန်ခဲ့သဖြင့် ၎င်း၏ခင်ပွန်းဖြစ်သူ ဦးသောင်းထွန်း[၁၂/ဥကမ(နိုင်)၀၀၇၀၅၃]မှ တရားဝင်အမွေဆက်ခံခွင့်ရှိသည့် တစ်ဦးတည်းသော ခင်ပွန်းတော်စပ်ကြောင်း မိမိမှလွဲ၍ အခြားအမွေဆက်ခံခွင့်ရှိသူ တစ်ဦးတစ်ယောက်မျှမရှိကြောင်း၊ အမွေဆက်ခံပိုင်ဆိုင်သည့် ပစ္စည်းများသည် အရှုပ်အရှင်းတစ်စုံတစ်ရာကင်းရှင်းသည့် ပစ္စည်းများဖြစ်ကြောင်း ကျမ်းကျိန်လွှာ အမှတ် ၄၆၅၃/၂၀၂၂/၂၀-၁၂-၂၀၂၂၊ ထောက်ခံကျမ်းကျိန် (၂)စောင်၊ သေစာရင်း၊ အိမ်ထောင်စုစာရင်း၊ နိုင်/ကတ်၊ ဂရန်မူရင်း၊ ဦးသောင်းထွန်းထံမှ အထွေထွေကိုယ်စားလှယ်လွှဲစာအမှတ် ၂၂၈၂၀/၂၀၂၂/၇-၁၂-၂၀၂၂ ဖြင့်ရရှိသူ ဦးမျိုးညွန့် [၅/စကန(နိုင်)၀၂၅၇၁၆] မှ ကိုယ်စားလှယ်လွှဲစာ၊ ပါဝါပေးသူ သက်ရှိထင်ရှားရှိကြောင်း၊ ပါဝါမရုပ်သိမ်းသေးကြောင်းကျမ်းကျိန်လွှာ တို့ပူးတွဲတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်းနှင့် အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန် မြေပုံကူးလျှောက်ထားလာရာ တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍(၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြမြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ဒေါပုံမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၈/ဝါဆို၊ မြေကွက်အမှတ်-၄၀၆/ဧရိယာ (၀.၀၂၈)ဧက၊ မြေကွက်တည်နေရာအမှတ်-၁၇၊ သီရိရတနာလမ်း၊ ဝါဆိုရပ်ကွက်၊ ဒေါပုံမြို့နယ်၊ ဒေါ်ကျင်မြင့်[၁၂/တမန(နိုင်)၀၆၄၇၀၁]အမည်ပေါက် နှစ်(၆၀)ဂရန်မြေအား အမည်ပေါက် ဒေါ်ကျင်မြင့် အပျိုကြီးဘဝဖြင့် ကိတ္တိမသားသမီးများမွေးစားထားခြင်းမရှိဘဲ ကွယ်လွန်ကြောင်း မွေးချင်းအရင်းအဖြစ် ညီမဖြစ်သူ ဒေါ်တင်မျိုးခိုင်တစ်ဦးတည်းသာရှိကြောင်း၊ ညီမဖြစ်သူ ဒေါ်တင်မျိုးခိုင် [၁၂/တမန(နိုင်)၀၈၉၅၀၅]မှ ကွယ်လွန်သူ ဒေါ်ကျင်မြင့်နှင့် ကျွန်မ ဒေါ်တင်မျိုးခိုင်တို့သည် ဖခင်ဖြစ်သူ ဦးဘိုးရွှေနှင့် မိခင်ဖြစ်သူ ဒေါ်ကျင်မွေးတို့မှ မွေးဖွားထွန်းကားသောတစ်အူတုံဆင်းညီအစ်မအရင်းများဖြစ်ကြပါကြောင်း၊ မိဘများတွင် မိမိတို့ညီအစ်မ(၂)ဦးမှလွဲ၍ အခြားသော သားသမီး တစ်ဦးတစ်ယောက်မျှမရှိပါ။ ကိတ္တိမသားသမီးများလည်း မွေးစားထားခဲ့ခြင်းလုံးဝမရှိပါကြောင်း တရားရုံးကျမ်းကျိန်လွှာ၊ ထောက်ခံကျမ်းကျိန်လွှာ(၂)စောင် နှစ်(၆၀)ဂရန်မူရင်း၊ ဒေါ်ကျင်မြင့်၏ သေစာရင်းတို့ တင်ပြ၍ ပိုင်ဆိုင်ကြောင်းစာချုပ်ချုပ်ဆိုရန် မြေပုံကူးလျှောက်ထားလာရာ တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည် ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဌာနမှူး**
**(ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြမြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်**
**သာယာရေးကော်မတီ**

## ကျန်းမာရေးဝန်ကြီးဌာန
## ရန်ကုန်တိုင်းဒေသကြီးကုသရေးဦးစီးဌာန
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ (၂၀၂၃-၂၀၂၄)ဘဏ္ဍာရေးနှစ်တွင် ရန်ကုန်တိုင်းဒေသကြီးကုသရေးဦးစီးဌာနလက်အောက်ရှိ မြို့နယ်ဆေးရုံ/တိုက်နယ်ဆေးရုံများအတွက် လိုအပ်သည့် ဆေးနှင့်ဆေးပစ္စည်းများ ၊ ဓာတ်ခွဲ/ဓာတ်မှန်ပစ္စည်းများအား မြန်မာကျပ်ငွေဖြင့် ဝယ်ယူမည်ဖြစ်ပါသဖြင့် ရောင်းချသူမှ အဆိုပါဆေးရုံများ၏ ဆေးသိုလှောင်ခန်းအရောက် တင်သွင်းပေးပို့ရန်အတွက် လက်ရှိမှတ်ပုံတင်ထားသည့် ကုမ္ပဏီများထံမှ အိတ်ဖွင့်တင်ဒါများ ခေါ်ယူအပ်ပါသည်။

(က) ဆေးဝါးများ
(ခ) ဓာတ်ခွဲခန်းသုံးဆေးပစ္စည်းများ
(ဂ) ဓာတ်မှန်ဖလင်နှင့် ဆေးရည်များ
(ဃ) ဆေးရုံသုံးပစ္စည်းများ(Consumables)

၂။ တင်ဒါပုံစံစတင်ရောင်းချမည့်ရက်- ၃၁-၅-၂၀၂၃(ဗုဒ္ဓဟူးနေ့)
တင်ဒါပိတ်မည့်ရက် - ၃၀-၆-၂၀၂၃(သောကြာနေ့)
မွန်းလွဲ(၁၄:၀၀)နာရီ

၃။ တင်ဒါစည်းမျဉ်းစည်းကမ်းများ၊ ပစ္စည်းများနှင့်ပတ်သက်၍ အသေးစိတ်အချက်အလက်များကို သိရှိလိုပါက အောက်ပါလိပ်စာအတိုင်း ရုံးချိန်အတွင်း လာရောက်စုံစမ်းနိုင်ပါသည်။

**ရန်ကုန်တိုင်းဒေသကြီးကျန်းမာရေးဦးစီးဌာနမှူးရုံး**
**အမှတ်(၅၂၀)၊ အနောက်မြင်းပြိုင်ကွင်းလမ်း၊ ဗဟန်းမြို့နယ်။**
**ဖုန်း(ကုသရေးဦးစီးဌာန)-၀၁-၅၅၈၆၉၇**

## ရန်ကုန်မြို့၊ အင်းစိန်မြို့နယ်၊ ဖော့ကန်ရပ်ကွက်၊ အောင်ဇေယျ(၁)လမ်း၊ အိမ်အမှတ်(က/၁၃၃)၊ အလျား ၄၂ ပေ (အရှေ့) ၊ အလျား ၄၀ ပေ အနောက် x အနံ ၈၀ ပေ (အရှေ့) ၊ အနံ ၈၀ ပေ(အရှေ့) ၊ အနံ ၆၆ ပေ (အနောက်) အကျယ်အဝန်းရှိ မြေနှင့်မြေပေါ်ရှိ လူနေအိမ် (၂)လုံးနှင့်ပတ်သက်၍ ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

အထက်ဖော်ပြပါ မြေနှင့်လူနေအိမ်(၂)လုံးအား လက်ရှိထားပိုင်ဆိုင်သူ ဒေါ်ကျင်စန်း နှင့် ဒေါ်မိုးမိုးလွင်တို့ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်သက်မိုးဝေ၊ [၁၂/အစန(နိုင်)၁၇၁၉၃၂] ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသအား ပေးချေထားပြီးဖြစ်ပါ၍ ယင်းအိမ်ခြံမြေအရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသည့်မည်သူမဆို ဤကြေညာပါသည်နေ့မှစ၍ (၇)ရက်အတွင်း တိကျခိုင်လုံသော ပိုင်ဆိုင်မှုအထောက်အထားမူရင်းများနှင့်အတူ ကျွန်ုပ်ထံသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်အား ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

| | |
|---|---|
| **လွှဲအပ်ညွှန်ကြားသူ -** | **လွှဲအပ်ညွှန်ကြားချက်အရ-** |
| **ဒေါ်သက်မိုးဝေ** | **ဒေါ်ဟေမာသက်(LL.B, D.B.L)** |
| | **အထက်တန်းရှေ့နေ (စဉ်-၄၁၂၀၄)** |
| | **ဖုန်း-၀၉-၉၇၅၀၀၈၄၄၅** |

## (၂၁-၅-၂၀၂၃)ရက်နေ့ထုတ် ကြေးမုံသတင်းစာ (စာမျက်နှာ-၂၈ ကြော်ငြာ)မှ ဒေါ်ဝင်းဝင်းနွယ်(B.A, ECO, HGP) အထက်တန်းရှေ့နေ(စဉ်-၁၁၈၆၉)၏ ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်းနှင့်ပတ်သက်၍ အသိပေး ကြေညာခြင်း

ရန်ကုန်မြို့၊ ဗိုလ်တထောင်မြို့နယ်၊ (၇)ရပ်ကွက်၊ (၄၂)လမ်း၊ အမှတ်(၅၄)နေ၊ ဦးရဲအောင်ကျော်[၁၂/ဗတထ(နိုင်) ၀၀၁၆၄၆]၏ လွှဲအပ်ချက်အရ သဘောရိုးနှင့်အသိပေးကြေညာအပ်သည်မှာ-

အထက်ကြေညာချက်ပါမြေပေါ်တွင် (၁-၄-၂၀၁၉)ရက်နေ့မှစ၍ "ပုလဲကြွယ်စားသောက်ဆိုင်နှင့် Pearl Rose စားသောက်ဆိုင်ဟူသော အမည်ဖြင့် အစုစပ်လုပ်ငန်းလုပ်ကိုင်ရန် သဘောတူကတိစာချုပ်"ဖြင့် အစုဝင်များဖြစ်ကြသည့် (၁)ဦးရန်နိုင်စိုး၊ (၂) ဦးမျိုးထွေး၊ (၃) ဒေါ်အေးအေးခင်၊ (၄)ဦးရဲအောင်ကျော်၊ (၅)ဒေါ်အိအိလွင်တို့ပါဝင်ပြီး ဆောင်ရွက်သော လုပ်ငန်းမှာ ဆောင်ရွက်ဆဲဖြစ်ပါသဖြင့် အစုစပ်လုပ်ငန်းကို စာရင်းရှင်းလင်းညှိနှိုင်းဖျက်သိမ်းခြင်း ပြီးစီးမှသာလျှင် မြေနှင့်အဆောက်အဦ အပြီးသတ်အရောင်းအဝယ်ကိစ္စကို ဆောင်ရွက်ခြင်းပြုပါရန်၊ မြေနှင့်အဆောက်အဦ အရောင်းအဝယ်ကိစ္စ ထိပါးနစ်နာစေခြင်းမပါဝင်ဘဲ သဘောရိုးဖြင့် ကန့်ကွက်အသိပေးကြေညာအပ်ပါသည်။ **လွှဲအပ်ချက်အရ-**

| | |
|---|---|
| **ဦးမြသိန်း(ပုဇွန်တောင်)** | **ဒေါ်စန္ဒာဝင်း(ရွှေပြည်သာ)** |
| **(ဥပဒေတွဲ့)** | **(ဥပဒေတွဲ့)** |
| **(တရားလွှတ်တော်ရှေ့နေ၊ စဉ်-၆၅၁၇)** | **(တရားလွှတ်တော်ရှေ့နေ၊ စဉ်-၁၁၄၅၃)** |

**(ရုံး)အမှတ်-(၁၅၅)(ပထပ်)၊ (၄၆)လမ်း(အထက်)၊ (၁၀)ရပ်ကွက်၊**
**ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့။**
**(ဖုန်း)၀၉-၇၃၁၀၇၀၂၈၊ ၀၉-၄၂၅၀၁၈၀၀၀၊ ၀၉-၄၅၅၁၆၈၄၁၅**

## ဧရာဝတီတိုင်းဒေသကြီး၊ ချောင်းသာမြို့၊ (၂)ရပ်ကွက်၊ ရွာသစ်လမ်းနေ မဖူးငုံခင် [၁၄/ရသယ(နိုင်)၀၁၄၃၈၃]နှင့် အများသိစေရန် ကြေညာခြင်း

ရန်ကုန်မြို့၊ သဃ်န်းကျွန်းမြို့နယ်၊ သုဝဏ္ဏ၊ သံသုမာလမ်းရှိ AIRISU_Japanese_Language_School ၏ လွှဲအပ်ညွှန်ကြားချက်အရ မဖူးငုံခင်နှင့် အများသိစေရန် ကြေညာအပ်ပါသည်။

မဖူးငုံခင် နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ်[၁၄/ရသယ(နိုင်)၀၁၄၃၈၃] ကိုင်ဆောင်သူသည် လူကြီးမင်းအသုံးပြုလျက်ရှိသော Phu Ngon Khin Facebook Account လူမှုကွန်ရက်စာမျက်နှာမှနေ၍ ကျွန်ုပ်၏မိတ်ဆွေ AIRISU_Japanese_Language_Schoolနှင့်ပတ်သက်၍ မမှန်ကန်သောသတင်းများအား ရေးသားဖော်ပြနေကြောင်းကြားသိရပါသည်။ လူကြီးမင်း၏ မမှန်ကန်သော ရေးသားဖော်ပြချက်များကြောင့် AIRISU_Japanese_Language_School ၏ နာမည်ဂုဏ်သတင်းများစွာ ထိခိုက်စေပါသည်။ ထို့ကြောင့် လူကြီးမင်းအနေဖြင့် ထိုသို့ မမှန်ကန်သောသတင်းများအား ရေးသားဖော်ပြနေခြင်းကို ထပ်မံမပြုလုပ်ခြင်းမပြုရန်နှင့် ယခင်က ရေးသားထားသည်များကို အမြန်ဆုံးပယ်ဖျက်ပေးပါရန် အကြောင်းကြားအပ်ပါသည်။ ဤမမှန်ကန်သော သတင်းများကို ထပ်မံရေးသားဖြန့်ဝေခြင်း ပြုလုပ်ပါက မည်သူ့ကိုမဆို တည်ဆဲဥပဒေအရ ထိရောက်စွာအရေးယူသွားမည်ဖြစ်ကြောင်း မဖူးငုံခင်နှင့် အများသိစေရန် ကြေညာအပ်ပါသည်။

**AIRISU_Japanese_Language_School၏ လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ခင်မြတ်မြတ်စန်း(LL.B)**
**အထက်တန်းရှေ့နေ(စဉ်-၄၈၃၈၄)**
**အမှတ်(၉၆/၉၈)၊ ဂန္ဓမာကံမြင့်ကွန်ဒို၊ ၃၇-လမ်း၊ ကုန်သည်လမ်းနှင့် မဟာဗန္ဓုလလမ်းကြား၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။**

## ရန်ကုန်မြို့၊ အင်းစိန်မြို့နယ်၊ မြို့သစ်(ဂ)ရပ်ကွက်၊ ရာကျော်လမ်း၊ အမှတ်(၂/က)၊ ပဉ္စမထပ် (၆)လွှာ၊ အကျယ်အဝန်း (အလျား ၁၉ပေ x အနံ ၅၆ ပေ) ရှိ တိုက်ခန်းနှင့် ယင်းတိုက်ခန်းပေါ်ရှိ အကျိုးခံစားခွင့်အားလုံးနှင့်စပ်လျဉ်း၍ ကန့်ကွက်နိုင်ပါကြောင်း

အဆိုပါတိုက်ခန်းနှင့် ယင်းတိုက်ခန်းပေါ်ရှိအကျိုးခံစားခွင့်အားလုံးကို တရားဝင်လက်ရှိ ပိုင်ဆိုင်ထားသူ ဦးဇော်ဝင်း [၁၂/အစန(နိုင်)၀၂၇၂၇၁] ထံမှ ကျွန်ုပ်၏မိတ်ဆွေ ဦးထက်ကောင်းက ဝယ်ယူရန် ရောင်းဖိုးငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ ကန့်ကွက်လိုသူများ ဤကြေညာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း တိကျခိုင်မာသော (မူရင်း)များနှင့်အတူ ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်စာချုပ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း။ **လွှဲအပ်ညွှန်ကြားချက်အရ-**

**ဦးဇင်လင်းအောင် (LL.B)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၁၇၄၄)**
**Ph:09-986 252 417, 09-400 462 518**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၃၁)၊ ရွှေပေါက်ကံလမ်း၊ မြေကွက်အမှတ်(၅၄၀)၊ အကျယ်အဝန်း (၄၀ပေx ၆၀ပေ)ရှိဒေါ်ခင်ဝင်းကြည် [၁၂/တမန(နိုင်)၀၅၁၃၃၂] အမည်ပေါက် မြေချပါမစ်မြေအမျိုးအစား မြေကွက်နှင့်ယင်းမြေကွက်ပေါ်ရှိအကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့အား ရောင်းချသူ ဦးအောင်ထွန်းဆောင် [၇/ရကန(နိုင်)၀၀၀၀၀၉]မှဆက်စပ်စာချုပ်ဖြင့် ဝယ်ယူလက်ရှိထားပိုင်ဆိုင်ကာ အရှုပ်အရှင်းကင်းရှင်းကြောင်း ပြောဆိုဝန်ခံသဖြင့် အပြီးအပိုင်လွှဲပြောင်းဝယ်ယူရန်အတွက် ကျွန်ုပ်၏မိတ်ဆွေက စရန်ငွေတစ်စိတ်တစ်ဒေသ ပေးချေပြီးဖြစ်ပါသည်။ သို့ဖြစ်ပါ၍ အရောင်းအဝယ်ကိစ္စကို ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၁၄ )ရက်အတွင်း တိကျခိုင်လုံသော စာရွက်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကိုဥပဒေနှင့် အညီ ပြီးဆုံးသည့်တိုင်အောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်မျိုးမမခင် (LL.B)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၄၀၂၄)**
**အမှတ်(၄၄)၊ အောင်သီရိလမ်း၊ (၁၄၀)ရပ်ကွက်၊**
**ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း-၀၉-၉၇၅၆၄၃၃၄၈ ၊ ၀၉-၄၄၃၀၄၃၄၉၀**

## ဒီကရီကို အတည်ပြုရန် အမိန့်မထုတ်သင့်ကြောင်း ထုချေစေရန် အကြောင်းကြားစာ
## (တရားမကျင့်ထုံးဥပဒေအမိန့် - ၂၁၊ နည်းဥပဒေ - ၂၂)
## မရမ်းကုန်းခရိုင်တရားရုံးတော်
## ၂၀၂၂ ခုနှစ်၊ တရားမကြီးမှုအမှတ် - ၈၅၂ နှင့် ဆက်နွှယ်သည့် ၂၀၂၃ ခုနှစ်၊ တရားမဇာရီမှုအမှတ် - ၄၉

| | | |
|---|---|---|
| ဒေါ်သန္တာဝင်း | နှင့် | ဦးရန်အောင်မြတ် |
| **ဒီကရီအနိုင်ရသူ** | | **တရားရှုံး** |

ရန်ကုန်တိုင်းဒေသကြီး၊ ကမာရွတ်မြို့နယ်၊ (၂)ရပ်ကွက်၊ မြကန်သာအိမ်ရာ၊ တိုက် (၃)၊ အခန်း (၁၁) နေ ဦးရန်အောင်မြတ် (ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

၂၀၂၂ ခုနှစ်၊ တရားမကြီးမှုအမှတ်-၈၅၂ တွင် ကျရှိသည့် ဒီကရီကို အတည်ပြုလုပ်ရန် ဤရုံးတော်တွင် တရားနိုင်က လျှောက်ထားသည်ဖြစ်၍ မည်သည့်အကြောင်းကြောင့် အတည်ပြုလုပ်စေရန် အမိန့်ကိုမထုတ်သင့်ကြောင်း အကြောင်းတစ်ခုခုရှိလျှင် ချေဆိုရန် သင်ကိုယ်တိုင်ဖြစ်စေ၊ ရှေ့နေသို့မဟုတ် အခွင့်ရကိုယ်စားလှယ်ဖြင့်ဖြစ်စေ ၂၀၂၃ ခုနှစ်၊ ဇွန်လ ( ၁၂ ) ရက်၊ (၁၃၈၅ ခုနှစ်၊ နယုန်လဆုတ် ၁၀ ရက်) နေ့ မွန်းမတည့်မီ (၁၀) နာရီတွင် ဤရုံးတော်ရှေ့သို့လာရောက်ရမည်။ ၂၀၂၃ ခုနှစ် မေလ (၂၄) ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(ကေသီခိုင်)**
**ဒုတိယခရိုင်တရားသူကြီး(၃)**
**မရမ်းကုန်းခရိုင်တရားရုံး**

## ငြင်းချက်ထုတ်ရန်သမ္မန်စာ
## တရားမကျင့်ထုံးကိုဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀
## မင်္ဂလာဒုံခရိုင်တရားရုံး
## ၂၀၂၃ ခုနှစ်၊ တရားမကြီးမှုအမှတ်-၆၇

| | | |
|---|---|---|
| ၁။ ဦးစိုးမိုးအောင် | နှင့် | ဒေါ်ဝိုင်းကြည် |
| ၂။ ဒေါ်ချို | | |
| **(တရားလိုများ)** | | **(တရားပြိုင်)** |

အမှတ်-၁၅၊ စိန်ပဒေသာ(၄)လမ်း၊ ကုန်းတလဘောင်စံပြကျေးရွာ၊ မင်္ဂလာဒုံမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီးနေ တရားပြိုင် ဒေါ်ဝိုင်းကြည် (ယခုနေရပ်လိပ်စာမသိ)သိစေရမည်။

သင့်အပေါ်၌ တရားလိုက **"မှတ်ပုံတင်စာချုပ်ချုပ်ဆိုပေးစေလိုမှု"** လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့မဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်၊ ရုံးအခွင့်အမိန့်ရရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့် အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ပါ၍ဖြစ်စေ၊ ၂၀၂၃ ခုနှစ်၊ ဇွန်လ(၁၃)ရက်၊ (၁၃၈၅ ခုနှစ်၊ နယုန်လဆုတ် ၁၁ ရက်)နေ့ မွန်းမတည့်မီ ၁၀ နာရီတွင် အထက်ကအမည်ရေးသားပါရှိသူ တရားလိုစွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးသို့လာရောက်ရမည်။ ၎င်းအပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့်နေ့ရက်တွင် သင်မလာရောက်ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာ၌ ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းအပြင် တရားလိုက ကြည့်ရှုလိုသည့် စာရွက်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်ကထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီ (၄)ရက်ကတင်သွင်းရမည်။

၂၀၂၃ ခုနှစ်၊ မေလ (၂၉)ရက်နေ့တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(မို့မို့အေး)**
**တွဲဖက်ခရိုင်တရားသူကြီး**
**မင်္ဂလာဒုံခရိုင်တရားရုံး**

## ဆောက်လုပ်ရေးဝန်ကြီးဌာန
## လမ်းဦးစီးဌာန
## ၂၀၂၃-၂၀၂၄ ဘဏ္ဍာရေးနှစ် ရှမ်းပြည်နယ်(တောင်ပိုင်း)
## ကလောခရိုင်
## Class A လမ်းများပေါ်တွင်ဆောင်ရွက်မည့် လမ်း/တံတားလုပ်ငန်းတင်ဒါခေါ်ယူခြင်း

၁။ လမ်းဦးစီးဌာန၊ ရှမ်းပြည်နယ်(တောင်ပိုင်း)၊ ကလောခရိုင်တွင် ၂၀၂၃-၂၀၂၄ ဘဏ္ဍာရေးနှစ်အတွင်း ပြည်နယ်ရန်ပုံငွေဖြင့် တာဝန်ယူဆောင်ရွက်လျက်ရှိသော Class A လမ်းများပေါ်ရှိ လမ်း/တံတားလုပ်ငန်းများအတွက် လုပ်ငန်းတင်ဒါခေါ်ယူမည်ဖြစ်ပါသည်။

(က) တင်ဒါလျှောက်လွှာပုံစံစတင် ရောင်းချမည့်ရက်/အချိန် — (၁-၆-၂၀၂၃) မှ (၁၂-၆-၂၀၂၃)ရက်အထိ (၉:၃၀)နာရီ (၁၂:၀၀) နာရီ ရုံးချိန်အတွင်း

(ခ) တင်ဒါပုံစံရောင်းချမည့်နေရာ — လက်ထောက်ညွှန်ကြားရေးမှူး (မြို့ပြ)ရုံး ၊ လမ်းဦးစီးဌာန၊ ကလောမြို့။

(ဂ) တင်ဒါလျှောက်လွှာနောက်ဆုံး တင်သွင်းရမည့် ရက်/အချိန် — (၁၃-၆-၂၀၂၃)ရက် (၁၆:၀၀)နာရီ

(ဃ) တင်ဒါဖွင့်လှစ်မည့်ရက်/အချိန် — (၁၄-၆-၂၀၂၃)ရက် နံနက်(၁၀:၀၀)နာရီ

(င) တင်ဒါဖွင့်လှစ်မည့်နေရာ — လက်ထောက်ညွှန်ကြားရေးမှူး (မြို့ပြ)ရုံး၊ လမ်းဦးစီးဌာန၊ ကလောမြို့။

၂။ အသေးစိတ်သိရှိလိုပါက ရှမ်းပြည်နယ်(တောင်ပိုင်း)၊ လမ်းဦးစီးဌာန၊ လက်ထောက်ညွှန်ကြားရေးမှူး(မြို့ပြ)ရုံး၊ ကလောမြို့သို့ ရုံးချိန်အတွင်း ဖုန်း-၀၈၁-၅၀၀၀၅ သို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**တင်ဒါစိစစ်ရွေးချယ်ရေးကော်မတီ**

## E Pay Investments Myanmar LIMITED
## Voluntary Liquidation with the consent of the shareholders

At the Special General Meeting of the Company held on 22 May 2023 at Corner of Bogyoke Road and 27th Street, Level 10,Unit 01-05, Junction City Office Tower, Pabaedan Township, Yangon, Myanmar a Special resolution was passed to place the Company into Voluntary liquidation. For carrying out the liquidation, Daw Thida Cho Win holding NRC number 5/Nga Za Na (Naing) 038662 was appointed as liquidator/ Insolvency Practitioner with effect from 25 May 2023.
We hereby declare that any person owing debts and liabilities to the Company shall claim or pay them from the liquidator by 30 Jun 2023 at the latest.

၂၀၂၃ ခုနှစ်၊ မေလ၊ ၂၂ ရက်နေ့တွင် ၊ ဗိုလ်ချုပ်လမ်းနှင့် ၂၇ လမ်းထောင့်၊ ၁၀ လွှာ၊ ယူနစ်အမှတ် ၀၁-၀၅၊ Junction City Office Tower ၊ ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး တွင်ကျင်းပသည့် အထူးအစည်းအဝေးတွင် ကုမ္ပဏီအားဆန္ဒအလျောက်ဖျက်သိမ်းရန် အထူးဆုံးဖြတ်ချက်ကို အတည်ပြုခဲ့ပါသည်။ ကုမ္ပဏီအားဖျက်သိမ်းမှု လုပ်ငန်းစဉ်များဆောင်ရွက်ရာတွင် နိုင်ငံသားစိစစ်ရေးကတ် ၅/ငဇန (နိုင်)၀၃၈၆၆၂ ကိုင်ဆောင်ထားသော ဒေါ်သီတာချိုဝင်းအား စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ/Insolvency Practitioner အဖြစ်ခန့်အပ်ထားပြီး ၎င်းအားခန့်အပ်မှုသည် ၂၀၂၃ ခုနှစ်၊ မေလ၊ ၂၅ ရက်နေ့မှ စတင်မည်ဖြစ်သည်။

ကုမ္ပဏီသို့ ကြွေးမြီများရှိသည့်မည်သူမဆိုနှင့် ကုမ္ပဏီမှပေးဆပ်ရမည့်အကြွေးများအတွက်ကြွေးရှင်မည်သူမဆို ၂၀၂၃ ခုနှစ်၊ ဇွန်လ၊ ၃၀ရက်နေ့ နောက်ဆုံးထားပြီးစာရင်းရှင်းသူထံသို့ ဆက်သွယ်ရှင်းလင်းဆောင်ရွက်ရမည်ကို အသိပေး ကြေညာအပ်ပါသည်။

**Daw Thida Cho Win**
**Liquidator**
**E Pay Investments Myanmar LIMITED**
**11C, Stadium View Condo, No 250/252, Corner of Bo Min Yaung Rd & Lower Mandalay St, Mingalartaung Nyunt T/S, Yangon.**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန
## မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ၂၀၂၃-၂၀၂၄ ခုနှစ် ဘဏ္ဍာရေးနှစ်တွင် ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန၊ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း ရန်ကုန်တိုင်းဒေသကြီးအတွင်း မြောက်ဥက္ကလာပဝန်ထမ်းအိမ်ရာဝင်း ရေတံခါးတည်ဆောက်ခြင်းလုပ်ငန်းအတွက် မြန်မာကျပ်ငွေဖြင့် အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

| စဉ် | စီမံကိန်းအမည် | တည်နေရာ |
|---|---|---|
| ၁။ | ရန်ကုန်တိုင်းဒေသကြီးမြောက်ဥက္ကလာပဝန်ထမ်းအိမ်ရာဝင်း၊ ရေတံခါးတည်ဆောက်ခြင်း။<br>-ကျောက်ကြီးစီရေတားတမံ=၃၀၈ ပေ<br>-ရေနုတ်မြောင်း+တစ်ဆင့်ခံခြင်းလုပ်ငန်း=၂၀၁၇ ပေ<br>-ရေတံခါး ၂ ခု=(၁၅ပေ x ၆ပေ-၅ပေ x ၆ပေ)<br>-Sump ကျင်း=၂ တွင်း | ရန်ကုန်၊ မြောက်ဥက္ကလာပ |

၂။ တင်ဒါပုံစံတစ်စောင်လျှင် ငွေကျပ်(၃၀၀၀၀ိ/-) နှုန်းဖြင့်(၉-၆-၂၀၂၃) ရက်နေ့တွင် ဝယ်ယူနိုင်ပြီး (၁၀-၇-၂၀၂၃) ရက် ၁၄:၀၀ နာရီတွင် တင်ဒါပိတ်သိမ်းပါမည်။ သတ်မှတ်ထားသည့် အချိန်ထက်ကျော်လွန်ပေးသွင်းသော တင်ဒါများအား လက်ခံမည်မဟုတ်ပါ။

၃။ တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို သိရှိလိုပါက အောက်ပါလိပ်စာတွင် စုံစမ်းနိုင်သည် -

**တင်ဒါကော်မတီ**
**ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန**
**မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း**
**ထောက်ပံ့ရေးဌာနစိတ်၊ စီမံရေးရာဌာန**
**လမ်း(၄၀)ရုံး၊ ပထမထပ်**
**ဖုန်းနံပါတ်-09-450000018**

## E Pay Investments Myanmar LIMITED
## Appointment of the liquidator of the company Pursuant to section 152(a)of the Insolvency Law and Rule 15 of the Insolvency Rules (Members' Voluntary Winding Up)

At the Special General Meeting of the Company held on 22 May 2023 at Corner of Bogyoke Road and 27th Street, Level 10,Unit 01-05, Junction City Office Tower, Pabaedan Township, Yangon, Myanmar a Special resolution was passed to place the Company into Voluntary liquidation. For carrying out the liquidation, Daw Thida Cho Win holding NRC number 5/Nga Za Na (Naing) 038662 was appointed as liquidator/Insolvency Practitioner and the appointment with effect from 25 May 2023.

၂၀၂၃ ခုနှစ်၊ မေလ၊ ၂၂ ရက်နေ့တွင် ဗိုလ်ချုပ်လမ်းနှင့် ၂၇ လမ်းထောင့်၊ ၁၀ လွှာ၊ ယူနစ်အမှတ် ၀၁-၀၅၊ Junction City Office Tower ၊ ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး တွင်ကျင်းပသည့် အထူးအစည်းအဝေးတွင် ကုမ္ပဏီအားဆန္ဒအလျောက်ဖျက်သိမ်းရန် အထူးဆုံးဖြတ်ချက်ကိုအတည်ပြုခဲ့ပါသည်။ ကုမ္ပဏီအား ဖျက်သိမ်းမှု လုပ်ငန်း စဉ်များဆောင်ရွက်ရာတွင် နိုင်ငံသားစိစစ်ရေးကတ် ၅/ငဇန (နိုင်) ၀၃၈၆၆၂ ကိုင်ဆောင်ထားသော ဒေါ်သီတာချိုဝင်းအားစာရင်း ရှင်းလင်းဖျက်သိမ်းရေးအရာရှိ / Insolvency Practitioner အဖြစ် ခန့်အပ်ထားပြီး ၎င်းအားခန့်အပ်မှုသည် ၂၀၂၃ ခုနှစ် ၊ မေလ ၊ ၂၅ ရက် နေ့မှ စတင်မည်ဖြစ်သည်။

**For and on behalf of E Pay Investments Myanmar LIMITED**

MR.ORLANDO BANZON VEA — MR. GODOFREDO JR.DIZON CALICA
MR.PAOLO AZZOLA — MR.KENNETH LEE ORLINA PALACIOS

## စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန
## ပြည်တွင်းအခွန်များဦးစီးဌာန
## အခွန်ထမ်းမှတ်ပုံတင်ခြင်းဆိုင်ရာ လုပ်ငန်းစဉ်များတွင် အီလက်ထရောနစ် အခွန်ထမ်းမှတ်ပုံတင်စနစ်ဖြင့် ပြောင်းလဲကျင့်သုံးသွားမည့် အစီအစဉ်ကို အသိပေးကြေညာခြင်း

၁။ ပြည်တွင်းအခွန်များဦးစီးဌာနအနေဖြင့် အခွန်ထမ်းပြည်သူများအား ပိုမိုထိရောက်ကောင်းမွန်သော အီလက်ထရောနစ် ဝန်ဆောင်မှုစနစ်များပေးနိုင်ရန် အဆင့်လိုက် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာ၌ အခွန်ထမ်းမှတ်ပုံတင်ခြင်းဆိုင်ရာလုပ်ငန်းစဉ်များတွင် လွယ်ကူလျင်မြန်စေရန် ရည်ရွယ်လျက် အီလက်ထရောနစ် အခွန်ထမ်းမှတ်ပုံတင်စနစ် (e-Registration Management System) ကို အကောင်အထည်ဖော် ဆောင်ရွက်ထားရှိပြီးဖြစ်ပါသည်။

၂။ ထိုသို့ အခွန်ထမ်းမှတ်ပုံတင်ခြင်းဆိုင်ရာ လုပ်ငန်းစဉ်များကို အွန်လိုင်းမှတစ်ဆင့်ဆောင်ရွက်နိုင်မည့် အီလက်ထရောနစ် အခွန်ထမ်းမှတ်ပုံတင်စနစ် (e-Registration Management System) ကို **https://eregistration.ird.gov.mm/** မှတစ်ဆင့် စနစ်အသုံးပြုခွင့်အတွက် ဦးစွာ Account Register ပြုလုပ်၍ ဝင်ရောက်အသုံးပြုနိုင်မည်ဖြစ်ပါသည်။

၃။ အီလက်ထရောနစ် အခွန်ထမ်းမှတ်ပုံတင်စနစ် (e-Registration Management System) ကို အသုံးပြုခြင်းအားဖြင့် သက်ဆိုင်ရာအခွန်ရုံးများသို့ လူကိုယ်တိုင်သွားရောက်ရန်မလိုအပ်ဘဲ အင်တာနက် ချိတ်ဆက်ရရှိသည့် မည်သည့်နေရာတွင်မဆို စနစ်မှတစ်ဆင့် အခွန်ထမ်းမှတ်ပုံတင်ခြင်းဆိုင်ရာ ကိစ္စရပ်များကို ဆောင်ရွက်နိုင်သောကြောင့် အချိန်နှင့် ကုန်ကျစရိတ် သက်သာနိုင်ခြင်း၊ အခွန်ရုံးများနှင့် တိုက်ရိုက်ထိတွေ့မှုကို လျှော့ချနိုင်ခြင်းနှင့် ဆောင်ရွက်လိုသည့် လုပ်ငန်းများကို လျင်မြန်စွာဆောင်ရွက်နိုင်ခြင်းစသည့် အကျိုးကျေးဇူးများ ရရှိနိုင်မည် ဖြစ်ပါသည်။

၄။ ပြည်တွင်းအခွန်များဦးစီးဌာနအနေဖြင့် ၂၀၂၃ နှစ်၊ မေလ (၂၃) ရက်နေ့မှစတင်၍ အီလက်ထရောနစ် အခွန်ထမ်းမှတ်ပုံတင်စနစ် (e-Registration Management System) ဖြင့်သာ အခွန်ထမ်း မှတ်ပုံတင်ခြင်းဆိုင်ရာ လုပ်ငန်းစဉ်များကို တစ်ပြေးညီလက်ခံကျင့်သုံး ဆောင်ရွက်သွားမည်ဖြစ်ပါသည်။ သို့ဖြစ်ပါ၍ ကုမ္ပဏီ၊ အဖွဲ့အစည်း၊ အကျိုးအမြတ်မယူသော အဖွဲ့အစည်းများနှင့် တစ်ဦးချင်းပုဂ္ဂိုလ် လုပ်ငန်းရှင်များအနေဖြင့် သတ်မှတ်ပုံစံနှင့်စာရွက်စာတမ်းများကို သက်ဆိုင်ရာ ဌာနခွဲ/အခွန်ရုံးများသို့ လူကိုယ်တိုင်/စာတိုက်/အီးမေးလ်တို့မှ တစ်ဆင့်ပေးပို့၍ အခွန်ထမ်းမှတ်ပုံတင် လျှောက်ထားဆောင်ရွက်နေမှုအစား ၂၀၂၃ ခုနှစ်၊ မေလ (၂၃)ရက်နေ့မှ စတင်၍ အီလက်ထရောနစ် အခွန်ထမ်းမှတ်ပုံတင်စနစ် (e-Registration Management System) ဖြင့်သာ ပြောင်းလဲဆောင်ရွက်ပေးနိုင်ပါရန် မေတ္တာရပ်ခံ ပန်ကြားအပ်ပါသည်။

၅။ အသေးစိတ်အချက်အလက်များကို ပြည်တွင်းအခွန်များဦးစီးဌာန၏ Website ဖြစ်သော www.ird.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ပြီး အခွန်ဆိုင်ရာဝန်ဆောင်မှုဌာနခွဲ၊ ဖုန်းနံပါတ်-၀၁-၈၃၈၉၃၁၁၊ ၀၁-၈၃၈၉၃၂၂၊ ၀၁-၈၃၇၈၃၇၀ နှင့် အီလက်ထရောနစ် ဝန်ဆောင်မှုနည်းပညာပိုင်းဆိုင်ရာ အကူအညီပေးရေးစင်တာ (e-Services Help Desk Center) ဖုန်းနံပါတ် ၀၁-၈၃၇၈၃၇၁၊ ၀၁-၈၃၇၀၁၉၅ နှင့် သက်ဆိုင်ရာအခွန်ရုံးများသို့ ဆက်သွယ်မေးမြန်းစုံစမ်းနိုင်ပါကြောင်း အသိပေးအပ်ပါသည်။

**ပြည်တွင်းအခွန်များဦးစီးဌာန**


**ကိုမိုးဆန်း**
**အိမ်ခြံမြေအကျိုးဆောင်**
ဒဂုံမြို့သစ်အရှေ့ပိုင်း၊
မြောက်ပိုင်း၊တောင်ပိုင်း၊ဆိပ်ကမ်း
ရွှေပေါက်ကံရှိ မြေကွက်များ
ဈေးမှန်ပေးဝယ်သည်။
**09-254493139**
**09-799949106**

**ထွန်းတောက်ကြယ်**
**အိမ်ခြံမြေ အကျိုးဆောင်**
ဒဂုံမြို့သစ်မြောက်ပိုင်း၊ အရှေ့ပိုင်း၊
တောင်ပိုင်း၊ ဆိပ်ကမ်းရှိ
မြေကွက်များ ရောင်း/ဝယ်ရေးကို
ထွန်းတောက်ကြယ် အကျိုးဆောင်မှ
ဆောင်ရွက်ပေးပါသည်။
မိတ်ဆွေတို့ စိတ်တိုင်းကျအောင်ဆောင်ရွက်ပေးပါသည်။
**09-443777598**


## ဦးသန်းဦး[၁၃/တကန(နိုင်)၀၆၇၉၅၇]အား တောင်းပန်ခြင်း

ကျွန်ုပ်၏မိတ်ဆွေ ဦးစိုးမိုးကျော်နှင့် ဒေါ်နွယ်နီဝင်းတို့သည် ဦးသန်းဦး[၁၃/တကန(နိုင်)၀၆၇၉၅၇]မှ မြန်မာနိုင်ငံတွင်ထုတ်လုပ်သော တရားဝင်မှတ်ပုံတင်သွင်း ဖြန့်ဖြူးရောင်းချလျက်ရှိသည့် **"Apple"** ကုန်အမှတ်တံဆိပ်ပါ အမျိုးသားဝတ် အတွင်းခံဘောင်းဘီများကို ဆင်တူယိုးမှား တုပပြုလုပ်ထားသည့် **"Apple"** ကုန်အမှတ်တံဆိပ်အတုအမျိုးသားဝတ် အတွင်းခံဘောင်းဘီများအား ကျွန်ုပ်တို့၏ **"နွယ်နီ & Ever Smile"** အထည်ဆိုင် ရွှေမင်္ဂလာဈေး၊ ဒုတိယထပ်၊ သပြေကုန်းရပ်ကွက်၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့၊ Facebook Page မှသော်လည်းကောင်း၊ ဆိုင်မှသော်လည်းကောင်း လက်ဝယ်ထားရှိ ဖြန့်ဖြူးရောင်းချခဲ့မိပါသည်။ ကျွန်ုပ်တို့သည် မြန်မာနိုင်ငံတွင် ထုတ်လုပ်သော **"Apple"** ကုန်အမှတ်တံဆိပ်မှာ ဦးသန်းဦး တရားဝင်မှတ်ပုံတင်သွင်းထားသည့် ကုန်အမှတ်တံဆိပ်မှန်းမသိရှိဘဲ ရောင်းချခဲ့မိခြင်းဖြစ်ပါသည်။ ထိုသို့ ကျွန်ုပ်တို့မှ **"Apple"** ကုန်အမှတ်တံဆိပ် အတု အမျိုးသားဝတ် အတွင်းခံဘောင်းဘီများကို ဖြန့်ဖြူးရောင်းချခဲ့မိသည့်အတွက် မြန်မာနိုင်ငံတွင် ထုတ်လုပ်သော **"Apple"** ကုန်အမှတ်တံဆိပ် အစစ် ပိုင်ရှင် ဦးသန်းဦးတွင် ထိခိုက်နစ်နာဆုံးရှုံးမှုများဖြစ်ပေါ်စေသဖြင့် နောက်နောင်တွင် ထိုကဲ့သို့ တုပပြုလုပ်ထားသည့် ကုန်ပစ္စည်းများကို ဖြန့်ဖြူးရောင်းချမည်မဟုတ်ပါကြောင်း ဝန်ခံကတိပြု၍ ဦးသန်းဦးအား ဤသတင်းစာမှတစ်ဆင့် အနူးအညွတ်တောင်းပန်အပ်ပါသည်။

**ဦးစိုးမိုးကျော်၊ ဒေါ်နွယ်နီဝင်းတို့၏ လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်တင်တင်ထွေး(LL.B, DBL) (စဉ်-၈၀၁၀)**
**ဒေါ်ကြည်ကြည်လေး(LL.B, DBL) (စဉ်-၇၃၃၃)**
**အမှတ်(၅၀)၊ ပထမထပ်၊ အခန်း(E-1)၊ ဘဏ်လမ်း၊**
**ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၉-၇၇၃၃၆၃၅၇၀**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်မြို့၊ ကမာရွတ်မြို့နယ်၊ ၃ ရပ်ကွက်၊ ရတနာလမ်း၊ အမှတ် ၁၇(C-1) ဒုတိယထပ် (၃ လွှာ) (အလျား ၁၂ ပေ ခွဲ x အနံ ၄၇ပေ) အကျယ်အဝန်းရှိသော တိုက်ခန်းနှင့် ယင်းတိုက်ခန်းပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို တရားဝင်လက်ရှိပိုင်ဆိုင်ထားပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသူ ဒေါ်ကျော့ကျော့ကေခိုင်[၇/ပခန(နိုင်)၃၁၂၁၈၁]က ရောင်းချရန် ကမ်းလှမ်းလာသည့်အတွက် ကျွန်ုပ်၏မိတ်ဆွေများဖြစ်ကြသော (၁) ဦးထွန်းထွန်းဦး[၉/နထက(နိုင်) ၁၂၃၄၇၇]၊ (၂)ဒေါ်ရီရီနွယ်[၉/နထက(နိုင်)၁၂၃၄၆၃]တို့က အပြီးအပိုင်ဝယ်ယူရန်အတွက်တိုက်ခန်းတန်ဖိုး၏ စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါ တိုက်ခန်းအရောင်းအဝယ်ကိစ္စနှင့် ပတ်သက်၍ ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ ခိုင်လုံသည့် ပိုင်ဆိုင်မှုအထောက်အထား စာရွက်စာတမ်းမူရင်းများနှင့်တကွ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မည့်သူမရှိပါက ဥပဒေနှင့်အညီ အရောင်းအဝယ်ကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်အိအိကျော် (LL.B)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၇၉၃၇)**
**(LL.B, D.B.L, D.I.L, D.I.P.L, DL-101), WIPO (Switzerland)**
**အမှတ်- ၉/၁၁၊ မြေညီ၊ ၃၆-လမ်း (အောက်)၊ ကျောက်တံတားမြို့နယ်၊**
**ရန်ကုန်မြို့။ ဖုန်း-၀၉-၂၆၀၃၃၉၅၃၇၊ ၀၉-၄၀၃၁၀၅၀၈၀**

## "ကန့်ကွက်နိုင်ပါသည်"

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၄၁)၊ လူနေရပ်ကွက်အမှတ် (-)၊ မြေကွက်အမှတ်(၁၄၇၁)၊ မြေအကျယ်အဝန်း (၂၄၀၀) စတုရန်းပေ၊ ဧရိယာ (၀. ၀၅၅)ဧကရှိ နှစ်(၆၀)ဂရန်မြေကွက်နှင့် အမှတ် (၁၄၇၁)၊ ဗိုလ်မင်းရောင်လမ်း၊ (၄၁)ရပ်ကွက်ဟုခေါ်တွင်သော မြေကွက်နှင့်အိမ်အပါအဝင် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့အား ဂရန်အမည်ပေါက် ဦးသန်းဋ္ဌေးမောင် [၁၂/ရကန(နိုင်)၀၂၅၆၉၃ နှင့် ဒေါ်ဘေဘီပြုံး (ခ) ဒေါ်လွင်လွင်ပြုံး [၁၂/ရကန (နိုင်) ၀၂၅၁၀၄] ထံမှ အထူးကိုယ်စားလှယ်လွှဲစာအမှတ်(၁၈၀၅၅/၂၀၂၂) ဖြင့် ဝယ်ယူပိုင်ဆိုင်ထားသူ ဦးအောင်လှချစ် [၁၂/တမန(နိုင်)၀၄၉၂၉၈]ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သူက အပြီးအပိုင်ဝယ်ယူရန် စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။ ကန့်ကွက်လိုသူများရှိပါက တရားဝင်ခိုင်လုံသော စာချုပ်စာတမ်းမူရင်းများဖြင့် ဤကြော်ငြာပါသည့်နေ့မှ (၇)ရက်အတွင်း ကျွန်ုပ်ထံလာရောက် ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဦးဘူမောင်(LL.B)(စဉ်-၂၂၇၄၇)** — **ဒေါ်ရွှေစင်ဝင်း(စဉ်-၁၆၇၀၅)**
**(အထက်တန်းရှေ့နေ)** — **(တရားလွှတ်တော်ရှေ့နေ)**
**အမှတ်(၅/၁၁)၊ မြေညီ၊ ဗျိုင်းရေအိုးစင်လမ်း၊ တာမွေမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း-၀၉-၅၁၁၈၀၀၇၊ ၀၉-၅၁၈၃၅၆၉၊ ၀၉-၂၅၄၂၇၈၃၃၆**

## ကန့်ကွက်နိုင်ကြောင်းအများသိစေရန် ကြေညာခြင်း

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ် (၁၃၄)ရပ်ကွက်၊ ဒေသန္တရဆေးရုံလမ်း၊ အမှတ်(၃၃)ဟုခေါ်တွင်သည့် မြေတိုင်း ရပ်ကွက်အမှတ်-(၁၃၄)၊ လူနေရပ်ကွက် (-) မြေကွက်အမှတ်-(၃၃)၊ ဧရိယာ(၀.၀၅၅)ဧကရှိ ပါမစ်မြေအမျိုးအစား မြေကွက်နှင့် ဆက်နွယ်သည့်အကျိုးခံစားခွင့်အရပ်ရပ်တို့မှာ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီမြို့ပြနှင့် မြေစီမံခန့်ခွဲမှုဌာန ရှိ မြို့မြေစာရင်းမှတ်တမ်းတွင် ဒေါ်ယဉ်နွဲ့(ISN-၅၃၇၂၂၀၊ ၁၂/လမန (နိုင်)၀၉၁၄၇၁) အမည်ဖြင့် မှတ်သားတည်ရှိပြီး ဒေါ်ယဉ်နွဲ့ ထံမှစာချုပ်အဆင့်ဆင့်ဖြင့်ဝယ်ယူပိုင်ဆိုင်လက်ဝယ်ရှိသူ ဦးခင်မောင်ကျော်(၉/ညဥန(နိုင်)၁၃၆၄၃၅) မှမိမိဝယ်ယူထားသောမြေကွက်ဖြစ်ကြောင်း၊ရောင်းချပိုင်ခွင့်၊ စီမံခန့်ခွဲပိုင်ခွင့်ရှိကြောင်း၊ အရှုပ်အရှင်းကင်းရှင်းကြောင်းတို့ ဝန်ခံပြောဆို၍ ရောင်းချလိုကြောင်းကမ်းလှမ်းခဲ့ရာ ကျွန်ုပ်၏မိတ်ဆွေမှဝယ်ယူရန်သဘောတူညီသည့်အတွက်ရောင်းကြေးငွေ၏တစ်စိတ်တစ်ဒေသကို(စရန်ငွေ)အဖြစ် ရောင်းချသူထံ ပေးချေထားပြီး ဖြစ်ပါသည်။

အဆိုပါအရောင်းအဝယ်ပြုလုပ်ခြင်းကို ကန့်ကွက်လိုပါက ယနေ့မှစပြီး(၇)ရက်အတွင်းခိုင်လုံသော စာရွက်စာတမ်း၊စာချုပ်စာတမ်းမူရင်း အထောက်အထားများဖြင့်ကျွန်ုပ်ထံသို့လာရောက်ကန့်ကွက်နိုင်ပါသည်၊ကန့်ကွက်မည့်သူမရှိပါကအဆိုပါ အရောင်းအဝယ်ကို ပြီးမြောက်သည်အထိ ဥပဒေနှင့်အညီဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများ သိစေရန်ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဒေါ်ချိုသဲမေ (LL.B, D.B.L)
တရားလွှတ်တော်ရှေ့နေ (စဉ်-၁၂၄၀၇)
ဖုန်း-၀၉-၄၂၁၀၀၇၀၄၉၊ ၀၉-၇၉၉၆၁၅၂၀၃

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာချက်

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၈၀၊ မြေကွက်အမှတ်(၁၃၂၆)၊ နှင်းဆီလမ်း၊ အကျယ်အဝန်း(၄၀ပေ x ၆၀ပေ)၊ ဒေါ်ချိုချို (A/RGN-၀၁၀၉၂၈)အမည်ပေါက်ပါမစ်မြေကွက်ထဲမှတစ်ဝက်တိတိဖြစ်သည့် မြေကွက်အမှတ်(၁၃၂၇) နှင့်ကပ်လျက်ဘက်ခြမ်း အကျယ်အဝန်း(၂၀ပေ x ၆၀ပေ)မြေကွက်နှင့် ပတ်သက်၍အကျိုးခံစားခွင့်အရပ်ရပ်ကို အရပ်ကတိစာချုပ်အဆင့်ဆင့်ဖြင့် ဝယ်ယူပိုင်ဆိုင်ပြီး ရောင်းချပိုင်ခွင့်ရှိကြောင်း အဆိုပြုသူ ဒေါ်နန္ဒာခိုင် [၁၂/ဒဂဆ(နိုင်)၀၁၈၃၉၅]ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဦးရန်နိုင်ဝင်း+၁က အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေပြီးဖြစ်ရာ ဤကြော်ငြာပါသည့်နေ့မှစ၍(၇)ရက်အတွင်း ကျွန်ုပ်ထံသို့ လူကိုယ်တိုင် ပိုင်ဆိုင်မှုမူရင်းနှင့်တကွလာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကိုပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်အိမ့်ဖြူနိုင် (LL.B,D.B.L,DML)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၉၈၇၇)**
**တိုက်(အေ-၂)၊ အခန်း(၀၀၃)၊ မြေညီ၊ ဒဂုံတက္ကသိုလ်ရိပ်မွန်အိမ်ရာ၊ ဒဂုံအရှေ့မြို့နယ်။ ဖုန်း-၀၉-၅၅၀၅၄၈၂၊ ၀၉-၇၆၄၅၀၅၄၈၂**

## ရန်ကုန်မြို့၊ ရွှေပြည်သာမြို့ နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၃၆)၊ လူနေရပ်ကွက် အမှတ်(၁)၊နေမျိုးအနော်ရထာလမ်း၊ မြေကွက်အမှတ်(၃၄၃)၊ အကျယ်ပေ(၆၀x၆၀)ရှိ ဦးမောင်ပု အမည်ပေါက်ထွက်ရှိထားသော နှစ်(၆၀)မြေငှားစာချုပ်(ဂရန်) မြေကွက်နှင့်ပတ်သက်၍ ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာခြင်း

အထက်ဖော်ပြပါ မြေကွက်အား လက်ဝယ်ထားရှိပိုင်ဆိုင်သူ ဦးမောင်ပု [၉/မဟမ(နိုင်)၀၀၆၄၉၆] ကိုင်ဆောင်သူထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်ကြည် (HLG-011476) ကိုင်ဆောင်သူမှ ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသ ပေးချေထားပြီးဖြစ်ပါ၍ ယင်းမြေကွက်နှင့်ပတ်သက်ပြီး ကန့်ကွက်လိုသူမည်သူမဆို ကြေညာချက်ပါသည့်နေ့မှစ၍ (၇)ရက်အတွင်း တိကျခိုင်လုံသောပိုင်ဆိုင်မှု အထောက်အထား စာရွက်စာတမ်း မူရင်းများနှင့်အတူ ကျွန်ုပ်ထံသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်သည်အထိ ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်အားပြီးဆုံးသည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားသူ**
**ဒေါ်ကြည် (HLG-011476)**
**အမှတ်-၃၄၄၊ နေမျိုးအနော်ရထာလမ်း၊ (၁)ရပ်ကွက်၊ ရွှေပြည်သာမြို့နယ်၊ ရန်ကုန်မြို့။**

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဦးစိုးမိုးအောင်(LL.B)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၇၂၅၈)**
**ရှေ့နေများနားနေခန်း၊ ရွှေပြည်သာမြို့နယ်တရားရုံးရှေ့။**
**Ph:09-420168942**

## သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

ရန်ကုန်မြို့၊ လမ်းမတော်မြို့နယ်၊ (၁၁)လမ်း၊ အမှတ်(၇၆)နေ အမိ ဒေါ်ခင်ဖြူ[၁၂/လသန(နိုင်)၀၀၈၈၉၅]တို့၏သား မောင်အောင်နိုင်(ခ) ကောင်းဖူ [၁၂/လသန(နိုင်)၀၀၀၇၁၀]သည် မိဘ၏ ဆိုဆုံးမမှုကို နားမထောင်ဘဲ အကြိမ်ကြိမ်စိတ်ဆင်းရဲအောင်ပြုမူသွားပါသဖြင့် သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်သည်။(နောက်နောင် ၎င်းနှင့်သက်ဆိုင်သည့် ကိစ္စရပ်များအား တာဝန်ယူမည်မဟုတ်ကြောင်း ကြေညာအပ်ပါသည်။)

**ဒေါ်ခင်ဖြူ**

## ရန်ကုန်မြို့၊ ရွှေပြည်သာမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၁၅၊ လူနေရပ်ကွက်အမှတ်-၃၊ သဇင်လမ်း၊ မြေကွက်အမှတ်-၂၂၁၊ အကျယ်ပေ (၄၀x၆၀)ရှိ ဒေါ်သက်ဟေမာဦးအမည်ပေါက် နှစ်(၆၀)ဂရန်ထွက်ရှိထားသောမြေကွက်နှင့်ယင်းမြေကွက်ပေါ်ရှိ (၂)ထပ်တိုက် လူနေအိမ်တို့နှင့်ပတ်သက်၍ ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

အထက်ဖော်ပြပါ အိမ်မြေအား ဂရန်အမည်ပေါက်ပိုင်ရှင် ဒေါ်သက်ဟေမာဦး [၁၂/ပဇတ(နိုင်)၀၂၈၃၇၅]ထံမှ ဝယ်ယူ၍ ရန်ကုန်မြို့ စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၏ အထူးကိုယ်စားလှယ်လွှဲစာအမှတ်-၉၂၄/၂၀၁၈ ဖြင့် မြေကွက်အား လက်ဝယ်ထားရှိပိုင်ဆိုင်သူ ဦးမျိုးကျော်သူ [၁၂/ထတပ(နိုင်)၀၇၂၈၉၆] ထံမှ ဝယ်ယူရန်အတွက် ကျွန်ုပ်မိတ်ဆွေဖြစ်သူမှ စရန်ငွေတစ်စိတ်တစ်ဒေသပေးချေထားပြီး ဖြစ်သောကြောင့် အထက်ဖော်ပြပါအိမ်မြေ၏ ပိုင်ရေးဆိုင်ခွင့်နှင့်ပတ်သက်ပြီး ကန့်ကွက်လိုသူ မည်သူမဆို ယနေ့မှစ၍ (၁၄)ရက်အတွင်းအိမ်မြေပိုင်ဆိုင်မှု အထောက်အထားမူရင်းများနှင့်အတူ ကျွန်ုပ်ထံသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်အား ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်ခင်မာလွင်(LL.B, D.B.L)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၇၆၅၂)၊**
**အမှတ်-၁၁၂၊ ဗိုလ်ချုပ်လမ်း၊ (၅)ရပ်ကွက်၊ ရွှေပြည်သာမြို့နယ်။**
**ဖုန်း-၀၉-၅၁၈၉၆၈၉**

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၂၅)၊ မြစံပယ် (၁)လမ်း၊ မြေကွက်အမှတ် (၂၉၆)၊ အကျယ်အဝန်း (၄၀x ၆၀) ပေ အနက်မှ တရားဝင်မခွဲ မစိတ်ရသေးသော (၂၀ x ၆၀) ပေရှိ ဦးဝင်းလှိုင်အမည်ပေါက် ပါမစ်မူရင်း (ခေါင်းရင်းခြမ်း) မြေကွက်နှင့်ယင်းမြေကွက်ပေါ်တွင်ဆောက်လုပ်ထားသော (၁)ထပ်တိုက် အဆောက်အဦအပါအဝင်အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို အရောင်းအဝယ်ဆက်စပ်စာချုပ်များဖြင့်တရားဝင်ဝယ်ယူထားပြီး ရောင်းချပိုင်ခွင့်ရှိသူ ဦးမြင့်ရီ [၁၄/မမက(နိုင်)၀၁၀၉၉၈] မှ ရောင်းချလိုကြောင်းကမ်းလှမ်းရာ ကျွန်ုပ်၏ မိတ်ဆွေဖြစ်သူက စရန်ငွေတစ်စိတ်တစ်ဒေသပေးချေ၍ဝယ်ယူပြီးဖြစ်ပါသည်။ ကန့်ကွက်လိုပါက သက်ဆိုင်သော စာရွက်စာတမ်းမူရင်းများဖြင့် ဤကြော်ငြာပါပြီး(၇)ရက်အတွင်း ကျွန်ုပ်ထံသို့ ကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်ရန်မရှိပါက ဥပဒေနှင့်အညီ အရောင်းအဝယ်ကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

**(လွှဲအပ်ညွှန်ကြားချက်အရ)**
**ဒေါ်ယုယုနွယ် (LL.B, D.B.L)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၅၅၅၈)**
**အမှတ် (၁၃၂၇/က)၊ အေးရိပ်သာ (၇)လမ်း၊ (၄၃) ရပ်ကွက်၊ ဒဂုံမြို့သစ် (မြောက်ပိုင်း)မြို့နယ်၊ ရန်ကုန်မြို့။ Ph:09-450065273**

## ဦးမြသန်း
## ဒုတိယညွှန်ကြားရေးမှူး၊ အကောက်ခွန်ဦးစီးဌာန
## အသက်(၈၈)နှစ်

ရန်ကုန်မြို့၊ အမှတ်(၄)၊ စိန်ပန်းလမ်း၊ ပြည်ထောင်စုရိပ်မွန်အိမ်ရာ၊ သဃ်န်းကျွန်းမြို့နယ်နေ (ဦးတင်မောင်-ဒေါ်အေးရှင်)တို့၏ သား ၊ ဒေါ်ဝေဝေပြုံး [လက်ထောက်ညွှန်ကြားရေးမှူး (ငြိမ်း)၊ အကောက်ခွန်ဦးစီးဌာန]၏ ခင်ပွန်း၊ (ဦးကျော်ဆန်းတင့်)-ဒေါ်ဥမ္မာသန်း၊ ဦးနိုင်လင်းဆန်း-ဒေါ်သီတာသန်း၊ ဦးစသိမ်နောင်မောင်-ဒေါ်တင်ထားမူတို့၏ ဖခင်၊ မသက်ထားအဥ္ဇလီ၊ မငုဝါကြယ်စင်၊ မစင်သီပုလဲတို့၏ ဘိုးဘိုးကြီးသည် ၂၈-၅-၂၀၂၃ ရက် ညနေ ၆ နာရီတွင် အထက်ပါနေအိမ်၌ (၉၆) ပါးရောဂါဖြင့် ကွယ်လွန်အနိစ္စရောက်သွားပါသဖြင့် ကြွင်းကျန်ရစ်သော ရုပ်ကလာပ်ကို ၃၀-၅-၂၀၂၃(အင်္ဂါနေ့) မွန်းတည့် ၁၂ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

မြောက်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် - ငါ၊ မြေကွက်အမှတ် ၃၅၄/က၊ ၁၂၀၀ စ/ပေ၊ မြေကွက်တည်နေရာအမှတ် (၃၅၄/က)၊ နွယ်နီ(၈)လမ်း၊ (ငါ) ရပ်ကွက်၊ ဦးစောကျော်ဒင် (RGN-020548) အမည်ပေါက် နှစ် (၆၀) ဂရန်မြေအား အမည်ပေါက်တစ်ဦးဖြစ်သူ ဦးစောကျော်ဒင် (ခင်ပွန်း)သည် (၁၆-၁၀-၂၀၁၇) ရက်နေ့တွင် ကွယ်လွန်ခဲ့သဖြင့် ၎င်း၏ဇနီးဖြစ်သူ ကျွန်မ အမည်ပေါက် ဒေါ်နော်ရိုစီ [၁၂/ဥကမ(နိုင်)၀၀၃၇၀၄] မှ တရားဝင်အမွေဆက်ခံခွင့်ရှိသည့် တစ်ဦးတည်းသော ဇနီးတော်စပ်ကြောင်း၊ ခင်ပွန်းဖြစ်သူ၏ ပိုင်ဆိုင်မှုအစုကို မြန်မာ့ဓလေ့ထုံးတမ်း ဥပဒေအရ တရားဝင်အမွေဆက်ခံပိုင်ဆိုင်ကြောင်း ကတိသစ္စာပြုလွှာ ၂၀/၂၀၂၂ (၁၉-၉-၂၀၂၂)၊ ထောက်ခံကျမ်းကျိန် (၂) စောင်၊ သေစာရင်း၊ အိမ်ထောင်စုစာရင်း၊ နိုင်/ကတ်၊ ဂရန်မူရင်းတို့ တင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်းနှင့် အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန် မြေပုံကူးလျှောက်ထားလာရာ တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဌာနမှူး (ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြမြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## အများသိစေရန်ကြေညာချက်

ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ (၂၆)ရပ်ကွက်၊ မြယာမုံစမ်းရိပ်မြိုင်အိမ်ရာ၊ မြေကွက်အမှတ်(၁၃၃)တွင် (၂)ထပ်တိုက် (Pitch Roof )(မိသားစုနေအိမ်)+ရေကူးကန် ဆောက်လုပ်ခွင့်ပြုပါရန် မြေပိုင်ဆိုင်မှုအနေဖြင့် မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန၏ (၃)နှစ်ပါမစ်မြေအမည်ပေါက် ဦးသန်းထွန်း (၇/တငန(နိုင်)၀၆၃၄၁၁) မှ တင်ပြလျှောက်ထားလာခြင်းနှင့်ပတ်သက်၍ ပူးတွဲတင်ပြထားသော မြေပိုင်ဆိုင်မှု (၃)နှစ်သက်တမ်း ပါမစ်မြေအမျိုးအစား အထောက်အထားပါ ဆောက်လုပ်နေထိုင်ခွင့်လက်မှတ်မှာ သက်တမ်းကျော်လွန်နေသဖြင့် အဆောက်အဦဆောက်လုပ်ခွင့် တင်ပြလျှောက်ထားလာခြင်းအပေါ် ကန့်ကွက်ရန်ရှိပါက ခိုင်လုံသော အထောက်အထားများဖြင့် ဤကြေညာချက်ပါရှိသည့်နေ့မှစ၍ ရက်ပေါင်း (၁၅)ရက်အတွင်း လျှောက်ထားကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

အင်ဂျင်နီယာဌာန (အဆောက်အအုံ)
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်မြို့၊ ဒဂုံအရှေ့ပိုင်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၃)၊ ဆည်တော်လမ်း၊ အမှတ်(၁၄၂၇)၊ ပေ(၄၀ x ၆၀)၊ ဒေါ်မြင့်ကြည်အမည်ပေါက် မြေချပါမစ်မူရင်းမှ ခွဲခြမ်းစိတ်ဖြာထားသော (၁၀ x ၆၀)ပေရှိ မြေကွက်နှင့်ယင်းမြေကွက်ပေါ်၌ တွယ်ကပ်တပ်ဆင်ထားသော အကျိုးခံစားခွင့်အရပ်ရပ်ကို ရောင်းချပိုင်ခွင့်ရှိသူဟု အဆိုပြုသူ ဒေါ်တင်တင်ခိုင် [၁၂/ဒဂတ(နိုင်)၀၀၃၀၉၃]ထံမှ ကျွန်ုပ်၏မိတ်ဆွေ ဒေါ်ပပမြိုင်[၉/ခမစ(နိုင်)၀၃၅၈၄၆]မှ အပြီးအပိုင်ဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသအား ပေးချေထားပြီးဖြစ်ပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောစာရွက်စာတမ်းမူရင်းများနှင့်အတူ ဤကြေညာပါသောရက်မှ(၇)ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ဇာခြည်သက်(LL.B)**
**အထက်တန်းရှေ့နေ(စဉ်-၄၈၁၇၈)**
**ဖုန်း-၀၉-၄၄၀၉၈၆၁၄၆**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာခြင်း

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၁၉)၊ မြေကွက်အမှတ်(၇၃၇/က)၊ ဧရိယာ (၀.၀၂၉)ဧက၊ အကျယ်အဝန်း (၂၁ပေx၆၀ပေ)၊ (၁၂၆၀)စတုရန်းပေရှိ နှစ်(၆၀)ဂရန် မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အမှတ် (၇၃၇/က)၊ ပိတောက်ရွှေဝါ(၅)လမ်း၊ (၁၉) ရပ်ကွက်၊ ဒဂုံမြို့သစ် (တောင်ပိုင်း)မြို့နယ်ဟုခေါ်တွင်သော နေအိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို အမည်ပေါက် ဦးမြမောင်ထံမှ အဆက်စပ်စာချုပ်များဖြင့် တရားဝင်ဝယ်ယူပိုင်ဆိုင်ထားပြီး ပြန်လည်လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသူ ဒေါ်ယဉ်ယဉ်အေး [၁၂/ဒဂတ(နိုင်)၀၃၂၂၄၂]ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဦးအောင်သိန်း [၁၄/ဟသတ(နိုင်)၀၅၇၈၄၅]မှ အပြီးအပိုင်ဝယ်ယူရန် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသအား ပေးချေထားပြီးဖြစ်၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၇) ရက်အတွင်း ခိုင်မာသောပိုင်ဆိုင်မှုအထောက်အထား စာရွက်စာတမ်း၊ စာချုပ်စာတမ်းမူရင်းများနှင့်တကွ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်ယုနန္ဒာအောင် (LL.B)**
**အထက်တန်းရှေ့နေ (စဉ်-၅၃၅၁၀)**
**အမှတ် (၈၃)၊ ပထမထပ်၊ ပန်းဆိုးတန်းလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၉-၄၂၅၈၂၅၁၂၉**

## ဒေါ်မြသီတာ
## (Director-Yadanar Moe Co.,Ltd)
## အသက်(၅၆)နှစ်

ရန်ကုန်မြို့၊ သဃ်န်းကျွန်းမြို့နယ်၊ မေခအိမ်ရာ၊ သံလွင်လမ်း၊ အိမ်အမှတ် (A-11)နေ (ဦးမြသောင်း-ဒေါ်ခင်မူမူ)၊ ဦးအုန်း-ဒေါ်ခင်လှမြင့်တို့၏သမီးချွေးမ၊ ဦးလှမိုး[Chairman-Yadanar Moe Co.,Ltd, Myanmar Great Motor Co.,Ltd (Karry Myanmar)]၏ ချစ်လှစွာသောဇနီး၊ မောင်ရာဇာကျော်-မရတနာမိုး၊ မချောစုမိုး၊ မောင်ဟိန်းထက်သောင်းတို့၏ ချစ်လှစွာသောမိခင်၊ မောင်ဘုန်းမိုးသစ်၏အဘွားသည် ၂၉-၅-၂၀၂၃ ရက်(တနင်္လာနေ့) နံနက် ၇:၀၆ နာရီတွင် ၉၆ပါးသောရောဂါဖြင့် ကွယ်လွန်သွားပါသောကြောင့် ၃၁-၅-၂၀၂၃(ဗုဒ္ဓဟူးနေ့) နံနက် ၁၁ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းအား အသိပေးအကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ နံနက် ၉ နာရီတွင် ထွက်ခွာပါမည်။) [ကွယ်လွန်သူအား ရည်စူး၍ ၄-၆-၂၀၂၃ (တနင်္ဂနွေနေ့) နံနက် ၇ နာရီမှ ၁၁ နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေး တရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## ရန်ကုန်မြို့၊ မင်္ဂလာဒုံမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၅၃၂/ဘီ၅ (ပေါင်းကူးဉာဏစီမံချက်)၊ ပေါင်းကူးဉာဏရပ်ကွက်၊ ခိုင်သဇင်လမ်း၊ မြေကွက်အမှတ် ၃၆၇/၇၊ ဧရိယာ(၀.၀၅၄၉)ဧကရှိ ဦးညီညီဇော်အမည်ပေါက် နှစ်(၆၀)ဂရန်ထွက်ရှိထားသော မြေကွက်နှင့်ပတ်သက်၍ ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

အထက်ဖော်ပြပါမြေကွက်အား ဂရန်အမည်ပေါက်ပိုင်ရှင်ဦးညီညီဇော်ထံမှ ဝယ်ယူ၍ ရန်ကုန်မြို့စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၏ အထူးကိုယ်စားလှယ်လွှဲစာအမှတ်-၂၂၆၄၄/၂၀၂၂ဖြင့်မြေကွက်အား လက်ဝယ်ထားရှိပိုင်ဆိုင်သူ ဒေါ်ခင်မေတ္တာလှိုင် [၁၂/မရက(နိုင်)၁၄၀၀၈၄]ထံမှ ဝယ်ယူရန်အတွက် ကျွန်ုပ်မိတ်ဆွေဖြစ်သူ ဒေါ်ခင်စောဝင်း [၁၂/ပဘတ(နိုင်)၀၀၆၆၈၇]ကိုင်ဆောင်သူမှ စရန်ငွေတစ်စိတ်တစ်ဒေသပေးချေထားပြီး ဖြစ်သောကြောင့် အထက်ဖော်ပြပါမြေကွက်၏ ပိုင်ရေးဆိုင်ခွင့်နှင့်ပတ်သက်ပြီး ကန့်ကွက်လိုသူ မည်သူမဆို ယနေ့မှစ၍ (၁၄) ရက်အတွင်းမြေကွက်ပိုင်ဆိုင်မှုအထောက်အထားမူရင်းများနှင့် အတူ ကျွန်ုပ်ထံသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါကြောင်းနှင့်ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်အား ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားသူ**
**ဒေါ်ခင်စောဝင်း**
**[၁၂/ပဘတ(နိုင်)၀၀၆၆၈၇]**
**အမှတ်-၆၃၊ (၄)လွှာ ၊မင်းလမ်း၊ စမ်းချောင်းမြို့နယ်။**

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ခင်မာလွင်(LL.B.,D.B.L)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၇၆၅၂)**
**အမှတ်-၁၁၂၊ ဗိုလ်ချုပ်လမ်း၊ (၅)ရပ်ကွက်၊ ရွှေပြည်သာမြို့နယ်။ ဖုန်း-၀၉-၅၁၈၉၆၈၉**

## နိုင်ငံကူးလက်မှတ် ပျောက်ဆုံးကြောင်း

ဒေါ်မြသန္တာ (ခ) မြင့်မြင့်တင် (အဖ-ဦးတင်လှ)[၁၂/ပဘတ(နိုင်)၀၁၈၂၉၄]ကိုင်ဆောင်သော နိုင်ငံကူးလက်မှတ်(MA 732131)(2014)သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၇၆၅၅၈၉၅၅၈**

## အမည်ပြောင်း

ပုဇွန်တောင်မြို့နယ်ရှိအ.ထ.က(၄)ပုဇွန်တောင်၊ စတုတ္ထတန်းမှ ဦးအောင်အောင်၏သား မောင်ညီဘုန်းထွဋ်အား ယနေ့မှစ၍ မောင်ကျော်ဇင်ဟိန်းဟု ပြောင်းလဲခေါ်ဆိုပါရန်။

**မောင်ကျော်ဇင်ဟိန်း**

## ပျောက်ဆုံးကြောင်း

ဦးအောင်သူရကျော် [၁၂/ရပသ(နိုင်)၀၆၀၇၉၃] ကိုင်ဆောင်သော နိုင်ငံကူးလက်မှတ်(မမှတ်မိ)သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

**Ph:09-420038695**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ ဆရာစံမြောက်/အရှေ့ ရပ်ကွက်၊ မုန်ရဝေလမ်း၊ မြေတိုင်းရပ်ကွက်အမှတ်-၃၅ CG၊ တိုက်အမှတ် (၄)၊ (၆)ထပ်တိုက်အဆောက်အဦ၏ မြေညီထပ်+ထပ်ခိုးပါ ပေ၂၀ x ၄၀ပေ အကျယ်အဝန်းရှိသော တိုက်ခန်း၊ ဦးလှအောင် အမည်ပေါက် နှစ်(၆၀)ဂရန်မူရင်း (မြေပိုင်ဆိုင်မှုအပါအဝင်)ရောင်းချသောတိုက်ခန်းနှင့် ယင်းတိုက်ခန်းရှိရေ၊ မီး၊ မော်တာ အပါအဝင် တွယ်ကပ်ဆက်စပ်နေသော အကျိုးခံစားခွင့်အရပ်ရပ် အားလုံးတို့ကို အမည်ပေါက်ပိုင်ဆိုင်သော မြေရှင်ဖြစ်သူ ဦးလှအောင် [၁၂/ဗဟန(နိုင်)၀၄၂၃၇၅]ထံမှ အပြီးအပိုင် ဝယ်ယူရန်အတွက် ကျွန်ုပ်၏မိတ်ဆွေမှ စရန်ငွေတချို့တစ်ဝက် ပေးချေပြီးဖြစ်ပါသဖြင့် ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း တရားဝင်ခိုင်လုံသော အထောက်အထား စာချုပ်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက ဥပဒေနှင့်အညီ အရောင်းအဝယ်ကို ပြီးမြောက်အောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ **လွှဲအပ်ချက်အရ-**

**ဒေါ်တင်စုဝေ (LL.B,D.B.L,M.B.L,D.M.L)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၀၈၂၈)အမှတ်- ၁၅၀ (၈ဘီ)၊ မိုးမြင့်စံကွန်ဒို၊ ရန်ကုန်-အင်းစိန်လမ်းမ၊ (၂)ရပ်ကွက်၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၉-၉၅၂၆၅၅၆၅၈၊ ၀၉-၄၃၀၈၂၀၀၃၊ ၀၉-၂၆၅၃၈၈၇၅၉**

## ပြင်ဆင်ဖတ်ရှုပါရန်

၂၀-၅-၂၀၂၃ရက်နေ့ကြေးမုံသတင်းစာ၏စာမျက်နှာကြော်ငြာ(၂၅)ကန့်ကွက်နိုင်ကြောင်းကြော်ငြာအမှတ်စဉ်(၈)GPဒေါ်နော်သက်ငုံဖူး၏မြေပုံကူးအရောင်း+မြေကွက်ခွဲ၊မြေတိုင်းတွင်မြေတိုင်း-၄၆နှင့်မြေကွက်လိပ်စာတွင်၃၆၀၊မိုးမခလမ်း၊(၄၆)ရပ်ကွက်ဟုအမှန်ဖတ်ရှုပါရန်။

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၃၇)၊ မြေကွက်အမှတ်(၈၀)၊ မြေအကျယ်အဝန်း(၄၀ပေx၆၀ပေ)ရှိ မြေချပါမစ်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုမြေယာဌာနရှိ မြို့မြေစာရင်းတွင် ဒေါ်တင်ငွေ(AB-၀၀၃၂၄၉) အမည်ဖြင့် အမည်ပေါက်မှတ်သားတည်ရှိပြီး အမည်ပေါက်ထံမှ ဦးဇော်မိုးအောင် [၁၂/သလန(နိုင်)၀၀၀၀၄၇]သည်“နှစ်ဦးသဘောတူ အဆင့်ဆင့်အဆက်စပ် အရောင်းအဝယ်ကတိစာချုပ်များ” ဖြင့်ဝယ်ယူပိုင်ဆိုင်ထားပြီး မိမိတစ်ဦးတည်းသာလျှင် တရားဝင်လက်ရှိပိုင်ဆိုင်ကြောင်းနှင့် လွတ်လပ်စွာ ပြန်လည်လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြု၍ အပြီးအပိုင်လွှဲပြောင်းရောင်းချရန် ကျွန်ုပ်၏မိတ်ဆွေထံသို့ စကားကမ်းလှမ်းရာ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူက အပြီးအပိုင်ဝယ်ယူရန်အတွက် အရောင်းအဝယ် ပြုလုပ်သောတန်ဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီး ဖြစ်ပါသည်။ သို့ဖြစ်ပါ၍ ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ပိုင်ဆိုင်မှုအထောက်အထား (မူရင်း)များဖြင့် ကျွန်ုပ်ထံလာရောက် ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကိုပြီးမြောက်အောင်မြင်သည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**
**ဒေါ်ယဉ်ယဉ်ကြည်(LL.B)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၁၄၀၆)**
**အမှတ်(၅၄၄/ခ)၊ သဒ္ဒါလမ်း(၂၀)၊ (၄)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း-၀၉-၄၃၁၁၄၆၅၄၊ ၀၉-၇၉၅၆၀၁၈၆၃၊ ၀၉-၇၉၆၃၀၈၀၁၂၁**

**မူးယစ်ကိုပစ် ပန်းတိုင်သစ် စိတ်သစ် လူသစ် ဘဝသစ်**

## ဝမ်းနည်းကြေကွဲခြင်း

ပုဂံ၊ ညောင်ဦးမြို့နယ်အသင်းဂုဏ်ထူးဆောင် နာယက ဆရာဦးဘစော အသက်(၉၃)နှစ်သည် ၂၇-၅-၂၀၂၃ရက်တွင် ကွယ်လွန်ကြောင်းကြားသိရသည့်အတွက် မိသားစုနှင့်အတူ ဝမ်းနည်းကြေကွဲရပါသည်။

**အမှုဆောင်အဖွဲ့**
**ပုဂံ၊ ညောင်ဦးမြို့နယ်အသင်း**
**(ရန်ကုန်)**

## ဝမ်းနည်းကြေကွဲခြင်း
### ကပ္ပတိန်ဝင်းအေး
**အသက်(၈၂)နှစ်**

မြန်မာ့ကြယ်ငါးပွင့်သင်္ဘောလုပ်ငန်းကုမ္ပဏီလီမိတက်မှ ရေကြောင်းအရာရှိချုပ်(ငြိမ်း) ကပ္ပတိန်ဝင်းအေး အသက်(၈၂)နှစ်သည် ၂၅-၅-၂၀၂၃(ကြာသပတေးနေ့) ညနေ ၄:၃၅ နာရီတွင် ခရစ်တော်၌ အိပ်ပျော်သွားပါ၍ မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**မန်နေဂျင်းဒါရိုက်တာနှင့်ဝန်ထမ်းမိသားစုများ**
**မြန်မာ့ကြယ်ငါးပွင့်သင်္ဘောလုပ်ငန်းကုမ္ပဏီလီမိတက်**

## ဝမ်းနည်းကြေကွဲခြင်း

ကပ္ပတိန် ဝင်းအေး အသက် (၈၂)နှစ် [ရေကြောင်းအရာရှိချုပ် (ငြိမ်း) မြန်မာ့ကြယ်ငါးပွင့်သင်္ဘောလုပ်ငန်း] သည် ၂၅-၅-၂၀၂၃ ရက်နေ့တွင် ခရစ်တော်၌ အိပ်ပျော်သွားပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါကြောင်း။

**ရေကြောင်းအရာရှိချုပ်နှင့်**
**ရေကြောင်းဌာနမှဝန်ထမ်းများ**
**မြန်မာ့ကြယ်ငါးပွင့်သင်္ဘောလုပ်ငန်း**

## အကောက်ခွန်ဝန်ထမ်းဟောင်းများအသင်း
### ဦးမြသန်း
ဒုတိယညွှန်ကြားရေးမှူး(ငြိမ်း)
**အသက်(၈၈)နှစ်**

ရာသက်ပန်အသင်းဝင်အမှတ် (၆၁၆)၊ ဦးမြသန်းသည် ၂၈-၅-၂၀၂၃ရက်တွင် ကွယ်လွန်သွားပါသဖြင့် ၃၀-၅-၂၀၂၃ရက် မွန်းတည့် ၁၂နာရီတွင် ရေဝေး သုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း အသင်းသူ/အသင်းသား များအား အကြောင်းကြား အပ်ပါသည်။

**အမှုဆောင်အဖွဲ့**

## ထပ်တူဝမ်းနည်းကြေကွဲခြင်း
### ဒေါ်မြသီတာ
**(Director-Yadanar Moe Co., Ltd)**
**အသက်(၅၆)နှစ်**

ရန်ကုန်မြို့၊ သင်္ဃန်းကျွန်းမြို့နယ်၊ မေခအိမ်ရာ၊ သံလွင်လမ်း၊ အိမ်အမှတ်(A-11)နေ (ဦးမြသောင်း-ဒေါ်ခင်မူမူ)၊ ဦးအုန်း-ဒေါ်ခင်လှမြင့် တို့၏သမီးချွေးမ၊ ဦးလှမိုး[Chairman-Yadanar Moe, Myanmar Great Motor Co., Ltd (Karry Myanmar)] ၏ချစ်လှစွာသောဇနီး၊ မောင်ရာဇာကျော်-မရတနာမိုး၊ မချောစုမိုး၊ မောင်ဟိန်းထက်သောင်း တို့၏ချစ်လှစွာသောမိခင်၊ မောင်ဘုန်းမိုးသစ်၏ အဘွားဖြစ်သူသည် ၂၉-၅-၂၀၂၃(တနင်္လာနေ့) နံနက် ၇:၀၆ နာရီတွင် ကွယ်လွန်သွားကြောင်းသိရှိရသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**ဦးဇာနည်မောင်(MD)-ဒေါ်နိုင်ဇင်ထွေး**
**ဦးအောင်အောင်(Director)-ဒေါ်အေးသီတာကျော်**
**Myanmar Great Motor Co., Ltd မိသားစု**

## ထပ်တူဝမ်းနည်းကြေကွဲခြင်း
### ဒေါ်မြသီတာ
**(Director-Yadanar Moe Co., Ltd)**
**အသက်(၅၆)နှစ်**

ရန်ကုန်မြို့၊ သင်္ဃန်းကျွန်းမြို့နယ်၊ မေခအိမ်ရာ၊ သံလွင်လမ်း၊ အိမ်အမှတ်(A-11)နေ (ဦးမြသောင်း-ဒေါ်ခင်မူမူ)၊ ဦးအုန်း-ဒေါ်ခင်လှမြင့် တို့၏သမီးချွေးမ၊ ဦးလှမိုး[Chairman-Yadanar Moe, Myanmar Great Motor Co., Ltd(Karry Myanmar)] ၏ ချစ်လှစွာသောဇနီး၊ မောင်ရာဇာကျော်-မရတနာမိုး၊ မချောစုမိုး၊ မောင်ဟိန်းထက်သောင်းတို့၏ချစ်လှစွာသောမိခင်၊ မောင်ဘုန်းမိုးသစ်၏ အဘွားဖြစ်သူသည် ၂၉-၅-၂၀၂၃ (တနင်္လာနေ့) နံနက် ၇:၀၆ နာရီတွင် ကွယ်လွန်သွားကြောင်းသိရှိရသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်း ကြေကွဲရပါသည်။

**ဦးဇာနည်မောင်(MD)-ဒေါ်နိုင်ဇင်ထွေး**
**Regal Groups of Companies မိသားစု**

## သင့်သွေးဖြင့် အသက်ကယ်ပါ

## (၁၆)နှစ်ပြည့် လွမ်းဆွတ်သတိရအမှျပေးဝေခြင်း
### ဦးမျိုးမြင့်(ပြည်)
**ခရိုင်မီးသတ်တာဝန်ခံ(ငြိမ်း)**

ချစ်သောကျေးဇူးရှင်ဖခင်ကြီး ကွယ်လွန်သည်မှာ ၃၀-၅-၂၀၂၃ ရက်တွင် (၁၆)နှစ်ပြည့်မြောက်ခဲ့ပါပြီ။ ကြီးမားလှသော ဖေကြီး၏မေတ္တာ၊ စေတနာ၊ ကျေးဇူးတရားများကို အစဉ်အောက်မေ့လျက် ဖေကြီးအတွက် ရည်စူး၍ ကုသိုလ်ကောင်းမှုများ ပြုလုပ်ခြင်း၊ မိုခါဆိုင်ကလုန်းကြောင့် မုန်တိုင်းဒဏ်သင့်ပြည်သူများအတွက် ကူညီထောက်ပံ့ပေးရန် ရခိုင်မိသားစု (ဂျီတီအိုင်) အင်ဂျင်နီယာကျောင်းသားဟောင်းများ အသင်းသို့ အလှူငွေများ ပေးအပ်လှူဒါန်းခဲ့မှုတို့အတွက် အမျှပေးဝေပါတယ်။

**ဖေကြီး မြင့်မြတ်သောဘုံဘဝမှ သာဓုခေါ်ဆိုနိုင်ပါစေ...**

**ဖေကြီးကို အစဉ်လွမ်းဆွတ်သတိရအောက်မေ့လျက်**
**ချစ်ဇနီး-ဒေါ်တင်တင်ဝင်း(ခ)ဒေါ်ဘေဘီဦး**
**သမီးကြီး-ဦးလှအောင်-ဒေါ်တင်လေးမြင့်**
**သမီးလတ်-(ဦးသီဟ)-ဒေါ်တင်မိုးမြင့်**
**သမီးငယ်-ဗိုလ်မှူးချုပ်ထွန်းထွန်း-ဒေါ်ပွင့်ပွင့်မျိုး**
**သမီးထွေး-ဦးဇော်မိုး-ဒေါ်ဆင့်ဆင့်မျိုး**
**သားငယ်-ဦးကျော်မျိုးသူ-ဒေါ်သကြ်င်္ဖြိုးနှင့် ချစ်မြေး၊ မြစ်များ**

## (၁၆)နှစ်ပြည့်အောက်မေ့သတိရခြင်း
### ဦးပါစီမောင်မောင်
**ဦးဆောင်ညွှန်ကြားရေးမှူး( ငြိမ်း )**
**မြန်မာ့သင်္ဘောကျင်းလုပ်ငန်း**

အနန္တဂိုဏ်းဝင် ကျေးဇူးရှင်ဆရာ ကွယ်လွန်ခဲ့သည်မှာ ၃၀-၅ -၂၀၂၃ရက်တွင် ( ၁၆ ) နှစ်ပင် ပြည့်ခြားသော်လည်း ဆရာ၏ ပေးဆပ်၍မကုန်သော ကျေးဇူးတရားများအား မိသားစုနှင့်အတူ ထပ်တူထပ်မျှ အောက်မေ့သတိရလျက်ရှိပါသည်။

**ဦးကြည်စိုး - ဒေါ်ကြည်ကြည်လွင်**
**မိသားစု**

## ဝမ်းနည်းကြေကွဲခြင်း
### ဒေါ်သောင်းရွှေ
ကျောင်းအုပ်ဆရာမကြီး(ငြိမ်း)နတ်စင်ကုန်း
**အသက်(၉၈)နှစ်**

သူငယ်ချင်း ဦးအောင်ကျော်မိုး၏ မွေးသမိခင်ကျေးဇူးရှင် မိခင်ဖြစ်သူ ဒေါ်သောင်းရွှေအသက်(၉၈)နှစ်သည် ၂၆-၅-၂၀၂၃ ရက် (သောကြာနေ့)တွင် ကွယ်လွန်သွားကြောင်းသိရှိရသဖြင့် မိသားစုများနှင့်အတူ ဝမ်းနည်းကြေကွဲရပါကြောင်း။

**တေဇ(၁၀)မှ**
**သူငယ်ချင်းများ**

## ဘုရား၊ ရဟန်း၊ ကျောင်း ဒါယိကာမကြီး
### ဒေါ်ခင်ဆွေဝင်း
**အသက်(၇၇)နှစ်**

ရန်ကုန်မြို့၊ မြောက်ဒဂုံမြို့နယ်နေ(ဦးသာထွန်း-ဒေါ်တင်ရှိန်) (ရှိန်ရတနာ)တို့၏သမီးကြီး၊ (ဦးခင်မောင်-ဒေါ်ခင်မြင့်)တို့၏ သမီးချွေးမ၊ [ဗိုလ်မှူးချုပ်တင်လတ်(လေ)]၏ဇနီး၊ ဒေါ်ဝတ်မှုံတင်လတ်-ဦးကျော်စိုးလှိုင်၊ ဦးဝေယံတင်လတ်၊ ဦးအာကာတင်လတ်တို့၏ ချစ်လှစွာသော မွေးသမိခင်၊ (ဦးတင်မောင်ထွန်း)-ဒေါ်ခင်အေးနွဲ့၊ (ဦးနိုင်ထွန်း)-ဒေါ်ရီရီမြင့်၊ ဒေါ်သီတာထွန်း-ဦးအောင်ဝင်း၊ ဒေါ်မာလာထွန်း-ဦးထွန်းထွန်းဦး၊ ဦးကျော်စွာထွန်း-ဒေါ်ဥမ္မာနိုင်၊ တို့၏ အစ်မသည် ၂၉-၅-၂၀၂၃ ရက်(တနင်္လာနေ့) နံနက် ၂:၁၀နာရီတွင် ဝိတိုရိယဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၃၁-၅-၂၀၂၃(ဗုဒ္ဓဟူးနေ့)နံနက် ၁၁နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

## အထူးဝမ်းနည်းကြေကွဲခြင်း

MPRL E&P Pte Ltd. ၏ Head of Corporate Sustainability ဒေါ်ဝတ်မှုံတင်လတ်၏ မိခင်ဖြစ်သူ ဒေါ်ခင်ဆွေဝင်း အသက် (၇၇)နှစ်သည် ၂၉-၅-၂၀၂၃ ရက် (တနင်္လာနေ့) နံနက် ၂:၁၀ နာရီတွင် ကွယ်လွန်ကြောင်း ကြားသိရသည့်အတွက် ကျန်ရစ်သူမိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါကြောင်း။

**CSR & Communications Team**
**MPRL E&P Pte Ltd.**

## အထူးဝမ်းနည်းကြေကွဲခြင်း
### ဒေါ်ခင်ဆွေဝင်း
အသက် (၇၇) နှစ်

ဒေါ်ဝတ်မှုံတင်လတ် (Head of Corporate Sustainability, MPRL E&P) ၏ မိခင်ဖြစ်သူ ဒေါ်ခင်ဆွေဝင်းသည် ၂၉-၅-၂၀၂၃ ရက် (တနင်္လာနေ့) နံနက် ၂:၁၀ နာရီတွင် ရန်ကုန်မြို့ ဝိတိုရိယဆေးရုံ၌ ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်ထပ်တူ အထူးဝမ်းနည်းကြေကွဲရပါသည်။

**MPRL E&P Pte Ltd.**
**မိသားစု**

## ဘုရား၊ ရဟန်း၊ ကျောင်း ဒါယကာကြီး
### ဦးခင်ကြည်
**Chief Officer (ပုလဲနှင့်ငါး)**
**2nd Mate(R.C.L Shipping Line)**
**အသက်(၇၇)နှစ်**

ဧရာဝတီတိုင်းဒေသကြီး၊ ဟင်္သာတမြို့နယ်၊ တလုတ္တော်မြို့နေ (ဦးအောင်သိန်း-ဒေါ်မြမေ)တို့၏သားငယ်၊ မန္တလေးမြို့နေ(ဦးကိုကိုကြီး-ဒေါ်လှခင်)တို့၏ သားသမက်၊ ရန်ကုန်မြို့နေ (ဦးမြင့်သိန်း-ဒေါ်လှရီ)တို့၏ ညီ၊ ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ တာမွေကြီး (က+ဂ)ရပ်ကွက်၊တော်ဝင်မင်္ဂလာအိမ်ရာ၊ ၁၅၄ လမ်း၊ တိုက်(၈)၊ အခန်း(၀၀၄)နေ ဒေါ်သန်းထိုက်(ခ) ဒေါ်ခင်သန်းထိုက်မြိုင်၏ ချစ်လှစွာသောခင်ပွန်း၊ ကိုမြိုင်သန်းတိုးဦး-မစန္ဒာအေး၊ ကိုမြိုင်သန်းတင်ဦး-မသိမ့်သိမ့်သူ၊ မခင်ချောစုမြိုင်၊ မခင်စောယုမြိုင်-ကိုသန်းထွန်းအေး၊ မခင်ချစ်စုမြိုင်-ကိုကျော်ဇင်ဦး၊ ကိုမြိုင်ငြိမ်းထွေးဦး-မအိမွန်ကျော်တို့၏ ချစ်လှစွာသော ဖခင်ကြီး၊ မြေးခြောက်ယောက်တို့၏ ချစ်လှစွာသော ဘိုးဘိုးကြီးသည် ၂၈-၅-၂၀၂၃ရက်(တနင်္ဂနွေနေ့)မွန်းလွဲ ၁:၅၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁-၆-၂၀၂၃ရက်(ကြာသပတေးနေ့)နံနက် ၁၀ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အသိပေးအကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ နံနက် ၈:၃၀ နာရီတွင်ထွက်ခွာပါမည်။) [ကွယ်လွန်သူအား ရည်စူး၍ ၃-၆-၂၀၂၃(စနေနေ့) နံနက် ၇ နာရီတွင် ရက်လည်ဆွမ်းကျွေး တရားတော်နာကြွရောက်ပါ ရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## ဘုရား၊ ရဟန်း ကျောင်းဒါယကာကြီး
### ဦးကံမြင့်
**အသက်(၆၇)နှစ်**

ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ မြို့မရပ်ကွက်၊ ဗဟန်း(၃)လမ်း၊ အမှတ်-၃၁/ဘီ-၃နေ (ဦးအောင်လှ-ဒေါ်ကြီးမေ)တို့၏သား၊ (ဦးကျော်ကျော်ဦး)-ဒေါ်ဆွေဆွေမြင့်၊ ကိုဇင်မျိုးအောင်-ဒေါ်ဖြူသီ၊ဦးသက်ထွန်း-ဒေါ်ဆုမြတ်မွန်၊ မသက်နှင်းဆုတို့၏ ဖခင်၊ မဟန်နွယ်စိုး၊ မဂျူးဂျူးစံ၊ မအိမြတ်ဖူးငုံ၊ မောင်ကောင်းဆက်သီဟတို့၏ အဘိုး၊ (ဒေါ်ကျင်လှိုင်)၏ ခင်ပွန်း၊ ဦးကံမြင့်(ဌာနမှူး-ငြိမ်း၊ ရွှေတိဂုံစေတီတော်ဂေါပကအဖွဲ့ရုံး)သည် ၂၈-၅-၂၀၂၃(တနင်္ဂနွေနေ့) ည ၉ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၃၀-၅-၂၀၂၃(အင်္ဂါနေ့) မွန်းလွဲ ၁ နာရီတွင် ရေဝေးသုသာန်သို့ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား ညှိုးငယ်စွာဖြင့်အသိပေးအပ်ပါသည်။ [ကွယ်လွန်သူအားရည်စူး၍ ၃-၆-၂၀၂၃ (စနေနေ့) တွင် ရက်လည်ဆွမ်းကျွေးမည်ဖြစ်ပါသောကြောင့် ကြွရောက်ပါရန် လေးစားစွာဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ ကန် ဒါယကာကြီး
### ဦးဆွေလွင်(ခ)ဦးအောင်မျိုးဆွေ (BCSC.Com)
### ကံဦးဆယ်တော်နန်းထိန်း
**အသက်(၃၈)နှစ်**

မန္တလေးမြို့၊ ချမ်းအေးသာစံမြို့နယ်၊ ပြည်ကြီးမျက်ရှင်ရပ်ကွက်၊ (၆၂)လမ်း၊ (၃၂)လမ်းထောင့်နေ ဦးဘသန်း-ဒေါ်တင်လှတို့၏ သားကြီး၊ ကိုအောင်မျိုးသန်းထွန်း-မအိမွန်သန်းတို့၏ အစ်ကိုကြီး၊ မောင်သော်တာရှိုင်းအောင်၏ ဦးလေးဖြစ်သူ ဦးဆွေလွင်(ခ)ဦးအောင်မျိုးဆွေသည် ၂၈-၅-၂၀၂၃(တနင်္ဂနွေနေ့) ည ၈:၃၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၃၀-၅-၂၀၂၃(အင်္ဂါနေ့) မွန်းလွဲ ၁ နာရီတွင် အေးရိပ်ငြိမ်သုသာန်သို့ ပို့ဆောင် မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြား အပ်ပါသည်။

ကျန်ရစ်သူမိသားစု

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

သာကေတမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၁/အနော်မာ၊ မြေကွက်အမှတ် ၃၆၁/က၊ ဧရိယာ ၂၀'x၆၀'၊ မြေကွက်တည်နေရာ အမှတ် ၃၆၁/က၊ အနော်မာ(၉)လမ်း၊ အနောက် ၁ရပ်ကွက်၊ သာကေတ (ဒေါ်ခင်တင့် CG.၀၆၂၉၉၅) အမည်ပေါက် နှစ်(၆၀)မြေငှားစာချုပ်(ဂရန်)မြေအား မြေအမည်ပေါက် (မိခင်) ဒေါ်ခင်တင့် (ဖခင်) ဦးကြည်တို့ ကွယ်လွန်သဖြင့် သမီးဖြစ်သူ ဒေါ်ဝေဝေလွင် [၁၂/သကတ(နိုင်)၀၃၅၂၃၇] မှ ကွယ်လွန်သူ မိဘများတွင် မိမိတစ်ဦးတည်းသာ မွေးဖွားထွန်းကားခဲ့ကြောင်း အခြားသော သား/သမီး မွေးချင်းတစ်ဦးမှမရှိပါကြောင်း၊ ကိတ္တိမသားသမီးများလည်း မွေးစားထားခြင်း လုံးဝမရှိကြောင်း တရားဝင် အမွေဆက်ခံပိုင်ဆိုင်ကြောင်း၊ အခြားသောအမွေဆက်ခံခွင့်ရှိသူ တစ်ဦးတစ်ယောက်မျှမရှိကြောင်း တရားရုံးကျမ်းကျိန်လွှာ၊ ထောက်ခံကျမ်းကျိန်လွှာ၊ ဂရန်၊ အိမ်ထောင်စုလူဦးရေစာရင်း၊ နိုင်ငံသားစိစစ်ရေးကတ်၊ (မိခင်) ဒေါ်ခင်တင့်နှင့် (ဖခင်)ဦးကြည်တို့၏ သေဆုံးမှုလတ်မှတ်တို့ တင်ပြ၍ ပိုင်ဆိုင်ကြောင်းစာချုပ်ချုပ်ဆိုရန် မြေပုံကူးလျှောက်ထားလာရာ တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်း ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဌာနမှူး (ဒုတိယ ညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြမြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## ညအချိန် အိပ်နေချိန်တွင် လျှပ်စစ်မီးများ ပိတ်ထားခြင်းဖြင့် လျှပ်စစ်ကို နေ့စဉ် ချွေတာသင့်ပါသည်

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက်(၁၂)ရပ်

၁။ **နိုင်ငံရေး**

(က) စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို တရားမျှတမှုအပြည့်ကျင့်သုံးပြီး ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး။

(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA)ပါအတိုင်း အလေးထားလုပ်ဆောင်ရေး။

(ဂ) လွတ်လပ်၍တက်ကြွပြီး ဘက်မလိုက်သော နိုင်ငံခြားရေးမူဝါဒကိုကျင့်သုံးပြီး နိုင်ငံများအကြား ငြိမ်းချမ်းစွာအတူယှဉ်တွဲနေထိုင်ရေး"မူ"ကို ဆက်လက်လိုက်နာကျင့်သုံးရေး။

(ဃ) ပြည်ထောင်စုတစ်ဝန်း တည်ငြိမ်အေးချမ်းရေး၊ တရားဥပဒေစိုးမိုးရေးနှင့် လမ်းပန်းဆက်သွယ်မှု လုံခြုံချောမွေ့စေရေး။

၂။ **စီးပွားရေး**

(က) စိုက်ပျိုးရေးနှင့် မွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်မှု ခေတ်မီနည်းစနစ်များဖြင့် ပိုမိုဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။

(ခ) ဈေးကွက်စီးပွားရေးစနစ် တည်ငြိမ်အောင်ဖော်ဆောင်ပြီး နိုင်ငံတကာရင်းနှီးမြှုပ်နှံမှုများကို ဖိတ်ခေါ်၍ တိုင်းရင်းသားပြည်သူတစ်ရပ်လုံး၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။

(ဂ) သွင်းကုန်အစားထိုးရန်နှင့် ပို့ကုန်မြှင့်တင်နိုင်ရေး ဒေသထွက်ကုန်ကြမ်းများကို အခြေခံသည့် အသေးစား၊ အငယ်စား၊ အလတ်စား စီးပွားရေးလုပ်ငန်း(MSME)များကို ရေရှည်အာမခံချက်ရှိအောင် အားပေးကူညီပြီး နိုင်ငံတော်၏ ထုတ်ကုန်များစွာထုတ်လုပ်နိုင်သည့် အလုပ်အကိုင် အခွင့်အလမ်းများ ဆောင်ရွက်ဖော်ဆောင်ရေး။

(ဃ) တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက် ပြည်သူ့လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ရေး။

၃။ **လူမှုရေး**

(က) စစ်မှန်သောမျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ် ရှင်သန်ထက်မြက်ရေး။

(ခ) တိုင်းရင်းသားလူမျိုးအပေါင်းတို့၏ ဓလေ့ထုံးတမ်းအစဉ်အလာများကို လေးစားလိုက်နာပြီး အမျိုးသားရေးစိတ်ဓာတ်ကို အခြေခံသည့် ကိုးကွယ်ယုံကြည်မှု၊ ယဉ်ကျေးမှု၊ အမျိုးသားရေးစရိုက်လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး။

(ဂ) နိုင်ငံ၏ အခြေခံကျန်းမာရေးစောင့်ရှောက်မှုကို ပိုမိုခိုင်မာအောင်တည်ဆောက်၍ တစ်မျိုးသားလုံး သက်ရှည်ကျန်းမာသည့် ကျန်းမာရေးစနစ်ဖြစ်ပေါ်လာရေး။

(ဃ) ခေတ်မီဖွံ့ဖြိုးတိုးတက်သော ဒီမိုကရေစီနိုင်ငံတော် တည်ဆောက်ရေးအတွက် လိုအပ်သည့် လူ့စွမ်းအားအရင်းအမြစ်များ မွေးထုတ်နိုင်ရန် ဘက်စုံပညာရေးကဏ္ဍမြှင့်တင်ရေး။

❖ MSME **လုပ်ငန်းတွင် ကဏ္ဍလေးခုရှိ ....**

❖ **ထုတ်လုပ်ခြင်း၊ ရောင်းဝယ်ခြင်း၊ ဝန်ဆောင်မှုပြုလုပ်ခြင်းနှင့် အခြားလုပ်ငန်းရပ်များပင်ဖြစ်....**

❖ **ထုတ်လုပ်မှုမရှိနိုင်ဘဲနှင့် ရောင်းဝယ်မှုမရှိနိုင်၊ ရောင်းဝယ်မှုမရှိပါက ဝန်ဆောင်မှုလည်းမရှိနိုင်....**

❖ **ထို့ကြောင့် ကုန်ထုတ်လုပ်မှုလုပ်ငန်းသည် အရေးကြီး လိုအပ်ချက်ပင်ဖြစ်....**

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ ၂၀၂၂ ခုနှစ်၊ နိုဝင်ဘာလ ၁၁ ရက်နေ့တွင်ပြုလုပ်သော နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအစည်းအဝေး (၉/၂၀၂၂) တွင် အမှာစကားပြောကြားမှုမှ ကောက်နုတ်ချက်)

# သဘာဝဘေးအန္တရာယ်ကျရောက်သောဒေသများတွင် တပ်မတော်မှ ကူညီကယ်ဆယ်ရေးအဖွဲ့များက ကူညီကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ပူးပေါင်းပါဝင် ဆောင်ရွက်ပေးလျက်ရှိ



နေပြည်တော် မေ ၂၉

သဘာဝဘေးအန္တရာယ်ကျရောက်ခဲ့ရသည့် ဒေသများတွင် လိုအပ်သည့် ကူညီကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ကူညီဆောင်ရွက်ပေးနိုင်ရေးအတွက် တပ်မတော်မှ ကြိုတင်စုဖွဲ့စေလွှတ်ထားသည့် ကူညီကယ်ဆယ်ရေးအဖွဲ့များသည် နယ်မြေခံလုံခြုံရေးတပ်ဖွဲ့ဝင်များ၊ လူမှုကယ်ဆယ်ရေးအဖွဲ့များနှင့် ပူးပေါင်း၍ သက်ဆိုင်ရာဒေသများတွင် အင်တိုက်အားတိုက် ကူညီဆောင်ရွက်ပေးလျက်ရှိသည်။

**သောက်သုံးရေများ ဖြန့်ဝေ**

ထိုသို့ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင် ပုဏ္ဏားကျွန်းမြို့၌ ရောက်ရှိအခြေပြုလျက်ရှိသည့် ကူညီကယ်ဆယ်ရေးအဖွဲ့များသည် ရွာဟောင်းကျေးရွာနှင့် အလယ်စုကျေးရွာအား သောက်သုံးရေများ ဖြန့်ဝေပေးခြင်းများကို ဆောင်ရွက်ပေးလျက်ရှိသည်။

အလားတူ ကျောက်တော်မြို့သို့ရောက်ရှိနေသော ကူညီကယ်ဆယ်ရေးအဖွဲ့များသည် စစ်တွေမြို့မှ ရောက်ရှိလာသော ပြန်လည်တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်ရန် ထောက်ပံ့ပစ္စည်းများနှင့် စားသောက်ဖွယ်ရာများ သယ်ယူပို့ဆောင်ပေးလျက်ရှိသည်။

**စာမျက်နှာ ၁၅ ကော်လံ ၃ သို့** ❂

**ယနေ့** ဖတ်စရာ

**တူကီယဲနိုင်ငံ သမ္မတရွေးကောက်ပွဲတွင် လက်ရှိသမ္မတ အာဒိုဂန်အနိုင်ရရှိ**

စာမျက်နှာ » ၁၃

**ရေးမြို့မှ မော်လမြိုင်မြို့သို့ မောင်းနှင်လာသည့် မော်တော်ယာဉ်နှစ်စီးအား KNLA တပ်မဟာ(၆)မှ အကြမ်းဖက်မှုကိုလိုလားသူများနှင့် PDF အမည်ခံ အကြမ်းဖက်သမားများက လက်နက်ငယ်များဖြင့် ပစ်ခတ်၍ မီးရှို့ဖျက်ဆီး**

စာမျက်နှာ » ၁၇

# အာဆီယံ ယူ-၂၃ ပြိုင်ပွဲတွင် မြန်မာအသင်း အုပ်စု(က)တွင် ကျရောက်

ရန်ကုန် မေ ၂၉

၂၀၂၃ အာဆီယံ ယူ-၂၃ ချန်ပီယံရှစ်ပြိုင်ပွဲ အုပ်စုမဲခွဲပွဲ အခမ်းအနားကို မေ ၂၉ ရက်က စင်ကာပူနိုင်ငံ၌ကျင်းပရာ မြန်မာအသင်းသည် အုပ်စု(က)တွင် ကျရောက်ခဲ့သည်။

ယင်းပြိုင်ပွဲတွင် စင်ကာပူအသင်းမှလွဲ၍ အရှေ့တောင်အာရှ ၁၀ နိုင်ငံ ဝင်ရောက်ယှဉ်ပြိုင်မည်ဖြစ်ပြီး အုပ်စုသုံးခုခွဲ၍ ကျင်းပမည်ဖြစ်သည်။ အုပ်စုခွဲဝေထားမှုအရ အုပ်စု(က)တွင် ထိုင်း၊ ကမ္ဘောဒီးယား၊ ဘရူနိုင်း၊ မြန်မာ၊ အုပ်စု(ခ)တွင် တီမော၊ မလေးရှား၊ အင်ဒိုနီးရှား၊ အုပ်စု (ဂ)တွင် ဗီယက်နမ်၊ ဖိလစ်ပိုင်နှင့် လာအိုအသင်းတို့ ကျရောက်နေသည်။ **စာမျက်နှာ ၁၅ ကော်လံ ၃ သို့** ○

